ကြေးမုံ
The Mirror
၁၃၆၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်၊ သောကြာနေ့၊ (25-2-2005) (၄၅၂၀)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကူဝိတ်နိုင်ငံ အမျိုးသားနေ့တွင် သဝဏ်လွှာပေးပို့

ရန်ကုန်　ဖေဖော်ဝါရီ　၂၅

၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကူဝိတ်နိုင်ငံ၏အကြီးအကဲ ရှိတ် ဂျာဘား အယ်လ်အာမက် အယ်လ်ဆားဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဆည်ရေကို အပြည့်အဝ အသုံးချနိုင်ရေး

မည်သည့်ဒေသ၊ မည်သည့်မြို့နယ်များ၌ မိုးအားကောင်းလျှင် ဆည်ရေမည်မျှဝင်သည်ကို အသေးစိတ် မှတ်တမ်းမှတ်ရာများထား၍ လေ့လာစိစစ်။

ဆည်အတွင်း ရေဝင်ကောင်းပြီး ရေသိုလှောင်မှု အားကောင်းနေပါက စိုက်ပျိုးရေကို မျှော်မှန်းထားသည့်အတိုင်း ပေးဝေနိုင်မှာ ဖြစ်သကဲ့သို့ ရေအားလျှပ်စစ်ကိုလည်း အပြည့်အဝ ထုတ်သွားနိုင်မည်။

ရေလှောင်တမံကြီး ရေရှည်တည်တံ့ရေးနှင့် ဆည်ရေကို အပြည့်အဝ အသုံးချနိုင်ရေးအတွက် လိုအပ်သည်များကို အသေးစိတ်ညှိနှိုင်းဆောင်ရွက်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး သဖန်းဆိပ်ရေလှောင်တမံ ပင်မရေပိုလွှဲကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

တွက်ချက်ခန့်မှန်းထားသော ရေသောက်ဧရိယာအတိုင်း စိုက်ပျိုးရေပေးဝေနိုင်ရန်လို ဆည်အတွင်း နှစ်စဉ်ရေဝင်ကောင်းစေရန် ရေဝေရေလဲဒေသများ၌ သစ်တောများထိန်းသိမ်း

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး သဖန်းဆိပ်ရေလှောင်တမံ ကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန်　ဖေဖော်ဝါရီ　၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် သဖန်းဆိပ်ကျေးရွာအနီး တည်ဆောက်ထားသည့် သဖန်းဆိပ် ရေလှောင်တမံ ပင်မရေပိုလွှဲကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၅-၂-၂၀၀၅
(သောကြာနေ့)

ဒေသတွင်း ငြိမ်းချမ်းတည်ငြိမ် သာယာဝပြောရေး မြန်မာနှင့်အာဆီယံနိုင်ငံများ လက်တွဲပူးပေါင်းဆောင်ရွက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတမဒမ်ဂလိုရီယာမာဂါပါဂဲလ်အာရိုယို၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်သမ္မတနိုင်ငံသို့ အဖွဲ့ဝင်များလိုက်ပါလျက် ဖေဖော်ဝါရီလ ၂၀ ရက်နေ့မှ ၂၁ ရက်နေ့အထိ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဖိလစ်ပိုင်သမ္မတနိုင်ငံချစ်ကြည်ရေးခရီးစဉ်အတွင်း ဖိလစ်ပိုင် သမ္မတမဒမ်ဂလိုရီယာမာဂါပါဂဲလ်အာရိုယိုနှင့် တွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့သည်။

ဖိလစ်ပိုင်သမ္မတနိုင်ငံ မနီလာမြို့တွင် ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတမဒမ်ဂလိုရီယာမာဂါပါဂဲလ်အာရိုယိုက ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် မလာကန်ညန်နန်းတော်၌ ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အဆိုပါဂုဏ်ပြုနေ့လယ်စာစားပွဲသို့ သမ္မတဟောင်းမစ္စတာ ဖီဒယ်လ်ဗွီရားမိုစ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ ဆီးနိတ်လွှတ်တော်ဥက္ကဋ္ဌ၊ အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ၊ ဖိလစ်ပိုင်–မြန်မာစီးပွားရေးကောင်စီအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မိန့်ခွန်းပြောကြားရာတွင် **ကျွန်တော်တို့ဟာ အာဆီယံအဖွဲ့ကြီးနဲ့ အဖွဲ့ကြီးရဲ့ ဒေသတွင်းစည်းလုံးရေးနဲ့ စီးပွားရေးပေါင်းစည်းရေးတွေကို များစွာအလေးထားပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့အနေနဲ့ ဖိလစ်ပိုင်နိုင်ငံကို အရေးပါတဲ့ မိတ်ဆွေလို့ သဘောထားပါတယ်။ ကျွန်တော်တို့အနေနဲ့ နှစ်နိုင်ငံချင်းဆောင်ရွက်သလို အာဆီယံရဲ့ မူဘောင်အတွင်းမှာ အတူပူးပေါင်းဆောင်ရွက်ကြရင်းနဲ့ ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ သာယာဝပြောရေးအတွက် အထောက်အကူပြုနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်** ဟူ၍ ပြောကြားခဲ့သည်။

ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတမဒမ်ဂလိုရီယာမာဂါပါဂဲလ်အာရိုယိုက မိန့်ခွန်းပြောကြားရာတွင် **ယခုကဲ့သို့ ဝန်ကြီးချုပ်အနေဖြင့် အိမ်နီးချင်း အာဆီယံနိုင်ငံ တစ်နိုင်ငံချင်းဆီသို့ သွားရောက်၍ အပြုသဘောဆောင်သည့် ဆက်ဆံရေးကို ဆွေးနွေးတည်ဆောက်နိုင်ရန် စီစဉ်ခဲ့တဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူပါတယ်။ ယခုကဲ့သို့ ဆောင်ရွက်ရန် စတင်လိုက်ခြင်းဟာ ဒေသဆိုင်ရာနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းတို့နဲ့ ထိတွေ့ဆက်ဆံသွားမယ်ဆိုတဲ့ လေးနက်တဲ့ဝတ္တရားကို ဆောင်ရွက်သွားရန် အသိအမှတ်ပြုသည်ကို ထင်ဟပ်ဖော်ဆောင်လျက်ရှိပါတယ်** ဟူ၍ ပြောကြားခဲ့သည်။

မြန်မာနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ၁၉၅၆ ခုနှစ်တွင် စတင်တည်ထောင်နိုင်ခဲ့ပြီး နှစ်နိုင်ငံ အပြန်အလှန်လေးစားမှု၊ စိတ်ကောင်းစေတနာထားရှိမှု၊ နားလည်မှုများကို အခြေခံ၍ အစဉ်အလာအရ ချစ်ခင်ရင်းနှီးမှုကို ထိန်းသိမ်းမြှင့်တင်လာနိုင်ခဲ့ပေသည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၇ ခုနှစ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာရာ အာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည့် ဖိလစ်ပိုင်နိုင်ငံနှင့် နှစ်နိုင်ငံဆက်ဆံရေးများ ပိုမိုတိုးတက် ကျယ်ပြန့်လာလျက်ရှိသည်။

ထို့အပြင် ဖိလစ်ပိုင်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးအခြေအနေအပေါ် နားလည်ပေးမှု၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ၌ပါ မြန်မာနိုင်ငံဘက်က ရပ်တည်ပေးလျက်ရှိရာ နှစ်နိုင်ငံအကြား အစဉ်အလာအရ ချစ်ကြည်ရင်းနှီးမှုကိုအရင်းခံ၍ စီးပွားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများတွင် ပိုမိုမြှင့်တင်ရန် အလားအလာကောင်းမွန်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဖိလစ်ပိုင်သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်သည် မြန်မာ–ဖိလစ်ပိုင် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုထိန်းသိမ်းမြှင့်တင်နိုင်ပြီး ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့အတွက် မြန်မာနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား လက်တွဲပူးပေါင်းဆောင်ရွက်မှုကို များစွာအထောက်အကူပြုနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပွန်ချောင်း–ကောင်ဆိုင်းရထားလမ်းပိုင်း ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း စစ်ဆေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် အောင်မင်း ပွန်ချောင်း–ကောင်ဆိုင်းလမ်းပိုင်း၊ ချိုင်းအမှတ်၈၆(၃၀၀)ပွန်ချောင်းနှင့် ဘန်းကျောက်ကြား တပ်မတော်သားများ သံလမ်းခင်းနေမှုကိုကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါ၍ ဖေဖော်ဝါရီ ၁၈ ရက် ညနေပိုင်းတွင် ရွှေညောင်–နမ့်စန်ရထားလမ်း ပွန်ချောင်း–ကောင်ဆိုင်းလမ်းပိုင်း ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းသို့ရောက်ရှိရာ စီမံကိန်းရှင်းလင်းဆောင်၌ မိုင်းနောင်တပ်နယ်မှ ဗိုလ်မှူးချုပ်သောင်းအေးက လုပ်ငန်းလျာထားချက်၊ လုပ်ငန်းပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကိုလည်းကောင်း စီမံကိန်းဒါရိုက်တာ ဦးတင်စိုးက လုပ်ငန်းလိုအပ်ချက်များကိုလည်းကောင်း တင်ပြရာ ဒုတိယဝန်ကြီး ဦးဖေသန်းက လုပ်ငန်းလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး အစီအမံများကို တင်ပြသည်။

ယင်းနောက်ဝန်ကြီးက စက်ယန္တရားများ မပြတ်မွမ်းမံပြီး စွမ်းအားပြည့်အသုံးပြုနိုင်ရေး၊ စဉ်ဆက်မပြတ် လုပ်ငန်းတိုးတက်မှုရှိစေရေး၊ စက်သုံးဆီအလေအလွင့်မရှိအောင် တာဝန်ရှိသူများက စိစစ်ကြပ်မတ်ရေး၊ ယခုဖောက်လုပ်နေသော ပွန်ချောင်း–ကောင်ဆိုင်းလမ်းပိုင်းကို ဖွန်လမတိုင်မီ ဖွင့်လှစ်နိုင်အောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ရေးတို့ကိုမှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၉ရက်တွင် ပွန်ချောင်း–ကောင်ဆိုင်းလမ်းပိုင်းတစ်လျှောက်၌ ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် နမ့်မဟိတ်ချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ပွန်ချောင်း – ကောင်ဆိုင်းလမ်းပိုင်းသည် ရွှေညောင်–နမ့်စန်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းတွင် နောက်ဆုံးဖွင့်လှစ်ရန် ကျန်ရှိသော အပိုင်းဖြစ်ပြီး၎င်းလမ်းပိုင်း ဖွင့်လှစ်ပြီးစီးပါက ရွှေညောင်မှ တောင်ကြီး၊ ဆိုက်ခေါင်၊ ပွန်ချောင်း၊ ကောင်ဆိုင်း၊ နမ့်စန်အထိ ရထားဖြင့် သွားလာနိုင်မည်ဖြစ်ရာ သတ်မှတ်ချိန်အတိုင်း ပြီးစီးဖွင့်လှစ်နိုင်ရေးအတွက် မြန်မာ့မီးရထားမှ ဝန်ထမ်းများ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးဉာဏ်ဝင်း ကူဝိတ်နိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၂၅

၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၂၅ရက်တွင် ကျရောက်သော ကူဝိတ်နိုင်ငံ၏အမျိုးသားနေ့တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ကူဝိတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ မိုဟာမက်ဆာဘား အယ်လ်ဆာလမ်း အယ်လ်ဆားဘားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် ကြက်ခြေနီတပ်ရင်းက ကြီးမှူးဖွင့်လှစ်သည့် အခြေခံပညာအထက်တန်းကျောင်းများ ရှေ့ဦးသူနာပြုစုခြင်း သာမန်သင်တန်း ၁/၂၀၀၄သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၁၀ရက်ကကျင်းပရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အမှုဆောင် ညွှန်ကြားရေးမှူး ဦးအောင်သန်းက ဆေးသေတ္တာများကို ပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးချစ်ကိုကိုနှင့် အဖွဲ့ဝင်များက လက်ခံရယူစဉ်။

(၃၁၄)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အမ်၊ မိုရှက်ခန်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး အလည်အပတ်ထွက်ခွာသွားသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့အား ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး မစ္စတာ အေ၊ ဘီ၊ မန်ဂျူး ရာဟင်မ်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်အတူ အဖွဲ့ဝင်များအဖြစ် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ယုတို့ လိုက်ပါသွားကြသည်။ (သတင်းစဉ်)

✧ ကျောဖုံးမှ

သရော ပါဝင်ဆောင်ရွက်မှုတို့ကြောင့် ချောမော အောင်မြင်လျက်ရှိကြောင်း။

ညီလာခံကြီးတွင် ညီလာခံကိုယ်စားလှယ်များက ညီလာခံကိစ္စများကို အလေးထားစိတ်ပါဝင်စားပြီး အားတက်သရောပါဝင်ဆွေးနွေးပုံ၊ ညီလာခံကိုယ်စားလှယ်များအတွက် ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ပေးမှုကြောင့် ညီလာခံကိုယ်စားလှယ်များ စိတ်ချမ်းမြေ့စွာ လှုပ်ရှားဆောင်ရွက်နေကြပုံ စသည်တို့ကို ပြည်သူများက သတင်းပြန်ကြားရေး လုပ်ငန်းများမှ တစ်ဆင့် တွေ့မြင် သိရှိကြရသဖြင့် အားရ ကျေနပ်ဝမ်းသာလျက်ရှိကြကြောင်း။

တင်ပြခဲ့ပြီးဖြစ်

ယခုပြန်လည်ကျင်းပနေသည့် အမျိုးသားညီလာခံတွင် လုပ်ငန်းပိုင်းနှင့်

အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှု ကော်မတီတို့၏ လုပ်ငန်း ညှိနှိုင်း အစည်းအဝေး အမှတ်စဉ် (၄/၂၀၀၅) တွင် ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

ပတ်သက်၍ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရန် ညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို သဘာပတိအဖွဲ့က ကောက်နုတ် စုစည်းပြီး ညီလာခံကိုယ်စားလှယ်စုံညီအစည်းအဝေးတွင် သုံးရက်တိုင် ဖတ်ကြားတင်ပြခဲ့ပြီး ဖြစ်ကြောင်း။

ယင်းအကြံပြုတင်ပြချက်များတွင် ကောင်းမွန်သင့်မြတ်သည့် အကြံပြုချက်များကို ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းတွင် အသေးစိတ်အခြေခံရမည့်မူများချမှတ်ရာ၌ ညီလာခံကိုယ်စားလှယ်များ၏ သဘောထားများကို တတ်နိုင်သမျှ ညီညွတ်စေရန် အစုအဖွဲ့များထံမှ အတည်ပြုသဘောထားများရယူသွားကြရန်ဖြစ်ကြောင်း။

ဆွေးနွေးညှိနှိုင်းမည်

အကြံပြုတင်ပြချက်များအပေါ် အစုအဖွဲ့၏ တူညီသည့် သဘောထားများ ရရှိသည့်အခါ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများကို ညီလာခံစုံညီအစည်းအဝေးက အတည်ပြုချမှတ်ရန်ဖြစ်ကြောင်း၊ ၎င်းနောက် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများရရှိအောင် ဆက်လက် ဆွေးနွေး ညှိနှိုင်းကြမည်ဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီးကို ကဏ္ဍတစ်ခုပြီးတစ်ခု ချောချောမောမောဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရန်မှာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး၊ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှု ကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၄/၂၀၀၅)တွင် ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

မတီတို့၏ ကြိုးပမ်းဆောင်ရွက်မှုများ၊ ညီလာခံ ကိုယ်စားလှယ်ကြီးများ၏ စည်းလုံးညီညွတ်စွာပူးပေါင်းဆောင်ရွက်မှုအပေါ်တွင် များစွာမူတည်နေကြောင်း။

အဖျက်အမှောင့်များကျော်လွှား

ပြည်တွင်းပြည်ပမှ ဆန့်ကျင်ဘက် အဖျက်သမားများ၏ ညီလာခံပျက်စီးအောင်၊ အခက်အခဲဖြစ်အောင် အဖျက်အမှောင့်ဆောင်ရွက်မှုများကို အသိတရားလက်ကိုင်ထားပြီး မိမိတို့၏ ဇွဲ၊လုံ့လ၊ဝီရိယ၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်တို့ဖြင့် ပေါင်းစည်းပြီး အောင်မြင်စွာ ကျော်လွှားသွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းများကို ပြီးမြောက်အောင်မြင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး



အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီ တို့၏ လုပ်ငန်း ညှိနှိုင်း အစည်း အဝေး အမှတ်စဉ် (၄/၂၀၀၅)တွင်အခမ်းအနားမှူး အဖြစ် အမျိုးသားညီလာခံကျင်းပရေးကော်မတီ တွဲဖက်အတွင်းရေးမှူး(၂)ဦးမြင့်သိန်း ဆောင်ရွက်စဉ်။
(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်က ဆောင်ရွက်လျက်ရှိသော အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့အလိုက် အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းမှု၊ ညီလာခံကိုယ်စားလှယ်များအား ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု၊ ညီလာခံကိုယ်စားလှယ် မှတ်တမ်းစာအုပ် ထုတ်ဝေရေးကိစ္စနှင့် အခြားအထွေထွေကိစ္စများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးက နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ၏ ရှင်းလင်းတင်ပြချက်အပေါ် အမျိုးသားညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့များ၏ အကြံပြုတင်ပြချက် စာတမ်းများကို စုစည်း၍ အမျိုးသားညီလာခံ အစည်းအဝေး၌ ပြန်လည်တင်ပြခြင်းနှင့် ယင်းတို့ကို ညီလာခံကိုယ်စားလှယ်အစုအဖွဲ့များက အစုအဖွဲ့အလိုက်

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊တရားသူကြီးချုပ် ဦးအောင်တိုး အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်၊ လုပ်ငန်း ကော်မတီနှင့် စီမံခန့်ခွဲမှု ကော်မတီ တို့၏ လုပ်ငန်း ညှိနှိုင်း အစည်းအဝေး အမှတ်စဉ် (၄/၂၀၀၅) တွင် ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ပြန်လည်ညှိနှိုင်းဆွေးနွေးနေမှု အခြေအနေများကိုလည်းကောင်း၊ လုပ်ငန်းကော်မတီ၏ ဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ညီလာခံ ကိုယ်စားလှယ်များအား ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေး အစီအစဉ်များ ဆောင်ရွက်ပေးနေမှု အခြေအနေ၊ ညီလာခံကိုယ်စားလှယ်များ၏ ကျန်းမာရေးပြုစုစောင့်ရှောက်မှုပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက်အစည်းအဝေးတက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။ ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည် ဆွေးနွေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။
(သတင်းစဉ်)

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့နှင့်ပြည်နယ်/ တိုင်းများမှစာတမ်းပြုစုမည့် ကိုယ်စားလှယ်များ ညှိနှိုင်းဆွေးနွေးပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

အမျိုးသားညီလာခံ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘာပတိအဖွဲ့နှင့် ပြည်နယ်နှင့်တိုင်း ၁၄ခုတို့မှ စာတမ်းပြုစုကြမည့် ကိုယ်စားလှယ် ၁၄ဦး တို့၏ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီနှင့် သဘာပတိအဖွဲ့ဝင်များတွေ့ဆုံညှိနှိုင်းရာတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ သဘောထားတင်ပြချက်စာတမ်းပြုစုရန် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၃)၌ ဆက်လက်ကျင်းပသည်။

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့နှင့် ပြည်နယ်နှင့် တိုင်းများမှ စာတမ်းပြုစုမည့် ကိုယ်စားလှယ်များ ညှိနှိုင်းဆွေးနွေးပွဲကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၃)၌ ဆက်လက်ကျင်းပစဉ်။ (သတင်းစဉ်)

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့၏ သဘာပတိအဖွဲ့ဝင်များနှင့် ပြည်နယ်နှင့်တိုင်းများမှ စာတမ်းပြုစုရေးကိုယ်စားလှယ် ၁၄ ဦးတို့ တက်ရောက်ကြသည်။

ညှိနှိုင်းဆွေးနွေးပွဲတွင် သဘာပတိအဖြစ် မန္တလေးတိုင်းမှ ဦးမြစိန်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဦးဒူးဝါးဇုတ်ဒေါင်နှင့် တနင်္သာရီတိုင်းမှ ဦးမောင်လှ(ခေါ်)ဦးလှမြင့်တို့ကဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦးက လည်းကောင်း ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိ မန္တလေးတိုင်းမှ ဦးမြစိန်က အမှာကားပြောကြားသည်။

ထို့နောက် ပြည်နယ်နှင့်တိုင်း ၁၄ခုတို့မှ ညီလာခံ ကိုယ်စားလှယ်များက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမည့်မူများချမှတ်နိုင်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီနှင့် သဘာပတိအဖွဲ့ဝင်များတွေ့ဆုံညှိနှိုင်းရာတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များနှင့် စပ်လျဉ်း၍ ထပ်မံအကြံပြုရန်တွေ့ရှိချက်အချို့အပေါ် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ကိုယ်စားလှယ်များအားလုံးက သဘောတူညီကြသည့် ကိစ္စနှင့်ပတ်သက်၍ စာတမ်းပြုစုရေး အဖွဲ့ခေါင်းဆောင် ဦးစိုးမြင့်က ၎င်းတို့အဖွဲ့၏ ဆောင်ရွက်ထားချက်များကို ရှင်းလင်းတင်ပြပြီး အဖွဲ့ဝင်များက ပါဝင်ဆွေးနွေးကြကာ အတည်ပြုသဘောတူကြောင်း ဆုံးဖြတ်ချက် ချမှတ်ကြသည်။

ယင်းနောက် စာတမ်းကို အချောသပ်ပြုစုပြီး ဖေဖော်ဝါရီ ၂၅ရက်တွင် ကျင်းပမည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေး၌ ဖတ်ကြား အတည်ပြုချက် ရယူရန် ဆွေးနွေးကြပြီး သဘာပတိကနိဂုံးချုပ် အမှာစကားပြောကြားကာ ညှိနှိုင်းဆွေးနွေးပွဲကို မွန်းလွဲ ၁နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် တပ်မတော် (ကြည်း၊ ရေ၊လေ) ဗဟိုအဆင့် စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲ တတိယနေ့အဖြစ် ယနေ့ နံနက် ၈နာရီမှစတင်၍ သတ်မှတ်နေရာအသီးသီး၌ ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ခန်းမဆောင်၌ တပ်သားအဆင့် စစ်သည်တော်ကျင့်ဝတ် နှုတ်ဖြေပြိုင်ပွဲများကိုလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန (ချော်တွင်းကုန်း)ရှိ ခန်းမဆောင်များ၌ ကျပန်းစကားပြောပြိုင်ပွဲများကိုလည်းကောင်း ဆက်လက်ကျင်းပသည်။ (သတင်းစဉ်)

နိုင်ငံတကာ သတင်းများ

ကင်းလှည့်စောင့်ကြပ်



ဖေဖော်ဝါရီ ၂၃ ရက်က အီရတ်နိုင်ငံ တီကရစ်မြို့ လမ်းမပေါ်တွင် ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်စစ်မြေပြင်မှ ဆေးရုံရောက် အမေရိကန်တပ်ဖွဲ့ဝင်များ ၁၀ရာခိုင်နှုန်း စိတ်ရောဂါဝေဒနာခံစားနေရ

လန်စတူး ဖေဖော်ဝါရီ ၂၂

ဥရောပတွင် အကြီးဆုံး စစ်ဆေးရုံဖြစ်သည့် ဂျာမနီနိုင်ငံမှ လန်စတူးစစ်ဆေးရုံသို့ စစ်မြေပြင်မှ သယ်ဆောင်လာသည့် တပ်ဖွဲ့ဝင် ၁၀ဦးလျှင် တစ်ဦးမှာ စိတ်ရောဂါဖိစီးမှုကိုခံစားနေရကြောင်း တွေ့ရသည်ဆို၏။

အဓိကအားဖြင့် အီရတ်တွင် တာဝန်ထမ်းဆောင်ရာမှ ပြန်လာသူ တပ်ဖွဲ့ဝင် ၁၂၀၀၀ အနက် ၈ ရာခိုင်နှုန်းနှင့် ၁၀ ရာခိုင်နှုန်းကြားရှိ အမေရိကန်တပ်ဖွဲ့ဝင်များမှာ စိတ်ရောဂါကို ကုသခြင်းခံကြရကြောင်းဖြင့် လန်စတူးစစ်ဆေးရုံတပ်မှူး ဗိုလ်မှူးကြီး ရွှန်ဒါကော်နမ်က ပြောကြားသည်။

စိတ်ရောဂါဖိစီး၍ ထိုဆေးရုံသို့ ရောက်လာသည့် အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀ ခန့်ရှိသည်ဟု ဆိုသည်။

ကုသပေး

လန်စတူးဆေးရုံတွင် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၁၁၇၅၄ ယောက်ကို ကုသပေးခဲ့ရာ၌ ၉၆၅၁ ယောက်မှာ အီရတ်စစ်မြေပြင်မှ တပ်ဖွဲ့ဝင်များဖြစ်ပြီး ကျန်တပ်ဖွဲ့ဝင်များမှာ အာဖဂန်နစ္စတန်မှဖြစ်ကြောင်း ဆေးရုံက ထုတ်ပြန်သည့် စာရင်းဇယားများတွင် ဖော်ပြထားသည်။

မပါဝင်

စိတ်ရောဂါ ဖိစီးနေသည့် အဆိုပါ တပ်ဖွဲ့ဝင် စာရင်းတွင် ဒဏ်ရာရကာ ရောက်ရှိလာသော စိတ်ရောဂါရှိသည့် တပ်ဖွဲ့ဝင်များနှင့် စိတ်ဝေဒနာရှိသည်ကို သတိမပြုမိသော အမေရိကန်သို့ ပြန်လည်ရောက်ရှိနေသည့် တပ်ဖွဲ့ဝင်များ မပါဝင်ပေ။

ကူညီရန်လိုအပ်

အီရတ်၌ ရှိနေစဉ်နှင့် အီရတ်မှ ပြန်လာချိန်တို့တွင် တပ်ဖွဲ့ဝင်များအား ကောင်းစွာကူညီရန် လိုအပ်ကြောင်းဖြင့် ဗီယက်နမ် စစ်ပြန်ဖောင်ဒေးရှင်း အကြံပေး ဝိန်းစမစ်က ပြောဆိုသည်။

အင်တာနက်။

အီရတ်ကို အမေရိကန် သိမ်းပိုက်ထားသော အခြေအနေတွင် ရွေးကောက်ပွဲ ကျင်းပရေးကိစ္စ မဖြစ်နိုင်ဟု ရုရှား ပြောကြား

မော်စကို ဖေဖော်ဝါရီ ၂၃

အီရတ်နိုင်ငံကို အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ သိမ်းပိုက်ထားသော အခြေအနေအောက်တွင် ရွေးကောက်ပွဲတစ်ရပ် ကျင်းပရေးကိစ္စကို ဆောင်ရွက်ရန်မှာ မဖြစ်နိုင်သလောက်ပင်ဖြစ်ကြောင်း ရုရှားနိုင်ငံက စနေနေ့တွင် ပြောကြားသည်။

အီရတ်နိုင်ငံတွင် ရွေးကောက်ပွဲကျင်းပမည်ဆိုလျှင်ဘက်ပေါင်းစုံမှပြင်ဆင်ရန် လိုအပ်သည်။ ထိုကိစ္စများကို သိမ်းပိုက်ခံထားရသော အခြေအနေအောက်တွင် ဆောင်ရွက်ရန်ဆိုသည်မှာ စဉ်းစားကြည့်လျှင်ပင် မဖြစ်နိုင်လောက်အောင် ခက်ခဲနေသည်ကို တွေ့နိုင်ကြောင်း ရုရှားနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ယူရီဖီဒိုတော့ဗ်က ပြောကြားသည်ကို အင်တာဖက်စ်သတင်းဌာနက ကိုးကား၍ ဖော်ပြ ခဲ့သည်။

အကြောင်းပြချက်

အမေရိကန်အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာက စနေနေ့တွင် အီရတ်နိုင်ငံ၌ ရွေးကောက်ပွဲ ကျင်းပရေးကိစ္စမှာ လာမည့် ၁၅ လအတွင်း ဖြစ်နိုင်ခြေမရှိဟု ပြောကြားခဲ့သည်။ အကြောင်းပြချက်အနေဖြင့် ရွေးကောက်ပွဲကျင်းပရေး ဥပဒေ ရေးဆွဲပြီးသား အဆင်သင့် မရှိခြင်းနှင့် မဲဆန္ဒပေးပိုင်ခွင့်ရှိသူများ စာရင်းများမရှိသေးခြင်းတို့ကို ထောက်ပြသွားသည်။ ဘရီမာ၏ ပြောကြားချက် ထွက်ပေါ်လာပြီး နောက်ပိုင်းတွင် အထက်ပါအတိုင်း ရုရှားတို့၏ ဝေဖန်ချက် ထွက်ပေါ်လာခြင်း ဖြစ်သည်။

တောင်းဆို

ယခု စီစဉ်ထားသောကိစ္စမှာ အမေရိကန်နှင့် အီရတ်အုပ်ချုပ်ရေးကောင်စီတို့ အကြား နားလည်မှုယူပြီး အာဏာလွှဲပြောင်းရေးအလုပ်ကို အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းမပါဘဲ လူမသိသူမသိ စီစဉ်လိုက်ခြင်းသာဖြစ်သည်ဟု ဖီဒိုတော့ဗ်က ပြောကြားခဲ့သည်။ ထို့အပြင် ၎င်းက အီရတ်နိုင်ငံ၏ အခက်အခဲများကို ဖြေရှင်းရာ၌ ကုလသမဂ္ဂအဖွဲ့အနေဖြင့် အရေးပါသောနေရာမှ ပါဝင်ရန် ဆက်လက်တောင်းဆိုခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗြိတိသျှတပ်ဖွဲ့ဝင်များအတွက် ထုတ်ပေးသည့်ပစ္စည်း မလုံလောက်၍ နှင်းကိုက်နာများဖြစ်ပွားဟု ကာကွယ်ရေးဌာနကို ထပ်မံအပြစ်တင်

လန်ဒန် ဖေဖော်ဝါရီ ၂၃

ဗြိတိသျှတပ်ဖွဲ့ဝင်များအတွက် ပေးသည့် လူတစ်ကိုယ် ဝင်အိပ်နိုင်သည့်အိတ်များ မလုံလောက်မှုကြောင့် နှင်းကိုက်နာများ ဖြစ်ပွားကြောင်း ဗြိတိသျှ ကာကွယ်ရေးဌာနအား အပြစ်တင်မှုများ ပေါ်ပေါက်နေစဉ် နော်ဝေနိုင်ငံတွင် လေ့ကျင့်သင်တန်းများ တက်ရောက်နေသော ဗြိတိသျှ တော်ဝင်မရိန်းတပ်ဖွဲ့ဝင် ၈၀ တို့သည် ဗြိတိန်နိုင်ငံသို့ ပြန်ရောက်လာကြကြောင်းဖြင့် "မေးလ်" နေ့စဉ်သတင်းစာက တနင်္ဂနွေနေ့တွင် ရေးသားလိုက်သည်။

အမှတ်(၃)တပ်မဟာအထူးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နော်ဝေနိုင်ငံရှိ ၎င်းတို့၏အခြေစိုက်စခန်းမှ သုံးလကြာ လေ့ကျင့်သင်တန်း မစေ့မီ ဗြိတိန်သို့ ပြန်လည် ရွှေ့ပြောင်းလာကြကြောင်း၊ နောက်ထပ်တပ်ဖွဲ့ဝင် ၅၀ မှာ နှင်းလျှောစီးရာတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ကြကြောင်း သတင်းစာက ဆက်လက်ရေးသားသည်။

နော်ဝေနိုင်ငံတွင် ရေခဲစေသည့် ရာသီဥတုမျိုးအား ကျော်လွှားနိုင်ရန်အတွက် အချို့သော မရိန်းတပ်ဖွဲ့ဝင်များသည်၎င်းတို့ကိုယ်ပိုင် လူဝင်ရောက်အိပ်နိုင်သည့်အိတ်များကို ယူဆောင်ခဲ့ကြကြောင်း သတင်းစာက ရေးသားသည်။

အမျိုးအစားမကောင်း

ဗြိတိသျှ မရိန်းတပ်ကပေးသည့် အဆိုပါ အိတ်များသည် အမျိုးအစားမကောင်းလှကြောင်း ၎င်းသတင်းစာက နော်ဝေတပ်မတော်မှ ဗိုလ်ချုပ်ဆန်နီးစ်၏ ပြောကြားချက်အား ကိုးကားဖော်ပြသည်။

ယင်းသို့ ထိခိုက်ဒဏ်ရာရသူများ မြင့်တက်လာမှုက စစ်တပ်မှ အကြီးအကဲများအား နောက်ထပ် စိတ်အနှောင့်အယှက်ဖြစ်စေခဲ့သည်။ ယင်းအကြီးအကဲများကို အီရတ်ရှိ တပ်ဖွဲ့ဝင်များတွင် ဝန်စည်စလယ်ထည့်သည့်သေတ္တာ မလုံလောက်ကြောင်းဖြင့် ယခင်က အပြစ်တင် ပြောကြားခြင်းခံခဲ့ရသည်။

အီရတ်စစ်ပွဲဖြစ်ပွားနေစဉ် ဖြည့်ဆည်း ထောက်ပံ့မှု ပျက်ကွက်မှုကြောင့် တပ်ဖွဲ့ဝင်များသည် အရေးကြီးသည့် ဝန်စည်စလယ်ထည့်သေတ္တာများမရှိဘဲ ရှေ့တန်းစစ်မျက်နှာများသို့ သွားရောက်ခဲ့ကြကြောင်း အမျိုးသားစာရင်းစစ်ရုံး၏ အစီရင်ခံစာအရ သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကယ်ကွတ်မြို့ ရဲစခန်းအပြင်ဘက်၌ အသေခံဖောက်ခွဲ လူ ၁၀ ဦး သေဆုံးပြီး ၄၅ဦး ဒဏ်ရာရရှိ

ကယ်ကွတ် ဖေဖော်ဝါရီ ၂၃

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့မှ အီရတ်ရဲစခန်းအပြင်ဘက်၌ အသေခံ ဖောက်ခွဲတိုက်ခိုက်သည့် ကားဗုံးတစ်လုံး ယနေ့ပြင်းထန်စွာ ပေါက်ကွဲခဲ့ရာ လူအများအပြား သေဆုံးသွားပြီး လူပေါင်းများစွာ ဒဏ်ရာရရှိသွားကြောင်း သိရသည်။ ယင်းတိုက်ခိုက်မှုတွင် လူ၁၀ဦး သေဆုံးခဲ့ပြီး ၄၅ ဦးဒဏ်ရာရရှိခဲ့သည်ဟု အမေရိကန်တာဝန်ရှိသူများက ပြောကြားသည်။

ပိုမိုပြုလုပ်လာဖွယ်ရှိ

ယင်းအသေခံ ဗုံးခွဲတိုက်ခိုက်မှုသည် လွန်ခဲ့သည့် သီတင်းပတ်များက အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်သစ်များကို ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့မှုများ၏ နောက်ဆက်တွဲ တိုက်ခိုက်မှုတစ်ခုဖြစ်ကြောင်း၊ လွန်ခဲ့သည့် အသေခံ ကားဗုံးခွဲ တိုက်ခိုက်မှုနှစ်ကြိမ်တွင် လူ၃၀၀ ကျော် သေဆုံးခဲ့ကြောင်း၊ အီရတ်ပြည်သူတို့ထံ အချုပ်အခြာအာဏာ လွှဲပြောင်းပေးရမည့်ရက် နီးကပ်လာသည်နှင့်အမျှ အီရတ်တိုက်ခိုက်ရေးသမားများနှင့် အကြမ်းဖက်သမားများသည် တိုက်ခိုက်မှုများ ပိုမိုပြုလုပ်လာဖွယ်ရှိကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

စီအင်န်အင်န်။

အီရတ်နိုင်ငံမြောက်ပိုင်း ကယ်ကွတ်မြို့ ရဲစခန်းအပြင်ဘက်တွင် အသေခံ ကားဗုံးခွဲမှုပေါ်ပေါက်ပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဝိသုဒ္ဓိဆရာတော် တရားဟောကြားမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ဧရာဝတီတိုင်း မြောင်းမြမြို့ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်းမှ ဝိသုဒ္ဓိဆရာတော်သည် ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ရေစင်ကုန်းရပ် မဏ္ဍပ်၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ပြိုးခြံချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

ဘုန်းတော်နိုင်ငံ ကျေးရွာဆေးပေးခန်းဖွင့်ပွဲသို့

စိန်မြင့်(ရွှေချည်ထိုး)

၁၇-၁-၂၀၀၄ ရက်နေ့က အမရပူရမြို့နယ်ရှိ ဘုန်းတော်နိုင်ငံကျေးရွာ ဆေးပေးခန်းဖွင့်ပွဲသို့ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး၊ တိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့်တကွ တိုင်း၊ ခရိုင်၊ မြို့နယ်အသင်းဝင်များ တက်ရောက်ခဲ့ကြသည်။ "ဘုန်းတော်နိုင်ငံ" ကျေးရွာသည် ရှေးမြန်မာမင်းများ လက်ထက်ကပင်ရှိခဲ့သော ရွာဟောင်းတစ်ရွာ ဖြစ်၏။ "ဘုန်းတော်နိုင်ငံ"သည် အနောက်ဘက် ဧရာဝတီမြစ်၊ အရှေ့ဘက် ဒုဋ္ဌဝတီ မြစ်နှစ်လီအကြားတွင်တည်ရှိသည့် ရွာကြီးတစ်ရွာဖြစ်၏။ ဘုန်းတော်နိုင်ငံ ကျေးရွာကား အိမ်ခြေ ၆၀၀ ခန့်ရှိပြီး ဇာတိကျေးရွာသား အများစုတို့မှာ တောင်သူ၊ ရက်ကန်း၊ မြေသပိတ်၊ အိုးဖုတ်၊ လယ်လုပ်သူများသာဖြစ်၏။ ကျေးရွာဆေးပေးခန်းကို ကုန်းကမူအပေါ်တွင် အတော်ပင်သပ်ရပ်စွာ တည်ဆောက်ထား၏။ ကျေးရွာကျန်းမာရေးအတွက် စိတ်လက်အေးချမ်းစွာ ကုသမှုခံယူနိုင်မည်ဖြစ်သည်။ လှူဒါန်းမှုအတွက် စိတ်တွင် သာဓုအကြိမ်ကြိမ်ခေါ်မိ၏။ ရှေးဟောင်းရွာရိုးတစ်လျှောက်တွင် စေတီပုထိုးဘုရားစုများ၊ ကျွန်းလုံးတိုင်နှင့် လယ်ပေါ်ဇရပ်ကြီးများမှ ထုတ်စွပ်ယောက်စွပ် ကျွန်းတိုင်ကြီးများမှာ ယိမ်းကနေသယောင်ပင် ရှိနေသည်ကိုတွေ့ရ၏။

ဤဆေးပေးခန်း၏ အလှူရှင်မှာ ဦးမြင့်ဆွေ-ဒေါ်တင်တင်မြင့် မိသားစုဖြစ်၏။ နိုင်ငံခြားတွင် အိမ်ထောင်ကျခဲ့ရသော သမီးနှင့်သမက်တို့၏ ကုသိုလ်အပါအဝင်ဖြစ်၏။ ရွာသို့ ဆေးပေးခန်း လွှဲပြောင်းပေးအပ်သည့် အခမ်းအနား၌ အလှူရှင်မိသားစုနှင့် စကားလက်ဆုံကျရာ သမီးဖြစ်သူ၏ ခင်ပွန်းဖြစ်သူမှာ မကာအိုတွင် အခြေချနေထိုင်သည့် ဆရာဝန်ကြီးတစ်ဦးဖြစ်ကြောင်း သိရ၏။ မြန်မာမှု အနုပညာအကြောင်းသာမက မြန်မာ့စားသောက်ဖွယ်ရာမှအစ မြန်မာ့စိတ်ရင်း၊ မြန်မာ့စိတ်ထားအကြောင်း ပြောဖြစ်ကြ၏။ သူတို့၏ မွန်မြတ်သော ကျေးရွာဆေးပေးခန်း လှူဒါန်းပွဲတွင် ခရိုင်အသင်းအတွင်းရေးမှူး၊ အမရပူရမြို့နယ်အသင်း အတွင်းရေးမှူး ဦးဆောင်ပြီး အသင်းဝင်များက အစစအရာရာ မလိုအပ်၊ မလစ်ဟင်းစေရန် လာရောက်၍ လုပ်အားဒါန ကုသိုလ်ယူခဲ့ကြ၏။ ကျေးရွာပြည်သူ အသင်းဝင် ၂၀၀၀ ကျော်၏။ ထိုနေ့ နေ့ခင်းတွင် အလှူရှင်ဇနီးမောင်နှံတို့ ကျွန်တော့်အိမ်သို့ အလည်လာကြ၏။

ကျွန်တော့်အိမ်တွင် အနုပညာကြယ်စီ ရွှေချည်ထိုးလုပ်ငန်းခွင်ရှိ၏။ နှစ်ပေါင်းများစွာက တစိုက်မတ်မတ်၊ တမြတ်နိုးနိုး၊ တန်ဖိုးတထားထား စုဆောင်းခဲ့သော ကျေးလက်အနုပညာပစ္စည်းများနှင့် ရှေးရိုးရွှေချည်ထိုးကားချပ်များစသည်ဖြင့် ပြတိုက်ငယ်သဖွယ် ဖြစ်ပါသည်။ ဧည့်သည်ဇနီးမောင်နှံသည် ကြည့်မဝ၊ ရှုမဆုံးလျက်ရှိ၏။ မျက်စိက မခွာနိုင်ဖြစ်နေသော ဧည့်သည်မှာ ကျွန်တော်ရေးဆွဲထားသော ပန်းချီကားများ၏ ရသအလှပီတိကို တွေ့သွားဟန်လည်းတူ၏။ သူသည် ပန်းချီကို စိတ်ဝင်တစားရှိကြောင်း၊ မကာအို၏ ပန်းချီတော်ဝင်အသင်းတွင် အမှုဆောင်အဖွဲ့ဝင် တစ်ဦးဖြစ်ပြီး၊ အရှေ့တောင်အာရှနိုင်ငံများ၊ တောင်ကိုရီးယား၊ ဂျပန်၊ တရုတ်နိုင်ငံများ၊ အနုပညာရှင်များ၏ ပန်းချီပြပွဲများ မကာအိုတွင် နှစ်စဉ်ပြုလုပ်လေ့ရှိပါကြောင်း၊ ကျွန်တော်ခွင့်ပြုပါက ပန်းချီကားဝယ်လိုကြောင်း စသည်ဖြင့် ရင်းရင်းနှီးနှီးဆွေးနွေး၏။ ရှေးရိုးကို ပွေ့ပိုက်ထိန်းသိမ်းခြင်း တန်ဖိုးကားကြီးမားဘိ၏။

ကျွန်တော်သည် နိုင်ငံတော်မှချီးမြှင့်ခြင်း၊ တာဝန်ပေးအပ်ခြင်း၊ နိုင်ငံတကာမှ ဖိတ်ကြားခံရခြင်းတို့နှင့်အတူ ကမ္ဘာ့နိုင်ငံရပ်ခြားသို့ ခရီးဆန့်ခဲ့ပေါင်းများခဲ့၏။ ထိုထို ဤဤ နိုင်ငံများတွင် ခေတ္တနေကြသော မြန်မာမိသားစုများနှင့် ဆုံခွင့်ရခဲ့၏။ အချို့ကစီးပွားရှာကြ၏။ အချို့ကပညာရှာကြ၏။

"ကျေးရွာဆေးပေးခန်းဖွင့်ပွဲ"၌ တွေ့ခဲ့ရသည့် ဇနီးမောင်နှံတို့မှာ ရေခြားမြေခြားတွင် ရောက်ရှိနေကြသော်ငြားလည်း

- မိမိ ဇာတိ မွေးရပ်မြေ
- မိမိ မိဘများ ခေါင်းချရာမြေ
- မိမိ ပညာရည်နို့သောက်စို့ခဲ့ရာမြေ
- မိမိ ဘိုးဘွား တူ သား ဆွေမျိုးများရှိရာမြေ
- မိမိ ရတနာသုံးပါးဆည်းကပ်ရာမြေ

သည်ရေ သည်မြေကို မမေ့မလျော့၊ သည်ရပ် သည်ရွာကို မပေါ့သတိ၊ ကျေးဇူးသိကြသူများဟုပင်ဆိုနိုင်၏။ ကျေးဇူးတရားဆိုသည်မှာ တံတိုင်းများပင် ကာဆီး၍မရနိုင်၊ ပင်လယ်ခြား၍လည်း မပျက်ပြယ်၊ မိုးအောက်မြေပြင်တွင် ကျေးဇူးတရား ဟူသည်မှာ ကွယ်ပျောက်ရိုးမရှိပါ။

အမေရိကန်ပြည်ထောင်စုသို့ သုံးကြိမ်မျှရောက်ဖူး၏။ နိုင်ငံကြီးနှင့် နိုင်ငံငယ်တို့၏ ကွာခြားမှု ဘဝ သုတ ရသကား အဖုံဖုံပင်။ ဟိုနေရာမှာ သူကသာတော့၊ သည်နေရာမှာ ကိုယ်ကကောင်း၏။ တကယ်တော့ ကန္တာရတိုင်းပြည်မှာ ရောက်ရောက်၊ ကျွန်းစုနိုင်ငံမှာဖြစ်ဖြစ်၊ ရေခဲမြစ်တွေရှိရာ ဆိုဆို မိမိပင်ကိုဇာတိစိတ်ရင်းများ မယွင်းမပျက် မပျောက်ကွယ်ဖို့သာ လိုပါသည်။

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်တွင် မိတ်ဆွေဇနီးမောင်နှံကိုတွေ့ခဲ့၏။ ယောကျ်ားက ဘဏ်အကြီးတန်းအရာရှိ၊ ဇနီးသည်ကလည်းဘဏ်က အရာရှိ၊ အဆိုပါ မြန်မာမိန်းကလေးသည် ပညာလိုအိုသည်မရှိ၊ ပညာရေးဝေးသည်မရှိဟု ပြောရမတတ်ပင် ရောက်လေရာနိုင်ငံတွင် ဘွဲ့တစ်ခုခုတော့ ရအောင်ယူခဲ့၏။ ဒေါက်တာဘွဲ့အတွက် နိုင်ငံရပ်ခြားသုတေသနလုပ်ခွင့်ရ၏။ အထက်မှ အခြားနိုင်ငံသို့စေလွှတ်၏။ သူမကမြန်မာနိုင်ငံမှာ သုတေသနလုပ်ဖို့ ကြိုးစားတောင်းဆိုခဲ့၏။ သုတေသနဆင်းရာ ရွာစဉ်တစ်လျှောက် သုတေသနဘွဲ့အတွက်ရရှိသည့် အခွင့်အရေးများသာမက ၎င်း၏စုဆောင်းငွေများပါ စိုက်ထုတ်၍ ကျေးရွာများကို ငွေနှင့်ပစ္စည်းများလှူဒါန်းခဲ့၏။ ကျေးလက်နေ လူငယ်များကို ပညာဖြည့်ဆည်းပေးခဲ့၏။

ဟာဝိုင်ယီတွင် တွေ့ခဲ့ရသည့် အစ်မကြီးတစ်ယောက်ကမူ မြန်မာနိုင်ငံမှ အတတ်ပညာရှင် အနုပညာရှင်များကိုဒိုင်ခံပြီး တက္ကသိုလ်အသီးသီးသို့ ဖိတ်ကြားပေးခဲ့၏။ လူထုအကျိုးပြု NGO အသင်းကို တာဝန်ယူခဲ့၏။ အိတ်စိုက်ပြီး လုပ်ရသည်များသာဖြစ်ပါသည်။ တစ်ဖန်အမေရိကန်မှ မိတ်ဆွေများကို မြန်မာနိုင်ငံသို့ သွားဖို့တိုက်တွန်း၏။ မြန်မာ့ခလေ့ထုံးတမ်းရေမြေတောတောင်များကို လေ့လာကြစေရန် ကိုယ်တိုင်ကိုယ်ကျငွေကြေးစိုက်ထုတ်ပြီး ကမ္ဘာလှည့် အဖွဲ့တွေကို ခေါင်းဆောင်ခေါ်လာသည့် အကြိမ်မနည်းတော့။ မြန်မာ့ယဉ်ကျေးမှုကို မျက်မြင်ကိုယ်တွေ့ကြည့်စေလို၍ဖြစ်၏။

ဟော်လန်နိုင်ငံမှ မိတ်ဆွေ ကလေးမလေးကား ဥရောပတစ်ခွင်တွင် ရုပ်သေးသဘင်၊ အကသဘင်သာမက မြန်မာမှ ဂီတပညာရှင်များကို အခွင့်သာသာသလို၊ အချိန်ရ ရသလို ဥရောပတိုင်းပြည်များသို့ အချိန်ယူ ဖိတ်ခေါ်ဆောင်ရွက်ပေးနေသည့် လုံ့လဥဿာဟသည် တောင်တောင်အီအီမဟုတ်၊ ဇာတိစိတ်နှင့် တာဝန်တစ်ရပ်ကို ထမ်းဆောင်ခြင်းဟု မြင်မိပါသည်။

တစ်နေ့က မန္တလေးမှာ ငယ်စဉ်ကပင်သိခဲ့ရသည့် အမျိုးသမီးမိတ်ဆွေ သားအမိနှင့် ဟိုတယ်တစ်ခုတွင် တွေ့ခဲ့၏။ ဆယ်နှစ်ဆယ်မိုးမတွေ့ဖြစ်သည့် နောက်တွင်ဖြစ်သည်။ သမီးငယ်ဖြစ်သူ ညိုပြာဖြူလေးမှာ ရှင်ပြုနားသ အရွယ်ရှိနေပြီ ဖြစ်၏။ အမေဖြစ်သူမြန်မာမိခင်သည် သမီး၏ပညာရေးကို ဤအရွယ်ကပင် ပျိုးထောင်ပြုစုလိုဟန်ရှိ၏။ မန္တလေးသို့ ခဏလာခိုက်မှာပင် သမီး ပညာရေးအတွက် အစီအမံပါခဲ့၏။ အဘိုးက အဘေိစီဒီမသိ၊ မြေးက ကကြီး ခကွေးမတတ်သော မိသားစုတွေကိုလည်း လန်ဒန်တွင်တွေ့ခဲ့ဖူး၏။ ကဲ ဘဘကို ဘုရားရှိခိုးရွတ်ပြလိုက်လေဟု မိခင်ဖြစ်သူက ဆို၏။ ဤမျှ သိတတ်စအရွယ်ကလေးကပင် လက်အုပ်ချီပုံကို တတ်ရုံမဟုတ် မေတ္တာသုတ်ပါ ရွတ်မည်လုပ်နေ၍ ကဲ-တော်ပါတော့ သမီးလေးရယ် ဟုပြောရ၏။ ကျွန်တော့်ရင်ဝယ် ပီတိဖြစ်မိ၏။ သူငယ်ချင်းမကိုလည်း လေးစားမိ၏။ သူငယ်ချင်းသည် မန်ကျည်းရိပ်၊ ထနောင်းရိပ်ရှိ ဇာတိကိုမမေ့၊ ဘာသာခလေ့ကိုကိုင်းရှိုင်း၏။ အလှူဒါနလာ၍ပြု၏။ ဆွေသားမျိုးသားတွေကို ထောက်ပံ့သွား၏။ ကုသိုလ်ပြု ကျောင်းဆောက်ခဲ့၏။

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိ(စ်)မြို့မှ မြန်မာ့ခတ်ပုံပညာရှင် ဇနီးမောင်နှံအကြောင်း ပြောပြဖို့ကျန်ပါသေး၏။ အကြောင်းအပေါင်းလည်းသင့် အခွင့်လည်းသာ၍ ဟိုရောက်နေသည်က တခြား၊ မြန်မာ့စိတ်ရင်း၊ မြန်မာ့စိတ်ထားကို ကျောက်ချထားသလို အခိုင်အမာ ရပ်တည်နေသည်က တခြား ဖြစ်၏။ လာသမျှသော အမေရိကန်ရောက် မြန်မာမိတ်ဆွေအားလုံးကို အိတ်စိုက်အလည်လိုက်ပို့၏။ ကျွေးမွေးဧည့်ခံ၏။ ဈေးနားလက်ဆောင်လိုက်ပေး၏။ ဒါကိုပင် သူတို့ မိသားစုပျော်နေကြ၏။ **"ဒါပဲဗျာ ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ်မြေကို ရုတ်တရက် ပြန်မရောက်နိုင်သေးတော့ ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ်မြေကလာတဲ့သူဟူသမျှကို ကူညီဆောင်ရွက်ပေးနိုင်တာ၊ ဧည့်ဝတ်ပြုရတာကိုက ကျွန်တော်တို့အတွက် ဇာတိမြေအလွမ်းပြေရတယ်။ မြန်မာဇာတိဖွားတွေနဲ့အတူ တွဲပြီးလမ်းလျှောက်ရတာကိုက ကျွန်တော်တို့ မိသားစုအတွက် အလွမ်းတွေ ပြေစေတာပေါ့ဗျာ"** ဟူသော သူ့စကားကို ယနေ့တိုင်ကြားနေဆဲဖြစ်၏။ ဤကမ္ဘာ့ရွာကြီး၏ နေရောင်ပူပြင်းသော အရပ်၊ နေရောင်ဖျော့တော့သည့် အရပ်၊ တောင်ပေါ်ကုန်းတွင်းအရပ်၊ ပင်လယ်ကျွန်းအရပ်၊ သားရဲတိရစ္ဆာန်ပေါများရာ အရပ် စသည့် စသည့် အရပ်တို့တွင် ခေတ္တရောက်ရှိနေကြသော မြန်မာလူမျိုးများစွာကို တွေ့ခဲ့ရ၏။ ရာမရကန်ထဲမှ တချို့က နီပြာပြာ၊ တချို့ ဖြူဝါဝါ၊ တချို့မှာ ချိတ်ပွင့်၊ တချို့မှာ ပန်းရင့်လို အမျိုးမျိုးတွေ့ခဲ့ရ၏။ ဤကမ္ဘာ ဤသံသရာဘဝခရီးတွင် ကိုယ့်သိုက်၊ ကိုယ့်နန်း၊ ကိုယ့်သားရဲတွင်းသို့ ပြန်၍ ပြန်၍ ရင်သွေးငယ်တို့ကို ကျွေးမွေးစောင့်ရှောက်ကာကွယ်ကြသည်မှာ သားရဲကျေးငှက်များပင် ဇာတိစိတ်ကို နားလည်ကြ၍ဖြစ်၏။ အထက်တွင်ဖော်ပြခဲ့သော ကုသိုလ်၊ ဒါန၊ အကျိုးပြုလုပ်ငန်းမျိုးမှာ တကယ်ပင် မွန်မြတ်လှပါ၏။ မြက်တစ်ပင်ချင်းအားမှာ မပြောပလောက်၊ သို့သော် မြက်ပင်ပေါင်းများစွာ များစွာ ကျစ်လိုက်ပါမူ ခိုင်မာသော ကြိုးထုံးဖြစ်လာတော့၏။

ကျွန်တော်တို့ နိုင်ငံ၌ ပထမမြန်မာ့ထီးနန်းဦးကင်း တည်ထောင်ရာ ပုဂံမြေသည် မျက်မြင်ထင်ရှားရှိ၏။ ပထမ မြန်မာတို့၏ မြို့ပြနိုင်ငံဟု ထူး၍ ပြောရန်မလိုပါချေ။ ဤမြေ ဘုန်းတော်နိုင်ငံအား နေမင်း၊ လမင်းတို့၏ အလင်းရောင်တို့ဖြင့် ပြိုးပြိုးပြက်ပြက် ထင်လင်းစေခဲ့သည်။ အနှစ်ရာထောင်ကျော်ခဲ့ပြီဖြစ်၏။

အဘယ်ကြောင့် ကျွန်တော့် စိတ်ကူးများမှာ "ဘုန်းတော်နိုင်ငံ" ကျေးရွာကလေးမှသည် နေမင်းတစ်ထောင်၊ လမင်းတစ်ရာသို့တိုင် ဖြန့်ကြက်မိခဲ့သည်ကိုပင်မသိတော့ပေ...။ ။

တဝစေတီ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မလှိုင်မြို့နယ် ရွှေပေါ်ကျွန်း သာသနာပြုစခန်းမှ ကျေးဇူးရှင်ဆရာတော် ကြီး၏ ဩဝါဒနှင့်အညီ ပဓာန နာယက ဆရာတော်ဘဒ္ဒန္တကုမာရအား အမှူးပြု၍ ရွှေပေါ်ကျွန်း ဥပဋ္ဌာက အဖွဲ့က အကြိမ်(၂၀)မြောက် တဝ စေတီ ဗုဒ္ဓပူဇနိယပွဲတော်၊ (၂၃)ကြိမ်မြောက် သံဃာတော်အပါး ၃၀၀ ကံ ထပ်ပွဲနှင့် (၃၃)ကြိမ်မြောက် တပေါင်းပွဲတော်တို့ကို ၁၃၆၅ ခုနှစ် တပေါင်းလဆန်း ၁၃၊ ၁၄၊ လပြည့်နေ့နှင့် လပြည့်ကျော် ၁ ရက်နေ့များတွင် စည်ကား သိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ (က-ပ)

ဖေဖော်ဝါရီ ၂၂ ရက် က ၂၀၀၃-၂၀၀၄ ပညာသင်နှစ် ထူးချွန်ဆုချီးမြှင့်ပွဲကို အထက (၁) သဃ်န်းကျွန်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသ ကာသမ အကြိမ် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲ၊ အရေး၊ ဂီတာ အတီး၊ ကုလသမဂ္ဂနေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲ၊ ကမ္ဘာ့ ခုခံအား ကျဆင်းမှု

ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲတို့တွင် ပထမဆုများ ရရှိခဲ့သည့် အမက(၈) သဃ်န်းကျွန်းမှ မအေးမြတ်သူအား တာဝန်ရှိသူတစ်ဦးက ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀	၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄:၃၀	၆။ မျိုးချစ်တပ်မတော်
၄:၄၀	၇။ ကျန်းမာခြင်းသည် နိုင်ငံ့ခွန်အား
၄:၅၀	၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀	၉။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်** **History of Psychology** (ပထမနှစ်စိတ်ပညာ)
၅:၃၀	၁၀။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၄၅	၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အချစ်လေပြည်" (အပိုင်း-၂၀)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လှိုင်းပုနှင့်သောင်းချမ်" (အပိုင်း-၃၃)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

ပြည်လုံးချမ်းသာ စေတီတော် ဗုဒ္ဓါဘိသေကမင်္ဂလာ

ရန်ကုန်   ဖေဖော်ဝါရီ   ၂၄

မြောက်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက် မာရ်အောင်ကျောင်းတိုက် နတ်မောက်ကျောင်းအတွင်းရှိ ပြည်လုံးချမ်းသာ အောင်သိဒ္ဓိစေတီတော်မြတ်ကြီးနှင့် အရံစေတီ ၇၅ဆူ၊ ရုပ်ပွားတော် ၅၄၇ဆူတို့အား တပေါင်းလပြည့် (မတ် ၅ရက်)တွင် ဗုဒ္ဓါဘိသေကမင်္ဂလာ ကျင်းပမည်ဖြစ်သည်။ နံနက် ၅နာရီတွင် သံဃာတော်အပါး ၃၀၀ကျော်အား စာရေးတံမဲ နှင့် အရုဏ်ဆွမ်းလောင်းလှူမည်ဖြစ်ပြီး ညနေ ၃နာရီတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပမည်ဖြစ်ရာ စေတနာရှင်များ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ဆေးပညာရှင်အဖွဲ့ နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန်   ဖေဖော်ဝါရီ   ၂၄

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၏ ပဥ္စမနှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ ၂၇ရက်(သောကြာနေ့) နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်လမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်) အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ဆေးပညာရှင်အဖွဲ့၏ လုပ်ငန်းရပ်များဆိုင်ရာ ဆွေးနွေးဟောပြောပွဲအဖြစ် "Symposium on Public Health Emergency Management"ကို ဆွေးနွေးတင်ပြကြမည် ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြသည်။

ဆေးပညာရှင်အဖွဲ့ဝင်များအနေဖြင့် နံနက် ၈နာရီမှ စတင်၍ မှတ်ပုံတင်နိုင်သည်။ (သတင်းစဉ်)

မှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်ရှိ ဒုဋ္ဌဝတီမြစ်ကူး ဒုဋ္ဌဝတီတံတား(နောင်ချို) တည်ဆောက်ရေးစီမံကိန်းတွင် ရှင်းလင်းတင်ပြချက်နှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လားရှိုးမြို့သို့ ရောက်ရှိရာ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မန္တလေးတိုင်းတို့ကို ပေါင်းကူးဆက်စပ်ပေးသောလမ်းများအနက် ခရီးမိုင် အတိုဆုံးလမ်းဖြစ်ကြောင်း။

ဤလမ်းပေါ်၌ ဒုဋ္ဌဝတီမြစ်ကူးတံတားကို တည်ဆောက်မည်ဖြစ်ရာ တံတားအရွယ်အစားငယ်သော်လည်း အစစ သတိထား၍ ခိုင်ခံ့အောင်၊ သတ်မှတ်ချိန်ထက်စောပြီးအောင် ကြိုးပမ်းတည်ဆောက်သွားကြရန်ဖြစ်ကြောင်း။

အဆင့်မြှင့်တင်ဆောင်ရွက်

တံတားလုပ်ငန်းနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုဖွံ့ဖြိုးရေးတို့အတွက် အဓိကအရေးပါသော လမ်းပိုင်းအခြေအနေကိုလည်း ပိုမိုချောမွေ့ကောင်းမွန်အောင် အဆင့်မြှင့်တင် ဆောင်ရွက်သွားရန်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် တံတားတည်ဆောက်နေမှုကို လည်းကောင်း၊ ဒုဋ္ဌဝတီမြစ်နှင့် ပတ်ဝန်းကျင်အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဒုဋ္ဌဝတီတံတား(နောင်ချို)မှာ ရွှေညောင်-ရပ်စောက်-အင်တော-ကျောက်ဂူ-တောင်ခမ်း-နောင်ချို ကားလမ်းပေါ်တွင် တည်ရှိသည့် တံတားဖြစ်သည်။

တံတားကို သံကူကွန်ကရစ် ရက်မကြမ်းခင်းခြောက်ခန်းနှင့် RPTသံပေါင်တစ်ခန်းတံတားအဖြစ် တည်ဆောက်နေခြင်းဖြစ်သည်။

တံတား၏ စုစုပေါင်းအရှည်မှာ ၄၆၈ပေရှိမည်ဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် ၂၈ပေနှင့် တစ်ဖက်လျှင် သုံးပေစီကျယ်သည့် လူသွားလမ်းပါရှိမည်ဖြစ်သည်။ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်တန် ၆၀ ခံနိုင်သည့် တံတားအဖြစ် တည်ဆောက်နေခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် ရဟတ်ယာဉ်များဖြင့် လားရှိုးမြို့သို့ ရောက်ရှိကြရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်၊ သိန္နီတပ်နယ်မှ ဗိုလ်မှူးချုပ်စိုးဦး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံ တိုင်းရင်းသား၊ တိုင်းရင်းသူများက ကြိုဆိုကြသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်ရှိ ဒုဋ္ဌဝတီမြစ်ကူး ဒုဋ္ဌဝတီတံတား(နောင်ချို) တည်ဆောက်ရေးစီမံကိန်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တံတားစီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



သာသနဇောတိကသိမ်တော်နှင့် နှစ်ထပ်ဆွမ်းစားကျောင်းဆောင် ရေစက်ချလှူဒါန်းပွဲနှင့် လားရှိုးမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား ဆက်ကပ်လှူဒါန်းပွဲ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း တက်ရောက်ကြည်ညို

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့လယ်ပရိယတ္တိစာသင်တိုက်၌ တည်ဆောက်ပြီးစီးသွားသည့် သာသနဇောတိကသိမ်တော်နှင့် နှစ်ထပ်ဆွမ်းစားကျောင်းဆောင် ရေစက်ချလှူဒါန်းပွဲနှင့် လားရှိုးမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ရက် နံနက် ၉နာရီတွင် လားရှိုးမြို့ မြို့လယ် ပရိယတ္တိစာသင်တိုက် နှစ်ထပ်ဆွမ်းစားကျောင်းဆောင်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ကြည်ညိုကြပြီး သာသနဇောတိကသိမ်တော်နှင့် နှစ်ထပ်ဆွမ်းစားကျောင်းဆောင်တို့နှင့် ဆက်စပ်သည့်စာရွက်စာတမ်းများကို ဆက်ကပ်လှူဒါန်းကြသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ လားရှိုးမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များမှ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်၊ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဒေသခံ ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး စောင်းဦးညိုဝင်းနှင့် အဆိုတော် ဦးစန်းမောင်တို့က ရောင်ခြည်တော်ဘွဲ့ သီချင်းခံ့သုံးပိုဒ်ဖြင့် သီကျူးပူဇော်ကြသည်။

ထို့နောက် မြို့လယ် ပရိယတ္တိစာသင်တိုက်ပဓာနနာယက နိုင်ငံတော်ကိုလည်းနာယူကြသည်။ ယင်းနောက် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က သာသနဇောတိက သိမ်တော်နှင့် နှစ်ထပ်ဆွမ်းစားကျောင်းဆောင်တို့နှင့် ဆက်စပ်သည့် စာရွက်စာတမ်းများကို မြို့လယ် ပရိယတ္တိစာသင်တိုက် ပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာအား ဆက်ကပ်လှူဒါန်းကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ မြို့လယ်ပရိယတ္တိစာသင်တိုက်၊ သာသနဇောတိကသိမ်တော်နှင့် နှစ်ထပ်ဆွမ်းစားဆောင် ရေစက်ချလှူဒါန်းပွဲနှင့် လားရှိုးမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော် ဆီ၊ ဆားလှူဒါန်းပွဲ အခမ်းအနားတွင် မြို့လယ်ပရိယတ္တိစာသင်တိုက် ပဓာနနာယက၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာထံ သိမ်တော်နှင့် နှစ်ထပ်ဆွမ်းစားကျောင်းဆောင်တို့နှင့် ဆက်စပ်သည့် စာရွက်စာတမ်းများ၊ ဆန်၊ ဆီ၊ ဆားနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ပြည်နယ် သာသနာရေးမှူး ဦးထွန်းထွန်းက ဆောင်ရွက်ပြီး အခမ်းအနား အစီအစဉ်များကို ဖတ်ကြားလျှောက်ထားတင်ပြသည်။

ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒိမာထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်သည့် ပရိတ်တရားတော်များကိုလည်းနာယူကြသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ မြို့လယ်ပရိယတ္တိ စာသင်တိုက် သာသနဇောတိက သိမ်တော်ကို တွေ့ရစဉ်။
(သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က လှူဖွယ်ဝတ္ထု ပစ္စည်းများနှင့် ပရိက္ခရာရှစ်ပါးတို့ကို လည်းကောင်း၊ လားရှိုးမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များသို့ လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆားတို့ကို လည်းကောင်း မြို့လယ် ပရိယတ္တိစာသင်တိုက်ပဓာနနာယက ဆရာတော်အား ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လားရှိုးမြို့ပေါ်ရှိသီလရှင်ကျောင်းတိုက်များမှ သာသနာ့နွယ်ဝင် သီလရှင်များအတွက် သီလရှင်ဝတ်စုံများနှင့် ဆန်၊ ဆီ၊ ဆားတို့ကို ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်းက သာသနဟိတကာရီ သီလရှင်စာသင်တိုက်မှ ပြည်နယ် သီလရှင် အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ မဟာဂန္ထဝါစကပဏ္ဍိတ ဆရာကြီးဒေါ်ကေသီအား လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အဖွဲ့ဝင်များက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထု ပစ္စည်းများနှင့် ပရိက္ခရာရှစ်ပါးတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

အမျှပေးဝေ

ဆက်လက်၍ မြို့လယ်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်က အနုမောဒနာနှင့် ရေစက်ချတရားတော်ချီးမြှင့်ရာ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့က ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများနှင့် မြို့လယ်ပရိယတ္တိစာသင်တိုက်မှ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ဖူးမြော်ကြည်ညို

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် သာသနဇောတိကသိမ်တော်၏ ကမ္ပည်းမော်ကွန်း ကြေးပြားကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းကြပြီး သိမ်တော်ရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ဖူးမြော်ကြည်ညိုကြသည်။
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေး... ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရှမ်း... မြို့လယ်ပရိယတ္တိစာသင်တိုက် သာသန... ဆွမ်းစားဆောင် ရေစက်ချလှူဒါန်းပွဲနှင့်... တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား... တော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆ...



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၏ ဇနီး ဒေါ်မြမြစန်း သာသနဟိတကာရီ သီလရှင် စာသင်တိုက်မှ ပြည်နယ် သီလရှင် အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ မဟာဂန္ထဝါစကပဏ္ဍိတ ဆရာကြီး ဒေါ်ကေသီထံ လားရှိုးမြို့ပေါ်ရှိ သီလရှင်ကျောင်းတိုက်များမှ သီလရှင်များအတွက် ဝတ်စုံများနှင့် ဆန်၊ ဆီ၊ ဆားတို့ကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကင်း ဓမ္မိကဓမ္မာရုံ မိုးကုတ်ဝိပဿနာတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၅)ရပ်ကွက် ဓမ္မိကဓမ္မာရုံ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း အင်းစိန်မြို့နယ် ညောင်ပင်သာ ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကမ္မဋ္ဌာနာစရိယ မိုးကုတ်ဓမ္မကထိက ဘဒ္ဒန္တ မာလာစာရ(ဓမ္မာစရိယ)အရှင်သူမြတ်က ပဋိစ္စသမုပ္ပါဒ် တရားတော်များကို ဖေဖော်ဝါရီ ၂၅ရက်မှ ၂၉ရက်အထိ ဟောကြားပြသမည်ဖြစ်ရာ ညစဉ်တရားနာယူနိုင်သည်။ (က-ပ)

ရန်ကင်း ဓမ္မိကဓမ္မာရုံ မိုးကုတ်ဝိပဿနာတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၅)ရပ်ကွက် ဓမ္မိကဓမ္မာရုံ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း အင်းစိန်မြို့နယ် ညောင်ပင်သာ ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကမ္မဋ္ဌာနာစရိယ မိုးကုတ်ဓမ္မကထိက ဘဒ္ဒန္တ မာလာစာရ(ဓမ္မာစရိယ)အရှင်သူမြတ်က ပဋိစ္စသမုပ္ပာဒ် တရားတော်များကို ဖေဖော်ဝါရီ ၂၅ရက်မှ ၂၉ရက်အထိ ဟောကြားပြသမည်ဖြစ်ရာ ညစဉ်တရားနာယူနိုင်သည်။ (က-ပ)

▲ **ကျောဖုံးမှ**

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့သည် စေတီတော်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် အဖွဲ့ဝင်များသည် ညှိသည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များ လားရှိုးမြို့ ဇေယျာဟောမကုန်းတော်ရှိ မဟာမြတ်မုနိရုပ်ရှင်တော်အား ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)



ဆုတောင်းပြည့်စေတီ

လားရှိုးမြို့ ရေကန်တောင်တော်ရှိ တိလောကဝိဇယ ဆုတောင်းပြည့် စေတီတော်အား ဖူးတွေ့ရစဉ်။ (သတင်းစဉ်)

ရွှေသင်္ကန်း ဆက်ကပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လားရှိုးမြို့ ဇေယျာဟောမကုန်းတော်ရှိ မဟာမြတ်မုနိရုပ်ရှင်တော်အား ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့လယ်ပရိယတ္တိစာသင်တိုက် သာသနဇောတိက သိမ်တော်နှင့် နှစ်ထပ်ဆွမ်းစားဆောင် ရေစက်ချလှူဒါန်းပွဲနှင့် လားရှိုးမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားလှူဒါန်းပွဲအခမ်းအနားတွင် ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဂရင်းရွှိုင်ရယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပပြီးစီး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

အပျော်တမ်း ဂေါက်သီးရိုက် အားကစားသမားများနှင့် ကလပ်အသင်းများ ဂေါက်သီးရိုက်အားကစား အဆင့်အတန်းမြင့်မားစေရန် ရည်ရွယ်ချက်ဖြင့် International Beverages Trading Co.,Ltd က ကြီးမှူး၍ ၂၀၀၃–၂၀၀၄ခုနှစ် ဂရင်းရွှိုင်ရယ် စပါယ်ရှယ် ရီဆာ့ဗ်ဂေါက်သီးရိုက်ပြိုင်ပွဲကို မြို့ကြီး ငါးမြို့၌ ကျင်းပခဲ့ရာ ပြီးစီးသွားပြီဖြစ်သည်။

မန္တလေးပွဲစဉ်

မန္တလေးပွဲစဉ်ကို ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၆ရက်၌ ရွှေမန်းတောင် ဂေါက်ကလပ်၌ ကျင်းပရာ ပထမဆုကို ဦးဝင်းဆွေ၊ ဒုတိယဆုကို ဦးခင်မောင်ဌေး၊ တတိယဆုကို ဦးသိန်းမြင့်တို့က ရရှိကြသည်။ မန္တလေးပွဲစဉ်တွင် ပြိုင်ပွဲဝင်ဦးရေ ၂၂၆ဦး ပါဝင်ယှဉ်ပြိုင်ပြီး ဆုပေါင်း ၁၇ဆု ချီးမြှင့်ခဲ့သည်။

ပုဂံပွဲစဉ်

ပုဂံပွဲစဉ်ကို ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၀ရက်တွင် ပုဂံဂေါက်ကလပ်၌ ကျင်းပရာ ပထမဆုကို ဦးကျော်ကိုဦး၊ ဒုတိယဆုကို ဦးအောင်မြင့်၊ တတိယဆုကို ဦးထက်ဝေဖြိုးတို့က ရရှိကြသည်။ ပုဂံပွဲစဉ်တွင် ပြိုင်ပွဲဝင်ဦးရေ ၇၆ဦး ပါဝင်ယှဉ်ပြိုင်ပြီး ဆုပေါင်း ၁၅ဆု ချီးမြှင့်ခဲ့သည်။

တောင်ကြီးပွဲစဉ်

တောင်ကြီးပွဲစဉ်ကို ၂၀၀၄ခုနှစ် ဇန်နဝါရီ ၃ရက်တွင် အေးသာယာ ဂေါက်ကလပ်၌ ကျင်းပရာ ပထမဆုကို ဦးရွှေထွန်း၊ ဒုတိယဆုကို ဦးစိုင်းစံတစ်၊ တတိယဆုကို ဦးခွန်ဖေထွေးတို့က ရရှိကြသည်။ တောင်ကြီးပွဲစဉ်တွင် ပြိုင်ပွဲဝင်ဦးရေ ၁၂၆ဦး ပါဝင်ယှဉ်ပြိုင်ပြီး ဆုပေါင်း ၁၇ဆု ချီးမြှင့်ခဲ့သည်။

ရန်ကုန်ပွဲစဉ်

ရန်ကုန်ပွဲစဉ်ကို ၂၀၀၄ခုနှစ် ဇန်နဝါရီ ၁၇ရက်နှင့် ၁၈ရက်တွင် မြို့တော်ဂေါက်ကွင်း၌ ကျင်းပရာ ပထမဆုကို ဗိုလ်မှူးခင်ဇော်ဝင်း၊ ဒုတိယဆုကို ဦးကျော်မိုးဌေး၊ တတိယဆုကို ဦးစည်သူတို့က ရရှိကြသည်။ Hole in one ဆုကို ဦးသန်းဝင်းထွဋ်က ကျင်းအမှတ်(၁၁)တွင် ရရှိသည်။ ရန်ကုန်ပွဲစဉ်တွင် ပြိုင်ပွဲဝင်ဦးရေ ၂၅၉ဦး ပါဝင်ယှဉ်ပြိုင်ပြီး ဆုပေါင်း ၁၈ဆု ချီးမြှင့်ခဲ့သည်။

ထားဝယ်ပွဲစဉ်

ထားဝယ်ပွဲစဉ်ကို ၂၀၀၄ခုနှစ် ဇန်နဝါရီ ၃၁ရက်နှင့် ဖေဖော်ဝါရီ ၁ရက်တွင် ထားဝယ်ဂေါက်ကွင်း၌ ကျင်းပရာ ပထမဆုကို ဦးစိုးသိန်း၊ ဒုတိယဆုကို တပ်ကြပ်ကြီးမောင်မြ၊ တတိယဆုကို ဦးကျော်စွာတို့က ရရှိကြသည်။ ထားဝယ်ပွဲစဉ်တွင် ပြိုင်ပွဲဝင်ဦးရေ ၆၆ဦး ပါဝင်ယှဉ်ပြိုင်ပြီး ဆုပေါင်း ၁၇ဆု ချီးမြှင့်ခဲ့သည်။

ပြိုင်ပွဲဝင် ၇၅၃ဦး

ဂရင်းရွှိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုများအပြင် အနီးဆုံးရိုက်ချက်ဆု၊ အဝေးဆုံးရိုက်ချက်ဆု၊ Most Per ဆု၊ Most Bridies ဆု၊ Hole in one ဆုနှင့် နှစ်သိမ့်ဆုများလည်း ချီးမြှင့်ခဲ့သည်။ မြို့ကြီးငါးမြို့ပြိုင်ပွဲ ငါးခုတွင် ပြိုင်ပွဲဝင်ဦးရေ ၇၅၃ဦး ပါဝင်ယှဉ်ပြိုင်ပြီး ဆုပေါင်း ၈၄ဆု ချီးမြှင့်ခဲ့သည်။

(ကြေးမုံ)

မြန်မာနိုင်ငံ အထက်ပိုင်းဆရာဝန်များ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

(၃၁)ကြိမ်မြောက် မြန်မာနိုင်ငံအထက်ပိုင်း ဆရာဝန်များ ဂေါက်သီးရိုက်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့တွင် မန္တလေးဆေးတက္ကသိုလ် ပါမောက္ခချုပ်ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေးကော်မတီနာယက၊ မန္တလေးဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးထွန်း၊ ကော်မတီဥက္ကဋ္ဌ ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာဝင်းမြင့်နှင့် ကော်မတီဝင်များ၊ ဂေါက်သီးဝါသနာရှင် ဆရာဝန် မိတ်ဆွေများ စုံညီစွာတက်ရောက်ကြသည်။

အစည်းအဝေးတွင် ကျင်းပရေးကော်မတီနာယကနှင့် ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး ရှေ့လုပ်ငန်းစဉ်များကို ညှိနှိုင်းဆုံးဖြတ်ချက်ချခဲ့ကြသည်။

ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၈ရက်(စနေနေ့) နံနက်၇နာရီတွင် အမှတ်(၃) တပ်မတော်ဂေါက်ကွင်း(ရွှေစာရံ)၌ကျင်းပမည်ဖြစ်ပြီး မြန်မာပြည် အနယ်နယ်အရပ်ရပ်မှ ဂေါက်သီးဝါသနာရှင် ဆရာဝန်များပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ ပါဝင်ယှဉ်ပြိုင်လိုသော ဂေါက်သီးဝါသနာရှင် ဆရာဝန်များသည် မြန်မာနိုင်ငံ ဆရာဝန်အသင်း (မန္တလေး)၊ ဖုန်း ၀၂-၆၄၈၄၄ သို့ ဆက်သွယ်နိုင်သည်။

(သတင်းစဉ်)

ဆရာဝန်အသင်း ဂေါက်ရိုက်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်ရိုက်အဖွဲ့၏ လစဉ် ကျင်းပမြဲဖြစ်သော ဂေါက်ရိုက်ပြိုင်ပွဲအတွက် ဖေဖော်ဝါရီ ဂေါက်ရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၉ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် ဥက္ကလာဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင် ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတစ်ဝန်းလုံး ဆေးပေးခန်း ၄၀၀ကျော် ကျေးလက်ကျန်းမာရေးဌာန ၁၄၀၀ကျော် ဖွင့်လှစ်နိုင်ခဲ့

သားငါးဖွံ့ဖြိုး ဖြည့်အကျိုး

အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံသူနာပြုအသင်း (၄၉)ကြိမ်မြောက် သူနာပြုညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

✪ **ကျေးလက်ပြည်သူများမှ**

ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ရန်ကုန်မြို့ပေါ်ရှိ သူနာပြုသင်တန်းကျောင်းများမှ ကျောင်းအုပ်များနှင့် နည်းပြများ၊ မြန်မာနိုင်ငံသူနာပြုအသင်း(ဗဟို)ဥက္ကဋ္ဌ ဒေါ်အီးဘာဘရီနှင့် အမှုဆောင်ကော်မတီဝင်များ၊ (၄၉)ကြိမ်မြောက် သူနာပြုညီလာခံသို့တက်ရောက်လာကြသော ပြည်နယ်နှင့်တိုင်းများမှ ညီလာခံကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံသူနာပြုအသင်းဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

(၅၆)နှစ်သက်တမ်း

သူနာပြုညီလာခံဖွင့်ပွဲ အခမ်းအနားတွင် အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ၁၉၄၈ခုနှစ်ကပင် စတင်တည်ထောင်ဖွဲ့စည်းထားခဲ့သည့် မြန်မာနိုင်ငံ သူနာပြုအသင်းကြီးအနေဖြင့် နှစ်ပေါင်း ၅၆နှစ်တာ သက်တမ်းကာလတစ်လျှောက် စုစည်းခိုင်မာသည့် ပြည်သူ့အကျိုးပြု အဖွဲ့အစည်းကြီးတစ်ရပ်အဖြစ် ယနေ့ကာလတိုင် ခိုင်ခိုင်မြဲမြဲ ရပ်တည်လာနိုင်ခဲ့ခြင်းသည် အသင်းသူ၊ အသင်းသားတစ်ဦးချင်းအတွက်သော်လည်းကောင်း၊အဖွဲ့အစည်းကြီးအနေဖြင့်သော်လည်းကောင်း များစွာဂုဏ်ယူဝင့်ကြွားဖွယ်ဖြစ်သည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

အလွန်မွန်မြတ်လှသည့် သူနာပြုစောင့်ရှောက်ခြင်းလုပ်ငန်း၊ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီ ဆေးရုံကြီးများမှသည် ကျေးလက်ဒေသ ကျန်းမာရေးဌာနများအထိ အလွှာအသီးသီးအလိုက် တစ်နိုင်ငံလုံးဖြန့်ကြက် စွမ်းဆောင်ပေးလျက်ရှိသည့် သူနာပြုများ၊ သားဖွားများ၊ ကျန်းမာရေးဆရာ၊ဆရာမများကို တစ်စိတ်တစ်ဝမ်းတည်း စုစည်းပြီး ညီညွတ်ခိုင်မာသော အမျိုးသားရေးစွမ်းအားစုတစ်ရပ်အဖြစ် ရပ်တည်နိုင်အောင် စည်းရုံးဦးဆောင်လျက်ရှိသည့်အတွက် ချီးကျူးဖွယ်ရာဖြစ်ကြောင်း။

ယနေ့အချိန်အခါသည် မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ကြီးပွားရေးနှင့် နိုင်ငံတကာ့အလယ်မှာ ဂုဏ်သိက္ခာ တင့်တယ်မြင့်မားစွာ ရင်ပေါင်တန်း ရပ်တည်နိုင်စေရေးတို့အတွက် မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားစုများ၏ စွမ်းပကားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးကို ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းတည်ဆောက်နေသည့် အချိန်ကာလဖြစ်ကြောင်း။

စောင့်ရှောက်မြှင့်တင်

ယခုလိုနိုင်ငံတော်သစ်ကို တည်ဆောက်နေသည့် အချိန်ကာလဖြစ်သည်နှင့် အညီ နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံသူ၊ နိုင်ငံသားပြည်သူများအားလုံး ကျန်းမာကြံ့ခိုင်သန်စွမ်းပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းစွမ်းဆောင်မှုများမှာ စွမ်းအားပြည့်ဝထက်မြက်စွာ ပူးပေါင်းပါဝင် စွမ်းဆောင်နိုင်စေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးရလဒ်ကောင်းများကို နိုင်ငံသူ၊ နိုင်ငံသားအားလုံး စိတ်အေးချမ်းမြေ့စွာ အပြည့်အဝ ရရှိခံစားနိုင်စေရန်အတွက် တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားလာအောင် စောင့်ရှောက်မြှင့်တင်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်း မြှင့်တင်ပေးနိုင်ရေးအတွက် အမျိုးသားကျန်းမာရေးစီမံကိန်းများ ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာမှာ ပြည်သူများ၏ ပဏာမကျန်းမာရေးစောင့်ရှောက်မှုကို နယ်စပ်ဒေသများအပါအဝင် ကျေးလက်အစွန်အဖျားဒေသများအထိ တိုးမြှင့်လွှမ်းခြုံပေးနိုင်စေရန်နှင့် မြို့ပြနှင့် ကျေးလက် ကျန်းမာရေးအဆင့်အတန်း ကွာဟချက်ကျဉ်းမြောင်း ပပျောက်သွားစေရန် မြို့ကြီးများမှသည် ကျေးလက်အစွန်အဖျားဒေသများအထိ တစ်ဆင့်ချင်း တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း။

ယခုလို နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ ပဏာမကျန်းမာရေး စောင့်ရှောက်ပေးမှုကို အခြေပြုပြီး ထိရောက်ထက်မြက်သော ကျန်းမာရေး စောင့်ရှောက်မှုကို ကျေးလက်အစွန်အဖျားဒေသများအထိ တိုးမြှင့်လွှမ်းခြုံပေးနိုင်စေရန် စီမံဆောင်ရွက်လျက်ရှိသည့်အတွက် မြို့ကြီးပြကြီးများမှသည် ကျေးလက်အစွန်အဖျားဒေသများအထိ တစ်နိုင်ငံလုံးမှာ ဖြန့်ကြက်တာဝန်ထမ်းဆောင်နေကြသော သူနာပြုများ၊ သားဖွားများ၊ ကျန်းမာရေးဆရာ၊ ဆရာမများ၏ စွမ်းဆောင်နိုင်မှုသည် အဓိကအခန်းကဏ္ဍမှာရှိနေသည်ဟု ပြောကြားလိုကြောင်း။

အခြေခံအကျဆုံး

သူနာပြုများသည် အဆင့်မြင့်ဆေးရုံကြီးများမှာ ဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၏ လုပ်ငန်းဆောင်တာများကို အနီးကပ် အထောက်အကူပြုနေကြသလို လူနာများနှင့် ထိတွေ့ဆက်ဆံပြီး ကုသရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လက်တွေ့စွမ်းဆောင်ပေးနေသူများဖြစ်ကြောင်း၊ ထို့ပြင် ကျေးလက်ဒေသများမှာလည်း အခြေခံအကျဆုံး ကျန်းမာရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို တာဝန်ယူဆောင်ရွက်နေကြသူများဖြစ်ကြကြောင်း။

ထို့ကြောင့် သူနာပြုများသည် ကျန်းမာရေးကဏ္ဍမှာအခြေခံအကျဆုံးနှင့် ပဓာနအကျဆုံး စွမ်းအားစုတစ်ရပ်ဖြစ်သည်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် သူနာပြုများ၏ အရေးပါသော အခန်းကဏ္ဍကို အသိအမှတ်ပြုပြီး သူနာပြုများ၊ သားဖွားဆရာမများနှင့် ကျန်းမာရေးဆရာ၊ ဆရာမများ တိုးတက်ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ရေး၊ အရည်အသွေးတိုးတက်မြင့်မားရေး၊ စဉ်ဆက်မပြတ် အဆင့်မြင့်ပညာများ သင်ယူနိုင်ရေး၊ အဆင့်မြင့်တာဝန်များ တိုးတက်အပ်နှင်းနိုင်ရေး အစီအမံများကို အလေးထားစီမံ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

သူနာပြုများ၊ သားဖွားများ တိုးတက်လေ့ကျင့် မွေးထုတ်ပေးနိုင်ရေးအတွက် သူနာပြုနှင့် သားဖွားပညာသင်ကြားရေးကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိတာကြောင့် ယခင်ခေတ်ကာလက သူနာပြုပညာသင်ကြားရေးမှာ သူနာပြုသင်တန်းကျောင်း ခုနစ်ကျောင်းနှင့် သားဖွားသင်တန်းကျောင်း ၁၅ကျောင်းသာရှိခဲ့ရာက ယခုဆိုလျှင် တပ်မတော်သူနာပြုတက္ကသိုလ်၊ ရန်ကုန် သူနာပြုတက္ကသိုလ်နှင့် မန္တလေး သူနာပြုတက္ကသိုလ် စုစုပေါင်း သူနာပြုတက္ကသိုလ်သုံးခု၊ သူနာပြုသင်တန်းကျောင်း ၂၃ကျောင်းနှင့် သားဖွားသင်တန်းကျောင်း ၂၀အထိ တိုးပွားဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း။

တိုးတက်ဖြစ်ထွန်းလာ

ထို့ပြင် သူနာပြုတက္ကသိုလ်များ၊ သူနာပြုသင်တန်းကျောင်းများနှင့် သားဖွားသင်တန်းကျောင်းများမှာ သင်တန်းသားဦးရေ တိုးတက်လက်ခံသင်ကြားပေးနေသည့်အတွက် သူနာပြုနှင့် သားဖွားဆရာမများဦးရေသည် သိသာစွာ တိုးတက်ဖြစ်ထွန်းလာနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် ၁၉၈၈ခုနှစ်ကာလက သူနာပြု ၈၃၀၀ကျော်နှင့် သားဖွားဆရာမ ၈၁၀၀ကျော်သာရှိခဲ့ရာက ယခုဆိုရင် သူနာပြု ၁၅၄၀၀ကျော်နှင့် သားဖွားဆရာမ ၁၄၀၀၀ ကျော်ရှိလာခဲ့ပြီဖြစ်ကြောင်း။

ယခုလို သူနာပြုနှင့် သားဖွားဆိုင်ရာပညာရှင်များ တိုးတက်အသုံးပြုလာနိုင်တာနှင့်အညီ ယခင်ခေတ်ကာလက ဆေးပေးခန်း ၂၄၀ကျော်၊ ကျေးလက်ကျန်းမာရေးဌာန ၁၃၀၀ကျော်နှင့် ဒေသန္တရကျန်းမာရေးဌာန ၆၀ကျော်သာရှိခဲ့ရာက ယခုဆိုရင် မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ဆေးပေးခန်း ၄၀၀ကျော်၊ ကျေးလက်ကျန်းမာရေးဌာန ၁၄၀၀ကျော်နှင့် ဒေသန္တရကျန်းမာရေးဌာန ၈၀ကျော်တို့ကို ဖြန့်ကြက်ဖွင့်လှစ်ထားနိုင်ခဲ့ပြီဖြစ်ကြောင်း။

ပါရဂူဘွဲ့သင်တန်း

အရည်အသွေးမြင့်မားသော သူနာပြုများ တိုးတက်မွေးထုတ်ပေးနိုင်ရေးအတွက် အဆင့်မြင့်သူနာပြုပညာရပ်များ စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်စေရန် စီမံဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ယခုအခါမှာ သူနာပြုဒီပလိုမာသင်တန်းတွေ၊ သူနာပြုသိပ္ပံဘွဲ့ (B.N.Sc) သင်တန်းတွေ၊ သူနာပြုမဟာသိပ္ပံဘွဲ့ (M.N.Sc) သင်တန်းတွေအပြင် သူနာပြုပါရဂူဘွဲ့ (Ph.D) သင်တန်းများပါ ဖွင့်လှစ်သင်ကြားပေးလျက်ရှိနေပြီဖြစ်ကြောင်း။

ထို့ပြင် ဩစတြေးလျနိုင်ငံ Latrobe University မှာ သူနာပြုပါရဂူဘွဲ့ သွားရောက် သင်ကြားပြီး ပါရဂူဘွဲ့ ရယူခဲ့သည့် သူနာပြုခုနစ်ယောက်လည်း မွေးထုတ်နိုင်ခဲ့တာကြောင့် သူနာပြုများအတွက် ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း။

၎င်းအပြင် ယခုနှစ်မှာလည်း ယင်းတက္ကသိုလ်မှ စာပေးစာယူသင်တန်းဖြင့် မဟာသိပ္ပံဘွဲ့ ရှစ်ဦးရရှိခဲ့ကြောင်း သိရှိရကြောင်း၊ ၎င်းတို့ကိုကြည့်ခြင်းအားဖြင့် သူနာပြုများအတွက် အဆင့်မြင့်ပညာရပ်များ၊ အဆင့်မြင့်ဘွဲ့ဒီဂရီများရရှိရေးအတွက် နိုင်ငံတော်အစိုးရက လမ်းဖွင့်ပေးထားပြီး အားပေးဆောင်ရွက်မှုများ ပြုလုပ်ပေးလျက်ရှိတာကြောင့် သူနာပြုများအဖို့ ဂုဏ်ယူဖွယ်၊ အားတက်ဖွယ်များပင်ဖြစ်ကြောင်း။

တစ်တပ်တစ်အားပါဝင်

ယခုလို အရည်အသွေးမြင့်မားသော သူနာပြုများ၊ ဘာသာရပ်အလိုက် အထူးပြုကျွမ်းကျင်သူ သူနာပြုများ တိုးပွားပေါ်ထွန်းလာနေသည့် အားလျော်စွာ မြန်မာ့ဆေးပညာသမိုင်းမှာ မော်ကွန်းရေးထိုးရမည့် အောင်မြင်ဖြစ်ထွန်းမှုများဖြစ်သည့် ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှု၊ နှလုံးရပ်ခွဲစိတ်ကုသမှု၊ ကိုယ်ချင်းဆက်အမြွှာ ခွဲစိတ်ကုသမှု၊ လုံးဝ ပြတ်တောက်သွားသည့်လက်ကို Hand Micro Surgery နည်းဖြင့် ပြန်လည်ဆက်ပေးမှု၊ နှုတ်ခမ်းကွဲအာခေါင်ကွဲများ ခွဲစိတ်ကုသမှု စသည့် အလွန်ထူးခြားသော ခွဲစိတ်ကုသမှုလုပ်ငန်းများမှာ သူနာပြုများသည် တစ်တပ်တစ်အား ပါဝင်စွမ်းဆောင်နိုင်ခဲ့ကြပြီဖြစ်တာကို ဂုဏ်ယူဝင့်ကြွားဖွယ် တွေ့ကြုံခဲ့ရပြီးဖြစ်ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံမှာ ဖြစ်ပွားတတ်သော ကျောက်ရောဂါ၊ အနာကြီးရောဂါ၊ မျက်ခမ်းစပ်ရောဂါ၊ အိုင်အိုဒင်းချို့တဲ့ရောဂါ၊ ပိုလီယိုအကြောသေရောဂါ စသည့် ရောဂါဆိုးကြီးများ လုံးဝပပျောက်သွားအောင်၊ ပြည်သူအများအတွက် ကျန်းမာရေးဆိုင်ရာ အန္တရာယ်ဆိုးကြီးများအဖြစ်မှ လျော့ကျသွားအောင် လူထုလှုပ်ရှားမှုအသွင်ဖြင့် တစ်မျိုးသားလုံးပူးပေါင်း ကာကွယ်တိုက်ဖျက်ကြရာမှာလည်း သူနာပြုများသည် တစ်တပ်တစ်အား ပါဝင်စွမ်းဆောင်နိုင်ခဲ့ကြတာ တွေ့ရကြောင်း။

ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဖြစ်သည့် မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ၊ ကျောင်းကျန်းမာရေးလုပ်ငန်းတွေ၊ အာဟာရချို့တဲ့မှုရောဂါ ကာကွယ်ရေးလုပ်ငန်းတွေ၊ ပတ်ဝန်းကျင်နှင့် လုပ်ငန်းခွင်ကျန်းမာရေးလုပ်ငန်းတွေ၊ ဆေးလိပ်သောက်သုံးမှု ကင်းဝေးရေးလုပ်ငန်းတွေ၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းတွေ၊ ပြည်သူလူထုအတွင်း ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေကောင်းရေသန့်ရရှိရေးလုပ်ငန်းတွေ၊ အမျိုးသား အဆိပ်ထိန်းချုပ်ရေးလုပ်ငန်းတွေမှာလည်း သူနာပြုများသည် အခြားသော လူမှုရေးအဖွဲ့အစည်းများနှင့် အတူတကွ ပူးပေါင်းလက်တွဲပြီး အားရစဖွယ် တက်ကြွစွာ ပါဝင်လှုပ်ရှားဆောင်ရွက်နေကြတာ တွေ့မြင်နေရကြောင်း။

ယခုလို သူနာပြုများ၊ သားဖွားဆရာမများ၊ ကျန်းမာရေးဆရာ၊ ဆရာမများအနေဖြင့် ပြည်သူများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းအဝဝမှာ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်နေသည်နှင့်အမျှ နိုင်ငံတော်၏ ကျန်းမာရေးဆိုင်ရာ ရည်မှန်းချက်များ ပြည့်ဝအောင်မြင်စေရေးမှာ အရေးပါသော စွမ်းအားစုတစ်ရပ်အဖြစ် ဆက်လက်ပြီး ခိုင်ခိုင်မြဲမြဲ ရပ်တည်နေနိုင်မှာ အမှန်ပင်ဖြစ်ကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးရေး

အထူးသဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ် အောင်မြင်စွာ အကောင်အထည်ဖော်ရေးမှာ ကျေးလက်ဒေသများ၌ တာဝန်ထမ်းဆောင်နေကြသော သူနာပြုများ၊ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➥**

25-2)KM.P65 10 2/25/04, 12:27 AM

ဖေဖော်ဝါရီ ၂၂ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း ရေကန်တောင်တော်ရှိ တိလောက ဝိဇယ ဆုတောင်းပြည့် စေတီတော်အား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

ပုဂံ–ကုသိနာရုံဘုရား ဗုဒ္ဓပူဇနိယပွဲတော်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ပုဂံမြို့ အနောက် ဖွားစောရွာအနီးရှိ ဘုရားအမှတ်(၁၂၆၇) ကုသိနာရုံဘုရားကြီးကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အင်းလျားလမ်း အမှတ် ၉၀/အေ(၁)နေ အလှူရှင် ဒေါက်တာဦးအောင်ဝင်း–ဒေါ်ဥဥအောင် မိသားစုက ကြီးမှူး၍ ဒေသခံများ၏ ပံ့ပိုးမှုဖြင့် တတိယအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို အသံမစဲပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ချီးမြှင့်ခြင်း၊ ဇာတ်ပွဲဖြင့် ဖျော်ဖြေခြင်းနှင့် ပုဂံညောင်ဦးမြို့ သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းဆန်စိမ်း လောင်းလှူခြင်းတို့ဖြင့် ဖေဖော်ဝါရီ ၂၇ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

(၅၉)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား ပြည်သူတို့နှင့် အတူတကွ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ရေး။

၂။ နိုင်ငံတော် တည်ငြိမ်ရေးနှင့် တိုးတက်မှုများကို နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူ့စစ်မဟာဗျူဟာဖြင့် ချေမှုန်းရေး။

၃။ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တို့အား ပြည်သူလူထုနှင့်အတူ ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် အင်အားတောင့်တင်း၍ စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော်တည်ဆောက်ရေး။

ကလေးပန်းချီပြပွဲ ရက်တိုးပြသ

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းမကြီး (အလယ်) ဗန်ဒါပင်မှတ်တိုင်အနီးရှိ Insight Art Gallery တွင် ကျောင်းပေါင်းစုံမှ ကျောင်းသားလူငယ်အချို့၏ လက်ရာပန်းချီကားများ ပြသထားသည့် Sunflower Kid ကလေးပန်းချီပြပွဲကို ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၇ ရက်အထိ သုံးရက်တိုးကာ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီခွဲအတွင်း ဆက်လက်ပြသလျက်ရှိသည်။ (ကြေးမုံ)

ယနေ့ထုတ်စောင်ရေ

၁၉၅၀၅၆

➥ စာမျက်နှာ ၁၀ မှ

သားဖွားဆရာမများနှင့် ကျန်းမာရေး ဆရာ၊ ဆရာမများ၏ တက်ကြွသည့် စွမ်းဆောင်မှုများသည် များစွာ အထောက်အကူပြုလျက်ရှိကြောင်း။

သူနာပြုများ၊ သားဖွားဆရာများ၊ ကျန်းမာရေးဆရာ၊ ဆရာမများက မှန်ကန်သောပညာပေးမှု၊ ကြိုတင်ကာကွယ်မှုများ စနစ်တကျပြုလုပ်နိုင်သည်နှင့်အမျှ ကျေးလက်နေပြည်သူများ ကျန်းမာရေးဆိုင်ရာ အသိအမြင်ဗဟုသုတကြွယ်ဝမှု၊ သန့်ရှင်းသော သောက်သုံးရေရရှိမှု၊ ကျန်းမာရေးကိုအထောက်အကူပြုအောင် နေထိုင်စားသောက်တတ်သည့် အလေ့အကျင့်ရှိမှု၊ ပတ်ဝန်းကျင်သန့်ရှင်းမှု စသည့် ကျန်းမာရေးဆိုင်ရာအခြေခံများဖြစ်ထွန်းလာပြီး ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းသည်လည်း တိုးတက်မြင့်မားလာမှာပဲဖြစ်ကြောင်း။

တုံ့ပြန်မေတ္တာ

ထို့ကြောင့် သူနာပြုများ၊ သားဖွားဆရာမများ၊ ကျန်းမာရေးဆရာ၊ ဆရာမများအားလုံးက အလွန်တရာမွန်မြတ်ပြီး ကျယ်ပြန့်နက်ရှိုင်းသော ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတာဝန်များကို နိုင်ငံတော်က မိမိတို့အပေါ် ယုံကြည်စိတ်ချစွာ အပ်နှင်းထားသည်ဆိုသည့် အသိစိတ်ဓာတ်ဖြင့် ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားစေရအောင် စေတနာအပြည့်အဝထားရှိပြီး အားထုတ်ကြိုးပမ်းဆောင်ရွက်ကြပါ၊ မိမိတို့၏ မွန်မြတ်သန့်ရှင်းသော လုပ်ငန်းတာဝန်များအပေါ် ဂုဏ်ယူပီတိစိတ်မွေးမြူကြပါ၊ ပြည်သူအများ၏ တုံ့ပြန်မေတ္တာကိုလည်း ထိုက်တန်စွာခံယူကြပါဟု မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရ၏ အားပေးစောင့်ရှောက်မှု၊ သူနာပြုများ၏ ကြိုးပမ်းအားထုတ်မှုများ ပေါင်းစည်းပြီး မြန်မာနိုင်ငံ သူနာပြုကဏ္ဍတစ်ရပ်လုံး ဘက်စုံကဏ္ဍစုံမှာ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများဖြစ်ထွန်းနေပြီဖြစ်သည့် ယနေ့အချိန်အခါမှာ မြန်မာနိုင်ငံ သူနာပြုအသင်းကြီးအနေဖြင့် သူနာပြုများ၏ စွမ်းဆောင်ရည် ထက်မြက်မြင့်မားစေရအောင်၊ ထက်မြက်သည့်စွမ်းဆောင်ရည်ကို ပြည်သူ့အကျိုးအတွက် စွမ်းအားပြည့်အသုံးချနိုင်စေရအောင်၊ ထူးချွန်ထက်မြက်သော သူနာပြုဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရအောင် ဝါရင့်သမ္မာရင့် သူနာပြုကြီးများက ဦးဆောင်စည်းရုံးဆောင်ရွက်သွားကြပါဟု တစ်ဆက်တည်း မှာကြားလိုကြောင်း။

သူနာပြုများ၊ သားဖွားဆရာမများ၊ ကျန်းမာရေးဆရာ၊ ဆရာမများကလည်း မြန်မာနိုင်ငံ သူနာပြုအသင်းကြီး၏ အလံတော်အောက်မှာ စုစည်းခိုင်မာသော တိုင်းကျိုးပြည်ဆောင် စွမ်းအားစုတစ်ရပ်အဖြစ် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ရပ်တည်ရင်း သူနာပြုစုမှုပညာ၊ စွမ်းရည်၊ စိတ်ဓာတ်၊ စည်းကမ်း၊ ကျင့်ဝတ်တို့နှင့် ပြည့်ဝသော သူနာပြုကောင်းများအဖြစ် အစဉ်ထာဝရ ဖြစ်ထွန်းနေစေရအောင် အားထုတ်ကြိုးပမ်း ဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့်မှာကြားလိုသည်မှာ–

- **ထူးချွန်ထက်မြက်ပြီး အရည်အသွေးမြင့်မားသော သူနာပြုစွမ်းအားစုကြီးအဖြစ် တင့်တင့်တယ်တယ် ခိုင်ခိုင်မြဲမြဲရပ်တည်ပြီး အမျိုးသားကျန်းမာရေးအဆင့်အတန်း အရှိန်အဟုန်ဖြင့် ပိုမိုတိုးတက်မြင့်မားစေရအောင် မိမိတို့ကျွမ်းကျင်ရာအတတ်ပညာဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြပါ၊**
- **နိုင်ငံတော်၏ အားပေးချီးမြှောက်မှု၊ ပြည်သူများ၏ ယုံကြည်အားထားမှုများကို ထိုက်ထိုက်တန်တန်ခံယူပြီးပြည်သူများ ကျန်းမာကြံ့ခိုင်သန်စွမ်းပြီး လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်ဝစေရအောင် နွေးထွေးကြင်နာစွာ ပြုစုစောင့်ရှောက်ပေးကြပါ၊**
- **မြန်မာနိုင်ငံသူနာပြုအသင်းကြီး၏ မွန်မြတ်သန့်စင်သော ရည်ရွယ်ချက်၊ ရည်မှန်းချက်များနှင့်အညီ သူနာပြုစုမှုပညာ၏ အဆင့်အတန်း၊ အရည်အသွေးတို့ ပိုမိုတိုးတက်မြင့်မားသည်ထက် တိုးတက်မြင့်မားစေရအောင် အသင်းကြီး၏ အလံတော်အောက်မှာ တစ်စိတ်တည်း တစ်ဝမ်းတည်း တညီတညွတ်တည်း လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြပါ၊**
- **ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးတို့ကို လက်တွေ့ဖော်ဆောင်ပေးမည့် နိုင်ငံတော် ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာ အကောင်အထည်ပေါ်ဖြစ်ထွန်းရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းပြောကြားပြီး အခမ်းအနားကို ရပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် မြန်မာနိုင်ငံ သူနာပြုအသင်း(ဗဟို)က ဆောင်ရွက်လျက်ရှိသော လူထုအခြေပြု အိမ်တွင်းပြုစုမှု လုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများပြခန်း၊ မြန်မာနိုင်ငံ သူနာပြုအသင်း သူနာပြုအသင်းခွဲ ရှမ်းပြည်နယ်(တောင်ပိုင်း)တို့မှ သူနာပြုအသင်းများ၏ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ဆောင်ချက် မှတ်တမ်းဓာတ်ပုံပြခန်းများကို ကြည့်ရှုကြသည်။ (သတင်းစဉ်)

မြန်မာ–ကိုရီးယား ချစ်ကြည်ရေးလုပ်ငန်း ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာ–ကိုရီးယား ချစ်ကြည်ရေးအသင်းနှင့် ရန်ကုန်မြို့သို့ ရောက်ရှိနေသော ကိုရီးယား–မြန်မာ ချစ်ကြည်ရေးအသင်းတို့၏ နှစ်နိုင်ငံ ချစ်ကြည်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ ဧကမ္ဗာခန်းမ၌ ကျင်းပရာ မြန်မာ–ကိုရီးယားချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ၊ ကိုရီးယား–မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဘုန်းတော်ကြီး Venmonktax ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Kyung-Woo တို့က အမှာစကားပြောကြားကြပြီး နှစ်နိုင်ငံ ချစ်ကြည်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဒေါက်တာခင်ရွှေက အမေရိကန်ဒေါ်လာ ၅၀၀၀တန်ဖိုးရှိ ကျွန်းသားဖြင့် ထုလုပ်ထားသော ဗုဒ္ဓရုပ်ပွားတော်တစ်ဆူအား ကိုရီးယား–မြန်မာချစ်ကြည်ရေးအသင်းသို့ ပေးအပ်လှူဒါန်းပြီး နှစ်နိုင်ငံဂုဏ်ပြုလက်ဆောင်များကို အပြန်အလှန်ပေးအပ်ကြသည်။

ပူးပေါင်းဆောင်ရွက်

ကိုရီးယား–မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌနှင့်အတူ အဖွဲ့ဝင် ၃၅ဦးတို့သည် မြန်မာနိုင်ငံရှိ မြန်မာ–ကိုရီးယား ချစ်ကြည်ရေးအသင်းနှင့်အတူ နှစ်နိုင်ငံ ချစ်ကြည်ရေး၊ ဘာသာရေး၊ စီးပွားရေး၊ ပညာရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန် လာရောက်ကြခြင်းဖြစ်ပြီး မကြာမီကာလအတွင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများကို အကောင်အထည်ဖော်မည်ဖြစ်သည်။ (သတင်းစဉ်)

အမှတ်(၆) ဗောဓိရိပ်သာ သံလွင်လမ်း ရွှေတောင်ကြား (၂)ရပ်ကွက် ဗဟန်းမြို့နယ်နေ ကွယ်လွန်သူ ဖခင်ကြီး ဒေါက်တာကျော်မြင့်ထွန်းနှင့် မိခင်ကြီး ဒေါ်မြင့်မြင့်ဝင်း(ခ)ဒေါ်မွေးမွေးတို့အား ရည်စူး၍ သား၊ သမီး၊ မြေး တစ်စုတို့က လှူဒါန်းငွေကျပ် နှစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂)ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း ရန်ကုန်သို့ လာရောက်လှူဒါန်းရာ အလုပ်အမှုဆောင် ဒေါ်ဌေးဌေးနိုင် လက်ခံရယူစဉ်။ (က–ပ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်

အိန္ဒိယသမ္မတကြီးက သာသနိကလက်ဆောင်အဖြစ် လှူဒါန်းလိုက်သော ဗောဓိပင်ပျိုးလွှဲပြောင်းပေးအပ်ခြင်းနှင့် အင်္ဂလိပ်ဘာသာကျမ်းစာအုပ်များ လှူဒါန်းခြင်းအခမ်းအနား တက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ညနေ ၆နာရီခွဲတွင် ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ကျင်းပသည့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးက မြန်မာနိုင်ငံသို့ သာသနိကလက်ဆောင်အဖြစ် ပေးအပ်လှူဒါန်းလိုက်သော ဗောဓိပင်ပျိုး လွှဲပြောင်းပေးအပ်ခြင်းနှင့် သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရက အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ အင်္ဂလိပ်ဘာသာကျမ်းစာအုပ်များ လှူဒါန်းခြင်းအခမ်းအနားသို့ တက်ရောက်သည်။

တက်ရောက်

အခမ်းအနားသို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဂုဏ်ထူးဆောင် ပါမောက္ခ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ (D.Litt)၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ ကုမာရ (D.Litt) နှင့် မဟာဌာနမှူး ဆရာတော်များ ကြွရောက်တော်မူကြပြီး အစိုးရအဖွဲ့ — အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (စီမံ)နှင့် တာဝန်ရှိသူများ၊ တပည့်၊ ဒါယကာ ဒါယိကာမများ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ အခမ်းအနားကို နမော တဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ထို့နောက် စစ်ကိုင်းမြို့ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိသီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရထံမှ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွား သရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆရာတော်များအား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရက အိန္ဒိယသမ္မတနိုင်ငံ သမ္မတကြီးက သာသနိကလက်ဆောင်အဖြစ် ပေးအပ်လိုက်သော ဗောဓိပင်ပျိုးအား နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါဗောဓိပင်ပျိုးမှာ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ဖေဖော်ဝါရီ ၁၇ရက်မှ ၁၉ရက်အထိ ကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ ကွန်ဖရင့်နှင့် ဘာသာရေးဆိုင်ရာ ခရီးသွားလုပ်ငန်း တိုးမြှင့်ရေး အစည်းအဝေးတွင် အိန္ဒိယနိုင်ငံ သမ္မတ ဒေါက်တာ အေပီဂျေ အဗ္ဗဒူလ်ကလမ် ARJ အဘ်ဒူလ်ကာလမ်က ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် အဆိုပါအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရမှတစ်ဆင့် ပေးအပ်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

၁၉၈၉အုပ်

ယင်းနောက် သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရက လှူဒါန်းသည့် ငွေကျပ် ၁၁၉၉၁၈၀၀ တန်ဖိုးရှိသော အင်္ဂလိပ်ဘာသာ ကျမ်းစာအုပ်ပေါင်း ၁၉၈၉အုပ်ကို သီတဂူဆရာတော်ကိုယ်စား သီတဂူဝေယျာဝစ္စအဖွဲ့မှ ဦးဟန်က အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာ လှဖေသို့ လွှဲပြောင်း ပေးအပ်သည်။

ရေစက်သွန်းချအမျှပေးဝေ

ထို့နောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ ကုမာရက အနုမောဒနာ တရားဟောကြားတော်မူပြီး၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)



အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင်ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာကွန်ဖရင့်နှင့် ဘာသာရေးဆိုင်ရာ ခရီးသွားလုပ်ငန်းတိုးမြှင့်ရေး အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရမှတစ်ဆင့် အိန္ဒိယနိုင်ငံသမ္မတကြီးက မြန်မာနိုင်ငံအတွက် ပေးအပ်လှူဒါန်းလိုက်သည့် ဗောဓိပင်ပျိုးအား ဆရာတော်ကြီးက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရက အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့လှူဒါန်းသည့် အင်္ဂလိပ်ဘာသာ ကျမ်းစာအုပ်များကို နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် ကြည့်ရှုစဉ်။ (သတင်းစဉ်)

အရက်ကြောင့်ဖြစ်သည့်ရောဂါများ

အရက်ကို လွန်ကျူးစွာနှင့် စွဲလန်းစွာ သောက်သုံးခြင်းကြောင့်ဖြစ်ပွားတတ်သော ရောဂါများမှာ–

- အသည်းရောင်ခြင်း၊
- အသည်းခြောက်ခြင်း၊
- သွေးအန်ခြင်း၊
- အစာအိမ်ရောဂါဖြစ်ခြင်း၊
- နှလုံးရောဂါဖြစ်နိုင်ခြင်း၊
- ဦးနှောက်နှင့်အာရုံကြောထိခိုက်ခြင်း၊
- စိတ်ရောဂါများဖြစ်ခြင်းစသည်တို့ဖြစ်ပါသည်။

အရက်ကြောင့်ဖြစ်တတ်သော စိတ်ရောဂါများမှာ–

၁။ ကယောင်ကတမ်းဖြစ်ခြင်း (Delirium Tremers)၊ ကြောက်လန့်ခြင်း၊ အချိန်၊ နာရီ၊ နေရာ၊ လူ ခန့်မှန်းနိုင်စွမ်းမရှိခြင်း၊ ကြောက်စရာ လန့်စရာများမြင်ရခြင်း၊ အသံဗလံများကြားရခြင်း၊ ပိုးမွှားများ ခန္ဓာကိုယ်ပေါ် ရွစိရွစိသွားသလို ခံစားရခြင်း၊ လက်တုန်ရောဂါဖြစ်တတ်ခြင်း။

၂။ အရက် အလွန်အကျွံသောက်သည့်အခါတွင် လူမရှိဘဲ နားထဲတွင် ခေါ်သံများ၊ ခြိမ်းခြောက်သံများ၊ စော်ကားမော်ကားသံများ ကြားနေရတတ်ခြင်း (Alcoholic Hallucinosis)။

၃။ အတက်ကြီးရောဂါဖြစ်ခြင်း (Rum Fits) (ဝက်ရူးပြန်ရောဂါကဲ့သို့တက်ခြင်း)။

၄။ စိတ်ဓာတ်ကျရောဂါဖြစ်တတ်ခြင်း (Depressive Illness)။

၅။ စိတ်ဖောက်ပြန်ခြင်း (Alcoholic Psychosis)။

၆။ ဦးနှောက်ချို့ယွင်းခြင်း။

၇။ အရက်နှင့်မတည့်သောသူများသည် အရက်အနည်းငယ်သောက်ရုံဖြင့် ရုတ်တရက် စိတ်ဖောက်ပြန်တတ်ခြင်း (Pathological Drunkenness)။

၈။ မိမိ၏ဇနီးကို အထင်အမြင်လွဲမှားခြင်းများ ဖြစ်တတ်ခြင်း (Morbid Jealousy)။

၉။ အရက်ကြောင့် ရာဇဝတ်မှုကျူးလွန်သည်အထိ ဖြစ်နိုင်ခြင်း။

အထက်ပါဆိုးကျိုးများကို မခံစားရစေရန် အရက်သောက်သုံးခြင်း၊ အထူးသဖြင့် အလွန်အကျွံ သောက်သုံးခြင်း၊ အရက်ကို စွဲလန်းစွာ သောက်သုံးခြင်းတို့မှ ရှောင်ကြဉ်ရန် တိုက်တွန်းအပ်ပါသည်။ အရက်စွဲရောဂါဖြစ်ပွားပါက စိတ်ကျန်းမာရေးဆေးရုံနှင့် ကုသရေးဌာနများတွင် စနစ်တကျ ကုသမှုခံယူရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

သံလွင်တံတား(မော်လမြိုင်) ရေလမ်းကြောင်းထုတ်ပြန်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်း ရေလမ်းကြောင်းအတွင်းမှ ဖြတ်သန်းသည့် ရေယာဉ်များ လုံခြုံချောမွေ့စွာသွားလာနိုင်ရေးနှင့် တံတား တည်ဆောက်ရေးလုပ်ငန်းခွင် အန္တရာယ် ကင်းရှင်းစေရေးအတွက် ရေယာဉ်များ ခုတ်မောင်းရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်(၁၀)နှင့် (၁၁)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၃)နှင့် (၁၄) အကြားမှလည်းကောင်း သတ်မှတ်ပေးထားသည်။

ရေယာဉ်များ ဝင်ထွက်ရမည့် ရေလယ်တိုင်နှစ်တိုင်အကြား ရေလမ်းကြောင်း ကင်းလွတ်အကျယ်မှာ ပေ ၃၂၀ရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်ရေလယ်တိုင်တွင် အစိမ်းရောင်မြားပြသထားပြီး မဝင်ရမည့် ရေလမ်းများရှိ ရေလယ်တိုင်များတွင် အနီရောင် ကြက်ခြေခတ်အမှတ်အသားများ ပြသထားသည်။ ရေယာဉ်များ ချဉ်းကပ်လမ်းကြောင်းမှန်စေရန် ချဉ်းကပ်လမ်းကြောင်းထိန်း ဖော်ယာ ချပြထားသည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ပေ ၂၀ခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် ရေယာဉ်များ ချဉ်းကပ်လမ်းကြောင်းထိန်း ဖော်ယာအထိ သွားရောက်ပြီးမှ ချဉ်းကပ် လမ်းကြောင်းမှန်ယူပြီး ရေကြော၊ လေကြော ချိန်ဆ၍ သတိပြုထိန်းသိမ်းမောင်းနှင်ကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်း သတိပေးနှိုးဆော်ချက်ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းပြန်လည်သုံးသပ်ညှိနှိုင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၄

၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းပြန်လည် သုံးသပ်ညှိနှိုင်း အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံ ဥပစာခန်းမ၌ ကျင်းပရာ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အစည်းအဝေးသို့ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် အစည်းအဝေးသည် ၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ လုပ်ငန်းပြန်လည်သုံးသပ်သည့်အစည်းအဝေး ဖြစ်ကြောင်း၊ ၂၀၀၄ ခုနှစ် (၅၇) နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးလုပ်ငန်းများကို စီမံချက်များအသီးသီးရေးဆွဲပြီး စီမံချက်များနှင့် အညီအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အတွက် အောင်အောင်မြင်မြင် ကျင်းပပြီးစီးခဲ့ခြင်းဖြစ်ကြောင်း။

ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပြည်နယ်၊ တိုင်းအသီးသီးမှ တိုင်းရင်းသားလူမျိုးများ စုံစုံလင်လင် ပါဝင်တက်ရောက်စေရေး ဆောင်ရွက်ရန်၊ ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လမ်းညွှန်မှုပြုခဲ့ကြောင်း၊ ထိုလမ်းညွှန်ချက်နှင့်အညီ ယခုကျင်းပသည့် ပြည်ထောင်စုနေ့ အခမ်းအနားသို့ ပြည်နယ်နှင့်တိုင်းများမှ တိုင်းရင်းသားလူမျိုးများ စုံစုံလင်လင် တက်ရောက်ခဲ့ကြောင်း၊ သို့ဖြစ်ရာ နောင်နှစ်များတွင် ကျင်းပမည့် ပြည်ထောင်စုနေ့ အခမ်းအနားများတွင်လည်း ယခုနှစ်ကဲ့သို့ တိုင်းရင်းသားလူမျိုးများ စုံလင်စွာပါဝင်ရေးကို ဆက်လက် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ပြည်ထောင်စုနေ့ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကများကို တင်ဆက်ကြရာတွင် တစ်နှစ်ထက်တစ်နှစ် တိုင်းရင်းသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို သရုပ်ဖော်သည့် အကများ တင်ဆက်လာသည်ကို တွေ့ရပြီး ယင်းသရုပ်ဖော်အကများသည် ပြည်ထောင်စုနေ့အနှစ်သာရများနှင့် ကိုက်ညီမှုရှိသည်ကိုတွေ့ရကြောင်း၊ ယခုနှစ် တိုင်းရင်းသား ရိုးရာအကများကို မှတ်တမ်းတင်ထားသည့် ဗီဒီယိုများအား ပြည်နယ်၊ တိုင်းများသို့ ပေးပို့ပေးခြင်းဖြင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့များအနေဖြင့် နောင်နှစ်အတွက် ပြုပြင်ရန်ရှိသည်များကို ပြုပြင်နိုင်မည် ဖြစ်ကြောင်း။

(၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးအတွက် ရန်ပုံငွေများရရှိ သုံးစွဲခဲ့ကြရာတွင် သုံးသင့် သုံးထိုက်၊ ကုန်သင့်ကုန်ထိုက်သည့် အသုံးစရိတ်များကိုသာ သုံးစွဲခဲ့ကြသည်ဟု သိရကြောင်း၊ အသုံးစရိတ်များ မှန်ကန်မှုရှိစေရေးအတွက် စာရင်းစစ်ဆေးရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

ယခု ကျင်းပပြီးစီးခဲ့သည့် ပြည်ထောင်စုနေ့တွင် စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတွင် တာဝန်ယူဆောင်ရွက်ကြသူများ အနေဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြပြီး ဘက်စုံထောင့်စုံမှ ဝိုင်းဝန်း အကောင်အထည်ဖော်ခဲ့ကြသဖြင့် ချို့ယွင်းချက်၊ အားနည်းချက် မရှိသလောက်ပင် ပြည့်စုံအောင်မြင်ခဲ့ကြောင်း၊ နောင်နှစ်များတွင် ယခုထက်ပို၍ ကြိုးစားဆောင်ရွက်သွားကြမည်ဆိုလျှင် ယခုထက်ပိုမိုကောင်းမွန်လာမည် ဖြစ်ကြောင်း။

နှစ်စဉ်နှစ်တိုင်း ပြည်ထောင်စုနေ့ အခမ်းအနားများကို ကျင်းပလျက်ရှိခြင်းမှာ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများ အချင်းချင်း စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာ ရင့်သန်ရေးအတွက် ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ သို့ဖြစ်ရာ မိမိတို့ လုပ်ကိုင်ဆောင်ရွက်ကြရသည့် လုပ်ငန်းများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုအောင်မြင်ခမ်းနားအောင် ဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲအောင် ဆောင်ရွက်ရာရောက်သည့်အတွက် နောင်လာမည့် နှစ်များတွင်လည်း ယခုထက်ပိုမိုကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေး ဆပ်ကော်မတီ၊ ကျွေးမွေးဧည့်ခံရေး ဆပ်ကော်မတီ၊ ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ ညစာစားပွဲခင်းကျင်းကျွေးမွေးရေး ဆပ်ကော်မတီ၊ ညစာစားပွဲဖြေဖျော်ရေး ဆပ်ကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၊ ပြည်ထောင်စုနေ့ပြပွဲ ခင်းကျင်းပြသရေး ဆပ်ကော်မတီ၊ ပြန်ကြားရေး ဆပ်ကော်မတီ၊ ဘဏ္ဍာရေး ဆပ်ကော်မတီ၊ လုံခြုံရေး ဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေး ဆပ်ကော်မတီ၊ အလံတင်အခမ်းအနားစီစဉ်ရေး ဆပ်ကော်မတီနှင့် အလံတော် သယ်ယူရေး မြေစိုက်ပိုစတာနှင့် ပြည်နယ်အထိမ်းအမှတ် သင်္ကေတများ စိုက်ထူရေးဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ချက်များနှင့် သုံးသပ်အကြံပြုချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

တရားပွဲများကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

စစ်ကိုင်းတောင်ရိုး ရွှေဟသာ်ာ ကျောင်းတိုက်ကြီးမှ သာမဏေကျော် ဓမ္မာစရိယ ပဋ္ဌာနိကာယဝိဒူ ဂန္ထဝါစက ပဏ္ဍိတ သာသနာပြုဓမ္မကထိက ဆရာတော် အရှင်အာစာရာလင်္ကာရသည် ဖေဖော်ဝါရီ ၂၅ရက်မှ မတ် ၁ ရက်ထိ သန်လျင်မြို့နယ် ပုံဂံတောင်ရွာကျေးရွာ၊ မတ် ၃ ရက်မှ ၅ ရက်ထိ ဒေးဒရဲမြို့နယ် တမာတကောတူးမြောင်းရွာ၊ မတ် ၆ ရက်နှင့် ၇ ရက်တွင် သာကေတ(၅)ရပ်ကွက် သုမနဗိမာန်၊ မတ် ၈ ရက်တွင် ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် ပေါက်တန်း ဒိတ်ကုန်းကျေးရွာ ဗုဒ္ဓပူဇနိယပွဲ ဓမ္မသဘင်တို့၌ တရားတော်များ ဟောကြားမည်ဖြစ်ရာ စစ်ကိုင်းရွှေဟသာ်ာ ဖုန်း-၀၇၂-၂၂၁၇၀၊ ၂၁၁၆၉၊ ရန်ကုန်ဖုန်း ၀၁-၆၅၁၁၉၄၊ မယ်တော်ကြီး(မိခင်) အမှတ် ၂၇/က အောင်မေတ္တာလမ်းသွယ် (၁-နောက်) အောင်သစ္စာလမ်းမ သမိုင်းလမ်းဆုံအနီး မရမ်းကုန်းမြို့နယ်သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ရန်ကုန်မြို့ ဗဟန်း (၁)လမ်း ပအိုဝ်းဓမ္မာရုံ၌ သာသနာတော်ဘွဲ့တံဆိပ်ချီးမြှင့်ခံ ဆရာတော်ခြောက်ပါးအား ပအိုဝ်းဓမ္မာရုံ ဂေါပကအဖွဲ့ ရန်ကုန်တိုင်း ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီနှင့် ကုသိုလ်ရှင်များ စုပေါင်း၍ ပူဇော်ပွဲကို မတ် ၅ ရက် နံနက် ၈ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(က-ပ)

ပို့ဆောင်ရေးဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ မြန်မာကိုယ်စားလှယ်အဖွဲ့အား ပို့ဆောင်လေဆိပ်တိုးချဲ့ရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၄

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေသည် ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ဖေဖော်ဝါရီ ၂၄ ရက်မှ ၂၆ရက်အထိ ကျင်းပမည့် ပထမအကြိမ် အာဆီယံပို့ဆောင်ရေး လုပ်ငန်းကျွမ်းကျင်သူ အဆင့်မြင့် အရာရှိကြီးများအဖွဲ့ အစည်းအဝေးသို့ တက်ရောက်ရန် လေကြောင်းခရီးဖြင့်ထွက်ခွာသည့် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင် ခေါင်းဆောင်သည့် မြန်မာနိုင်ငံ အာဆီယံပို့ဆောင်ရေး အဆင့်မြင့်အရာရှိကြီးများအဖွဲ့အား ယမန်နေ့နံနက် ၁၀ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။

ဒုတိယဝန်ကြီးနှင့်အတူ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှသောင်းမြင့်နှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီး ဦးခင်မောင်တို့ လိုက်ပါသွားကြသည်။

ထိုမှ တစ်ဆင့် ဝန်ကြီးသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆင့်မြင့်တိုးချဲ့တည်ဆောက်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ လုပ်ငန်းခွင်ရှင်းလင်းဆောင်၍ Asia World Co,မှ ဒါရိုက်တာ ဦးကြေးက လုပ်ငန်းများပြီးစီးမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်လျက်ရှိသော အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအုန်းမြင့်နှင့် ဦးဝင်းဦးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ထို့နောက်ဝန်ကြီးသည် စီမံကိန်းလုပ်ငန်းခွင်အတွင်း အခြေခံကွန်ကရစ်လုပ်ငန်း မြေသားလုပ်ငန်း၊ ဘိုးပိုင်တိုင်တူးခြင်းလုပ်ငန်းများကိုလိုက်လံကြည့်ရှုစစ်ဆေးရာ Asia World Co, မှ တာဝန်ရှိသူများက စက်ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် အဆင့်မြင့် တိုးချဲ့တည်ဆောက်ရေး လုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (ပို့ဆောင်ရေး)

ထို့နောက်ဝန်ကြီးသည် လေဆိပ်အဝင်လမ်း အဆင့်ပြေချောမွေ့စေရေး ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

(သတင်းစဉ်)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကုန်းမြင့်ရိပ်သာလမ်း၊ အမှတ်(27-Z)နေ ဗိုလ်မှူးချုပ်ဇော်ထွန်း(ငြိမ်း)– ဒေါ်မာလာခင်ညိုတို့၏ တစ်ဦးတည်းသောသား

မောင်နေမျိုးဇော် B.Sc (Physics)

နှင့်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗိုလ်သူရလမ်း၊ အမှတ်(၇၇)နေ ဦးကာစီ(ဘုရင့်နောင်ဈေး)–ဒေါ်ခင်ဖုန်းမြင့်တို့၏ တစ်ဦးတည်းသောသမီး

မတင်မိုးအေး Final Part II
Institute of Medicine I

တို့သည် ၂၂–၂–၂၀၀၄ ရက်တွင် အမှတ်(၇၇)၊ ဗိုလ်သူရလမ်းနေအိမ် မင်္ဂလာဗွိ နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်နေမျိုးဇော်–မတင်မိုးအေး။

အမည်ပြောင်းခြင်း

အဖ ဦးထွန်းလေး၏ သား မောင်ခွန်သူရဦး စတုတ္ထတန်း(က)၊ အလက(၄) ရန်ကင်းအား မောင်ခွန်ဟိန်းဉာဏ်လင်းဟု အမည်ပြောင်းလဲခေါ်ပါရန်။

မောင်ခွန်ဟိန်းဉာဏ်လင်း။

---

(၂၄)နာရီ မိတ်ရက်မရှိ

ကား–စီးလုံး

ငှားသည်

Golden Hope Int'l Ltd.

☎-202377,703220

ဖရော့ဦး ကားငှားလုပ်ငန်း

Ph: 720609, 249380, 710696

Ⓡ တော်ဝင်

သင်္ကြန်၊ အလှူ၊ ခရီးနီး/ဝေး လချုပ်၊ အပျော်ခရီး၊ ဘုရားဖူး၊ ကုမ္ပဏီ အဖွဲ့အစည်းများအတွက် ကားမျိုးစုံ ရှိသာစွာ စင်းလုံးငှားသည်။ (၂၄) နာရီ

☎ 380183

ဖခင်အမည်မှန်

ကျွန်တော်လှမင်း၏ ဖခင် အမည်မှန်မှာ ဦးစံမြင့် မှတ်ပုံတင်အမှတ် (D.L.010112) ဖြစ်ပါသည်။

အိမ်စီး/ ကားသန့်
ရောင်းမည်
၄က/မတ်တူး ၈၇
ဖုန်း–၅၄၁၀၁၈။

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ တတိယအကြိမ် ဘက်စုံပြန်လည်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေထည့်ဝင်လှူဒါန်းရန်နှိုးဆော်လွှာ

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ တတိယအကြိမ် ဘက်စုံပြုပြင်မွမ်းမံရေး၏ ဒုတိယမြောက်လုပ်ငန်းအဖြစ် စေတီတော်ကြီးနှင့် လွန်စွာနီးကပ်စွာ တည်ရှိနေသော ဘုရားကြီးကိုးဆူ တန်ဆောင်းကို ရင်ပြင်လျှောက်လမ်း ကျယ်ဝန်းစေရန်အတွက် အသစ်ပြန်လည် တည်ဆောက်သွားမည်ဖြစ်ပါသည်။ အသစ်ပြုပြင်တည်ဆောက်ပြီးသွားပါက ဘုရားကြီးကိုးဆူတန်ဆောင်းသည် စေတီတော်နှင့် (၉)ပေခန့်ကွာဝေးသွားပြီး ရင်ပြင်တော်လျှောက်လမ်းကျယ်ဝန်းသွားမည့်အပြင် ကိုးဆူတန်ဆောင်းမှာလည်း ပိုမိုကျယ်ဝန်းတင့်တယ်သွားမည် ဖြစ်ပါသည်။

စေတီတော်မြတ်ကြီး၏ တတိယအကြိမ် ဘက်စုံလုပ်ငန်းအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကိုလည်း မကြာမီကျင်းပပြုလုပ်ရန်ရှိပါသဖြင့် ကုသိုလ်တော် ပါဝင်လိုသူ အလှူရှင်များအနေဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

စေတီတော်ဂေါပကရုံး– ၂၉၀၄၂၅
ပြန်ကြားရေးဝန်ကြီးရုံး–၂၄၅၆၁၅၊ ၂၄၅၆၁၉၊ ၂၄၅၅၉၅၊ ၂၄၅၆၂၄၊ ၂၄၅၆၃၁။

Y.E.S. LANGUAGE CENTRE

ကလေးများအတွက်အင်္ဂလိပ်စကားပြောသင်တန်း MAR-15
Basic Spoken English FEB- 23, 28 MAR - 1
P.I.E & I.E FEB-23
Grammar Foundation Course FEB-23
SAT (I), SAT (II), AWC, VEC, TOEFL, IELTS
No.119, Y.W.C.A Building, Bogalayzay Street, Botataung TSP,
နံ့စမ်းရန်ဖုန်း - 245821

နေ့ကြယ်အညာနေ့

VCD KARAOKE

စိုင်းထီးဆိုင်

ဒါရိုက်တာ-ဒီဗိုင်းမျိုးဆွေသန်း

ထွက်ပြီ။

ကသစ်ပန်း

ခင်သီတာအုန်း

အဆင့်မြင့်ပက်ရှင်နှင့် စက်ချုပ်သင်တန်း

သင်တန်းသူ အသစ်များ ထပ်မံလက်ခံနေပြီ။

ဆရာဦးခင်မောင်ငွေး

Summer English Language 2004

နွေရာသီအင်္ဂလိပ်စာသင်တန်းများ

အခြေခံတန်း **Basic Course** မတ်လဆန်းစမည်။

ပြည်ပအလုပ်အကိုင် ကြော်ငြာ

၁။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော T&Y Enterprise ၏ စီစဉ်ဆောင်ရွက်မှုဖြင့် စင်ကာပူနိုင်ငံ Port of Singapore Authorities, PSA တွင် ဆိပ်ကမ်းကွန်တိန်နာယာဉ်ကြီးများ မောင်းနှင်ရန်အတွက် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသော မြန်မာနိုင်ငံသား (အမျိုးသား) များ အလိုရှိပါသည်။

(က) လိုအပ်သောဦးရေ	–	(၄၀)ဦး
(ခ) အသက်	–	၂၀ မှ ၄၀ နှစ်
(ဂ) ပညာအရည်အချင်း	–	(၈)တန်းအောင်
(ဃ) အခြားလိုအပ်ချက်	–	"င"ယာဉ်မောင်းလိုင်စင်ရရှိထားပြီး အင်္ဂလိပ်စကား ပြောဆိုတတ်ရမည်
(င) အခြေခံလစာ	–	၅၅၀ S$
(စ) အချိန်ပိုနှင့် ခံစားခွင့်	–	၃၅၀ S$
(ဆ) ဝန်ဆောင်ခ	–	၂၂၀၀ S$ နှင့်ညီမျှသောမြန်မာကျပ်ငွေ

၂။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(မြို့နယ်ရုံး)များနှင့် ကျန်ပြည်နယ်/တိုင်းများရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးများတွင် ၁–၃–၂၀၀၄ရက် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အသေးစိတ်အချက်အလက်များကို အထက်ဖော်ပြပါ အလုပ်သမားရုံးများတွင် စုံစမ်းသိရှိနိုင်ပါသည်။

PERFECT ZONE CO., LTD.

2004 WATER FESTIVAL &
PERFECT ZONE CO., LTD. OF ANNUALLY PROMOTION

CANON COPIER

Ph: 292827

G.Link Computer

Hardware Course (A+)
Graphic Design Course
Visual Basic Course

Office XP, DTP, Access, Special Effects
ACCPAC, AutoCAD, C++, JAVA

Ph : 243 982, 240 622 Fax : 240 622

ဘုရားဖူးလိုက်ကြမလား

၁။ ဦးမြတ်ကိုး
၂။ ဒေါ်သင်းကြိုင်
၃။ ရွှေစီးကွက်ဘုရားဖူးပို့ဆောင်ရေး
၄။ ဒေါ်ခင်ဇော်ညွှန့်
၅။ ကိုမျိုးဇော်ဝင်း+မမအေးအေးသန်း
၆။ သိန်းဇော်နှင့်ရောင်းရင်းများ ဘုရားဖူးပို့ဆောင်ရေး
၇။ ဒေါ်အေးအေးခိုင်

ရှစ်ပေါက် စက်အုတ်

၂၃-ကျပ် အထိုင်ဈေး

ဖုန်း - ၂၁၁၂၉၃၊ ၂၂၅၉၃၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့
ပြည်လမ်း၊ ရန်ကုန်မြို့

မြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေး သုတေသနအဖွဲ့တို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သင်ခန်းစာများကို ၂၅-၂-၂၀၀၄ နေ့မှစ၍ နေ့စဉ်ဖော်ပြသွားမည် ဖြစ်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
စိတ်ကြိုက်မြန်မာစာဘာသာ သိကောင်းစရာ

ခု ပို့ချမယ့် အကြောင်းအရာကတော့ **'စိတ်ကြိုက် မြန်မာစာဘာသာရပ်အကြောင်း သိကောင်းစရာ'** ဖြစ်ပါတယ်။ စိတ်ကြိုက်မြန်မာစာဆိုတာ **'စိတ်ကြိုက်'** ဆိုတဲ့ ဝိသေသနဲ့အညီ တပည့်တို့စိတ်ကြိုက်ဘာသာအဖြစ် ရွေးချယ်ယူခွင့်ရှိတဲ့ ဘာသာရပ်ဖြစ်ပါတယ်။ မြန်မာစာကို အဆင့်မြင့်မြင့် ဆက်လက် လေ့လာနိုင်ဖို့ ဦးတည်ပြီး လမ်းခင်းထားတဲ့ ဘာသာရပ်ဖြစ်ပါတယ်။ စိတ်ကြိုက်မြန်မာစာသင်ရတဲ့ ရည်မှန်းချက်တွေကတော့ မြန်မာစာပေရဲ့ တိုးတက်မှုအစဉ်ကို သိစေဖို့၊ စကားပြေတွေ၊ ကဗျာတွေကို ဝေဖန်အကဲဖြတ်နိုင်စေဖို့၊ အရေးအသားကျွမ်းကျင်တတ်မြောက်စေဖို့၊ မြန်မာဝေါဟာရတွေကို ပိုင်ပိုင်နိုင်နိုင် သုံးတတ်စေဖို့၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံတွေကို အလေးထား တတ်စေဖို့ဆိုတဲ့ အချက်တွေပဲဖြစ်ပါတယ်။

ဒီရည်မှန်းချက်တွေနဲ့အညီ ပြဋ္ဌာန်းထားတဲ့ စာအုပ်တွေကတော့ တပည့်တို့ သိထားတဲ့အတိုင်း မောင်ရင်မောင် မမယ်မဝတ္ထု၊ သံဝရပျို့၊ မြန်မာကဗျာဖွဲ့နည်းနဲ့ မြန်မာစာပေသမိုင်းတို့ပဲ ဖြစ်ပါတယ်။ ဒီစာအုပ်တွေကို တပည့်တို့ရဲ့ ဆရာ ဆရာမတွေက ကျေကျေညက်ညက်သင်ကြားပေးပြီးပြီမို့ ဒီပို့ချချက်တွေမှာ ခုလို စာမေးပွဲနီးချိန်မှာ ဒီစာအုပ်တွေနဲ့ ပတ်သက်ပြီး ဂရုပြုရမယ့် သိကောင်းစရာတွေကို ပို့ချ ဆွေးနွေးမှာဖြစ်ပါတယ်။

မောင်ရင်မောင်မမယ်မဝတ္ထုဟာ ဂျိမ်းလှကျော်ရေးသားတဲ့ ဝတ္ထုဖြစ်တယ်။ ၁၉၀၄ခုနှစ်မှာရေးတယ်။ ပြင်သစ် ဝတ္ထုရေးဆရာကြီး အလက်ဇန်ဒါးဒူးမားရဲ့ မွန်တီခရစ္စတိုနယ်စားကြီးဝတ္ထုကို တစ်စိတ်တစ်ပိုင်း မှီငြမ်းပြုပြီး ဂျိမ်းလှကျော်ရဲ့ ပင်ကိုစိတ်ကူးတွေ ဖြည့်စွက်ရေးသားထားတဲ့ ဝတ္ထုဖြစ်တယ်။ ပထမဆုံးပေါ်ပေါက်တဲ့ မြန်မာကာလပေါ် ဝတ္ထုဖြစ်တယ်ဆိုတဲ့ နောက်ခံအချက်အလက်တွေကို တပည့်တို့သိထားပြီးကြပြီ မဟုတ်လား။ ဒီဝတ္ထုကို လေ့လာရာမှာ စာအုပ်အမှာစာမှာ ဖော်ပြထားတဲ့ ဝတ္ထုသဘောတရား၊ ဝတ္ထု လေ့လာနည်းတွေနဲ့အညီ လေ့လာရမှာဖြစ်ပါတယ်။ ဝတ္ထုရဲ့ အဓိက အင်္ဂါရပ်တွေဖြစ်တဲ့ ဇာတ်လမ်း၊ဇာတ်ဆောင်၊ ကာလဒေသနောက်ခံ အရေးအဖွဲ့ဆိုတဲ့ ကဏ္ဍတွေခွဲပြီး လေ့လာရမှာဖြစ်ပါတယ်။ ဇာတ်လမ်းကိုလေ့လာရာမှာလဲ အားပြိုင်မှုတွေနဲ့ ဇာတ်လမ်းကို အရှိန်တက်အောင် ဘယ်လိုဖွဲ့သလဲ၊ ဇာတ်ထွတ်ကိုဘယ်လိုရောက်သလဲ၊ ဇာတ်ထွတ်ကနေပြီး ဘယ်လိုပြန်ဆင်းသလဲ၊ မြုပ်ကွက်တွေ၊ နိမိတ်ပြကွက်တွေ ဘယ်လိုသုံးထားသလဲ စတဲ့ အချက်တွေကို မောင်ရင်မောင် မမယ်မဝတ္ထုနဲ့ ဆက်စပ်ပြီး လေ့လာရပါလိမ့်မယ်။ အဲဒီလိုပါပဲ ဇာတ်ဆောင် တစ်ဦးစီရဲ့ စရိုက်ဖော်ပုံ၊ ကာလဒေသ နောက်ခံအဖွဲ့တွေ ရေးဖွဲ့ပုံတို့ကိုလဲ လေ့လာရပါလိမ့်မယ်။

မောင်ရင်မောင် မမယ်မဝတ္ထုမှာ တစ်ခန်းချင်း လေ့လာထားသင့်တဲ့ အခန်းတွေလဲ ရှိပါတယ်။ မောင်ရင်မောင်နဲ့ မမယ်မမင်္ဂလာဆောင်ခန်း၊ မောင်ရင်မောင်ထောင်က ထွက်ပြေးခန်း၊ မဖားဥနဲ့ ပြန်တွေ့ခန်း၊ မောင်ရင်မောင်နဲ့ မစောတင်တွေ့ခန်း၊ ဇာတ်သိမ်းမှာ မောင်ရင်မောင်နဲ့မမယ်မပြန်တွေ့ခန်းဆိုတဲ့ အခန်းတွေကို တစ်ခန်းချင်းလေ့လာထားသင့်ပါတယ်။ မောင်ရင်မောင်၊မမယ်မ၊ မောင်မြတ်သာ၊ မစောတင်၊ ဦးဖိုးအို၊ မဖားဥ၊ ဦးပေါ်လာ၊ ဦးဖြူတုတ် စတဲ့ ဇာတ်ဆောင်တစ်ယောက်ချင်းရဲ့အကြောင်းကိုလဲ လေ့လာထားရပါလိမ့်မယ်။

သံဝရပျို့ကတော့ ရှင်မဟာရဋ္ဌသာရ ရေးဖွဲ့ထားတဲ့ပျို့ဖြစ်ပါတယ်။ ငါးရာငါးဆယ်ဇာတ်တော်ထဲက သံဝရဇာတ်ကို ပျို့ပြန်ဖွဲ့ထားတာဖြစ်ပါတယ်။ တပည့်တို့အတွက် အပိုဒ်(၁)က(၉၁)အထိ ပြဋ္ဌာန်းထားပါတယ်။ ပျို့စာအုပ်နိဒါန်းမှာလဲ လေ့လာနည်းကို လမ်းညွှန်ထားပြီးဖြစ်ပါတယ်။ ပျို့မှာဖွဲ့ထားတဲ့အကြောင်းအရာတွေကို ကိုယ့်အရေးအသားနဲ့ ပြန်ရေးပြနိုင်ဖို့ လိုပါတယ်။ နိဒါန်းမှာ ခွဲပြထားတဲ့ အခန်းတစ်ခန်းချင်းအလိုက် လေ့လာပါ။ သံဝရမင်းသား၊ ဆရာအမတ်ကြီး၊ ဗြဟ္မဒတ်မင်းကြီးဆိုတဲ့ ဇာတ်ဆောင်တစ်ဦးချင်းရဲ့စိတ်ထား၊ အရည်အချင်းစတဲ့ အကြောင်းအရာတွေကိုလဲ လေ့လာထားရမှာဖြစ်ပါတယ်။ ပြီးတော့ ပျို့မှာဖွဲ့ထားတဲ့ ဥပမာအလင်္ကာအဖွဲ့တွေ၊ရူပကအလင်္ကာအဖွဲ့တွေ၊ စကားပုံဆိုရိုးတွေရဲ့ အဓိပ္ပာယ်တွေကိုလဲ အသေးစိတ်နားလည်အောင် လေ့လာထားရပါလိမ့်မယ်။ 'ရွှေဟန်အယောင်၊ ဟင်္သာဘောင်တွင်၊ အတောင်ဖြူစွာ၊ ဖျိုင်းပမာသို့' ဆိုတဲ့ ဥပမာအလင်္ကာအဖွဲ့မျိုးတွေကိုလဲ အသေးစိတ်ရှင်းပြတတ်ဖို့ လိုပါလိမ့်မယ်။ ပျို့ကို နှစ်သက်စရာကောင်းအောင် ဘယ်လိုတန်ဆာဆင် ရေးဖွဲ့ထားသလဲဆိုတာ အာရုံပြုပြီး လေ့လာသင့်ပါတယ်။

မြန်မာကဗျာဖွဲ့နည်းကတော့ အခြေခံကဗျာဖွဲ့နည်းတွေ တတ်ကျွမ်းစေဖို့ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်။ တပည့်တို့အတွက် ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ သံချို၊ တျာချင်း၊ အိုင်ချင်း၊ လွမ်းချင်း၊ တေးထပ်ဆိုတဲ့ ကဗျာဖွဲ့နည်းတွေကို ပြဋ္ဌာန်းထားပါတယ်။ ကဗျာအမျိုးအမည်တစ်ခုစီရဲ့ အဓိပ္ပာယ်ကို သိပြီးတဲ့နောက် ကဗျာတစ်ပုဒ်ကို မြင်လိုက်တာနဲ့ ဒွေးချိုးလား၊ လေးချိုးလား၊ လွမ်းချင်းလား စသည်ဖြင့် အမျိုးအမည် ခွဲခြားသိဖို့နဲ့ ကာရန်စနစ်ကို သိဖို့လိုအပ်ပါတယ်။ ကဗျာဖွဲ့နည်းသင်ကြားရာမှာ အခြေခံဖြစ်တဲ့ အသံစနစ်၊ ကာရန်စနစ်တွေကို သင်ကြားပေးထားပြီးဖြစ်တဲ့အတွက် ကဗျာအမျိုးအမည် တစ်ခုစီရဲ့ အသံသဘော၊ ကာရန်သဘောတွေကို အကျွမ်းတဝင်ရှိနေဖို့ လိုအပ်ပါတယ်။

နောက်ဆုံးပြောရမယ့်စာအုပ်ကတော့ မြန်မာစာပေသမိုင်းပါပဲ။ တပည့်တို့အတွက် ကုန်းဘောင်ခေတ်နဲ့ ကိုလိုနီခေတ် စာပေသမိုင်းကို ပြဋ္ဌာန်းထားပါတယ်။ နောက်ခံခေတ်အခြေအနေတွေကို အကြောင်းပြုပြီး ဝတ္ထု၊ သုတစကားပြေ၊ ပြဇာတ်၊ ကဗျာဆိုတဲ့ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာပုံကို ဆက်စပ်ပြထားပါတယ်။ အသေးစိတ်အချက်အလက်တွေ မှတ်သားဖို့နဲ့ ကဏ္ဍအလိုက်ခြုံပြီး ဆွေးနွေးနိုင်ဖို့ လိုအပ်ပါတယ်။

မေးခွန်းပုံစံအရ (၄)ပုဒ်မေးမှာဖြစ်ပြီး တစ်ပုဒ်စီကို (က)(ခ)အပိုင်းနှစ်ပိုင်းစီပါပါတယ်။ မေးခွန်း(၁)မှာ မောင်ရင်မောင် မမယ်မဝတ္ထုရဲ့သဘောတရားနည်းနာပိုင်းနဲ့ ဝတ္ထုဇာတ်လမ်း၊ ဇာတ်ဆောင်၊ နောက်ခံ အရေးအဖွဲ့တို့ကို သုံးသပ်တဲ့အပိုင်းတို့ ပါဝင်တယ်။ မေးခွန်း(၂)က သံဝရပျို့ဖြစ်ပါတယ်။ ပျို့ထဲက စာပိုဒ်တွေကို အဓိပ္ပာယ်ရှင်းပြတဲ့အပိုင်းရယ်၊ ပျို့ရဲ့အကြောင်းအရာ အရေးအဖွဲ့တွေကို သုံးသပ်တဲ့ အပိုင်းရယ် ပါဝင်ပါတယ်။ မေးခွန်း(၃) မြန်မာကဗျာဖွဲ့နည်းမှာ ကဗျာအမျိုးအမည်၊ ဖွဲ့နည်း စတဲ့အကြောင်းတွေကို မှတ်စုရေးတဲ့အပိုင်းနဲ့ ပေးထားတဲ့ကဗျာရဲ့ ကဗျာအမျိုးအမည် ဖော်ပြပြီး ကာရန်စနစ်ကို ပြရတဲ့ အပိုင်း ပါဝင်ပါတယ်။ မေးခွန်း(၄) မြန်မာစာပေသမိုင်းမှာတော့ ဓမ္မဓိဋ္ဌာန်အချက်အလက်တွေ ဖော်ပြရတဲ့ အပိုင်းနဲ့ ကဏ္ဍအလိုက်ခြုံပြီး ဆွေးနွေးရတဲ့အပိုင်းတွေ ပါဝင်ပါတယ်။

ကဲ-ဒီလောက်ဆိုရင် စိတ်ကြိုက်မြန်မာစာဘာသာရပ်နဲ့ပတ်သက်တဲ့ သိကောင်းစရာတွေကို တပည့်တို့ ခြုံပြီး သိလောက်ပြီလို့ ထင်ပါတယ်။ စိတ်ကြိုက်မြန်မာစာဟာ မြန်မာစာအခြေခံကောင်းတွေ ချမှတ်ပေးထားတဲ့ ဘာသာရပ်ဖြစ်တဲ့အတွက် ပြဋ္ဌာန်းထားတဲ့ စာအုပ်တွေကို ကျေကျေညက်ညက် လေ့လာခြင်းအားဖြင့် မြန်မာစာအခြေခံ ခိုင်မာကြပါစေလို့ ဆန္ဒပြုရင်း ရပ်နားလိုက်ပါတယ်။ ။

တက္ကသိုလ်ဝင် စာမေးပွဲ
ဘောဂဗေဒဘာသာ သိကောင်းစရာ

ဒီနေ့တင်ပြမယ့် အကြောင်းကတော့ ၂၀၀၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမယ့်ကျောင်းသူ ကျောင်းသားတွေအတွက် ဘောဂဗေဒဘာသာရပ်နဲ့ ပတ်သက်တဲ့ သိကောင်းစရာဖြစ်ပါတယ်။ ၂၀၀၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကစပြီး ဘောဂဗေဒဘာသာရပ်ကို သီးခြားဘာသာရပ်အဖြစ် ဖြေဆိုခဲ့ရပါတယ်။ တိုင်းနဲ့ပြည်နယ်အလိုက် တက္ကသိုလ်ကြီး ၁၀ခုမှာ ဘောဂဗေဒမေးခွန်းကို သီးခြားစီမေးခဲ့ပါတယ်။ အခု ဘောဂဗေဒဘာသာရပ် သိကောင်းစရာ အစီအစဉ်မှာ မေးခွန်းပုံစံကို ရှင်းပြပါမယ်။

ဘောဂဗေဒမေးခွန်းလွှာကို အပိုင်း(က)နဲ့ အပိုင်း(ခ)ဆိုပြီး နှစ်ပိုင်းခွဲခြား မေးထားပါတယ်။ အပိုင်း(က)က မဖြေမနေရ ဖြေဆိုရမယ့် မေးခွန်းဖြစ်ပြီး မေးခွန်း(၂)ပုဒ်မေးထားပါတယ်။ မေးခွန်းနံပါတ် (၁)နဲ့ နံပါတ်(၂) ဖြစ်ပါတယ်။ မေးခွန်းနံပါတ်(၁)ကိုထပ်ပြီး(၁က)နဲ့(၁ခ)ဆိုပြီး (၂)ပုဒ်ခွဲမေးထားပါတယ်။(၁က)က မှား/မှန် ဖြေဆိုရမယ့် မေးခွန်းဖြစ်ပါတယ်။ မေးခွန်း(၁၀)ခု မေးထားပြီး တစ်ခုကိုတစ်မှတ်စီနဲ့ စုစုပေါင်း (၁၀)မှတ် ပေးထားတဲ့ မေးခွန်းဖြစ်ပါတယ်။ (၁ခ) ကတော့ ကွက်လပ်ဖြည့်မေးခွန်းဖြစ်ပါတယ်။ (၁ခ)မှာလဲမေးခွန်း (၁၀)ခု မေးထားပြီး တစ်ခုကို တစ်မှတ်စီနဲ့ စုစုပေါင်း(၁၀)မှတ် ပေးထားပါတယ်။ ဒါကြောင့် မေးခွန်း နံပါတ်(၁) အားလုံးမှန်ရင် အမှတ်ပြည့်(၂၀)ရနိုင်ပါတယ်။

မေးခွန်းနံပါတ် (၂)ကတော့ အဓိပ္ပာယ်ဖွင့်ဆိုချက် မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာ အဓိပ္ပာယ်ဖွင့်ဆိုချက် (၁၅)ခုပေးထားပြီး နှစ်သက်ရာ (၁၀)ခုကို ရွေးချယ်ဖြေဆိုရမှာဖြစ်ပါတယ်။ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုကို (၂)မှတ်စီနဲ့ စုစုပေါင်းအမှတ် (၂၀)ဖိုးမေးထားပါတယ်။ အဓိပ္ပာယ်ဖွင့်ဆိုချက်ကိုရေးတဲ့အခါ ပြဋ္ဌာန်းထားတဲ့ သင်ရိုးစာအုပ်မှာ ဖော်ပြထားတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို တိတိကျကျရေးရပါမယ်။ ကိုယ့်စာသားနဲ့ကိုယ် အဓိပ္ပာယ်ပေါ်အောင်ရေးလို့ မရပါဘူး။ ဒါကြောင့် အဓိပ္ပါယ်ဖွင့်ဆိုချက်တွေကို အလွတ်ရအောင် ကျက်မှတ်ထားဖို့လိုပါတယ်။ ဒါပေမယ့် အဓိပ္ပာယ်ကို သဘောပေါက်အောင်တော့ လေ့လာထားဖို့လိုပါတယ်။

အပိုင်း(ခ)မှ စုစုပေါင်းမေးခွန်း(၄)ပုဒ်မေးထားပါတယ်။ ဒီ(၄)ပုဒ်ထဲက နှစ်သက်ရာ(၃)ပုဒ် ရွေးချယ်ဖြေဆိုနိုင်ပါတယ်။ မေးခွန်းနံပါတ် (၃)၊(၄)၊(၅)၊(၆)တို့ ဖြစ်ပါတယ်။ မေးခွန်းနံပါတ် (၃)၊(၄)၊(၅)တို့က ပုံစံတူမေးခွန်းတွေ ဖြစ်ပါတယ်။ မေးခွန်းတစ်ခုစီမှာ အပိုင်း(၂)ပိုင်းစီပါဝင်ပြီး(က)အပိုင်းက မေးခွန်းရှည်၊ (ခ)အပိုင်းက မှတ်စုတိုဖြစ်ပါတယ်။ (ခ)အပိုင်းမှတ်စုတိုမှာ (၄)ပုဒ်မေးထားပြီး (၂)ပုဒ်ကို ရွေးချယ်ဖြေဆိုရပါမယ်။ အပိုင်း(က) မေးခွန်းရှည် တစ်ပုဒ်တည်းအတွက် အမှတ်(၂၀) ပေးထားပြီး အပိုင်း(ခ) မှတ်စုတိုအတွက် တစ်ပုဒ်(၁၀)မှတ်စီနဲ့ အမှတ်(၂၀)ပေးထားပါတယ်။ အပိုင်း(က)နဲ့ (ခ) နှစ်ခုအနက်က နှစ်သက်ရာအပိုင်းကိုသာ ရွေးချယ်ဖြေဆိုရမှာ ဖြစ်ပါတယ်။ အပိုင်း (က)နဲ့ (ခ) နှစ်ပိုင်းစလုံး ဖြေစရာမလိုပါဘူး။

နောက်ဆုံးမေးခွန်းဖြစ်တဲ့ မေးခွန်းနံပါတ် (၆)ကတော့ တစ်ပုဒ်လုံး ဖြေဆိုရမယ့် မေးခွန်းဖြစ်ပါတယ်။ ဖြေရမယ့် ပုံစံကတော့ တွက်ချက်ပြီး သုံးသပ်ဖြေဆိုရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ခြုံပြီး ကြည့်လိုက်ရင် ဘောဂဗေဒမေးခွန်းလွှာမှာ မေးခွန်း (၅)မျိုး ပါဝင်တာကို တွေ့ရပါတယ်။ ဒါတွေကတော့ (၁) ဓမ္မဓိဋ္ဌာန် မေးခွန်း၊ (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်၊ (၃) မှတ်စုတို၊ (၄) မေးခွန်းရှည်နဲ့ (၅) တွက်ချက်သုံးသပ်ဖြေဆိုရမယ့် မေးခွန်းတွေ ဖြစ်ပါတယ်။ စုစုပေါင်းမေးခွန်း (၆)ပုဒ်ပေးထားပြီး (၅)ပုဒ်ရွေးချယ် ဖြေဆိုရပါမယ်။ စုစုပေါင်းဖြေဆိုရမယ့် (၅) ပုဒ်အနက်ကလဲ နံပါတ် (၁) နဲ့ (၂)က မဖြေမနေရ ဖြေဆိုရမယ့်မေးခွန်းဖြစ်ပြီး ကျန်(၃)ပုဒ်ကိုသာ အပိုင်း (ခ)က ရွေးချယ်ဖြေဆိုရမှာဖြစ်ပါတယ်။

မေးခွန်းပုံစံကို တင်ပြပြီးတဲ့နောက် မေးခွန်းဖြေဆိုပုံ ဖြေဆိုနည်းတွေကို ဆက်ပြီးတင်ပြပါမယ်။ နံပါတ် (၁) ဓမ္မဓိဋ္ဌာန်မေးခွန်းဖြစ်တဲ့ မှား/မှန် မေးခွန်းကိုဖြေတဲ့အခါ မေးခွန်းကို သဘောပေါက်နားလည်အောင် စဉ်းစားပြီးမှ ဖြေဆိုသင့်ပါတယ်။ အလွယ်တကူ ဖြေဆိုနိုင်အောင်ပြဋ္ဌာန်းစာအုပ်ကို သင်ရိုးကုန်ကျေညက်အောင် ဖတ်ထားဖို့လိုပါတယ်။ ဥပမာ'ဝယ်လိုအားမျဉ်းကွေးသည် လက်ဝဲဘက်မှ လက်ယာဘက်သို့ စောင်းဆင်းသွားသည်'ဟု မေးထားပြီး မှား/မှန် ဖြေဆိုခိုင်းရင် အဖြေမှာ'မှန်'ဖြစ်ပါတယ်။ ကုန်စည်ရဲ့ ဈေးနှုန်းနဲ့ ဝယ်ယူတဲ့ အရေအတွက် ပြောင်းပြန်ဆက်စပ်တဲ့အတွက် ဝယ်လိုအားမျဉ်းကွေးမှာ အနုတ်လက္ခဏာ လျောစောက်ရှိပြီး လက်ဝဲဘက်မှ လက်ယာဘက်စောင်းဆင်းနေခြင်းဖြစ်ပါတယ်။ ဈေးနှုန်းကျရင် ကုန်စည်ကို ပိုမိုဝယ်ယူမယ် ဆိုတာကို ဖော်ပြခြင်းဖြစ်ပါတယ်။

အကယ်၍ 'ဝယ်လိုအားမျဉ်းကွေးသည် လက်ယာဘက်မှ လက်ဝဲဘက်သို့ စောင်းတက်သွားသည်'ဟု မေးထားပြီး မှား/မှန် ဖြေဆိုခိုင်းရင်လဲ အဖြေမှာ 'မှန်'ပဲဖြစ်ပါတယ်။ ကုန်စည်ရဲ့ ဈေးနှုန်းနဲ့ ဝယ်ယူတဲ့ အရေအတွက် ပြောင်းပြန် ဆက်စပ်တဲ့အတွက် ဈေးနှုန်းတက်ရင် ကုန်စည်ကို လျော့ဝယ်ယူမယ် ဆိုတာကို ဖော်ပြခြင်းဖြစ်တဲ့အတွက် လက်ယာဘက်မှ လက်ဝဲဘက်သို့ စောင်းတက်သွားခြင်းဖြစ်ပါတယ်။ ဒါကြောင့် မှား/မှန် မေးခွန်းဖြေနိုင်ဖို့အတွက် သဘောတရားကို နားလည်အောင် လေ့လာထားဖို့လိုပါတယ်။

ကွက်လပ်ဖြည့်မေးခွန်းကို ဖြေတဲ့အခါမှာလဲ ကွက်လပ်ထဲမှာတိကျတဲ့ စကားလုံးတွေကိုသာ ရေးဖို့လိုပါတယ်။ ဥပမာ 'ကုန်စည်တစ်ခုကို လိုအင်ဆန္ဒရှိခြင်း၊ ကုန်စည်ဈေးနှုန်းကို ပေးနိုင်စွမ်းရှိခြင်းနှင့် ပေးရန်အသင့်ရှိခြင်းတို့ ပြည့်စုံမှသာလျှင် (-----)ကို ဖြစ်ပေါ်စေသည်'လို့ပေးထားရင် ကွက်လပ်ထဲမှာ ဖြည့်ရမယ့် စကားစုက (ထိရောက်သောဝယ်လိုအား) ဖြစ်ပါတယ်။ ဒါကြောင့် ဝယ်လိုအားလို့ ရေးထားရင် အမှတ်မရတော့ပါဘူး။ စကားလုံးတွေ ပြည့်စုံမှအမှတ်ရပါမယ်။ နောက်ဥပမာတစ်ခု ထပ်ပေးပါဦးမယ်။ 'အခွန်စည်းကြပ်ရာ၌ နှုန်းတိုးခြင်း၊ အချိုးတူခြင်း၊ နှုန်းလျော့ခြင်းတို့ကို (----)များဟု ခေါ်သည်' လို့ပေးရင် ကွက်လပ်ထဲမှာ ဖြည့်ရမယ့်အဖြေက (အခွန်စည်းကြပ်မှု ပုံသဏ္ဌာန်)ဖြစ်ပါတယ်။ အခွန်စည်းကြပ်မှု နှုန်းလို့ဖြေရင် အမှတ်မပေးပါဘူး။ နံပါတ်(၂) အဓိပ္ပါယ်ဖွင့်ဆိုချက်နဲ့ ပတ်သက်ပြီးတော့ ရှေ့ပိုင်းမှာ ပြောထားတဲ့အတိုင်း ပြဋ္ဌာန်းစာအုပ်မှာ ဖော်ပြထားတဲ့အတိုင်း ရေးဖို့လိုအပ်ပါတယ်။

အပိုင်း(ခ) မေးခွန်းရှည်နဲ့ မှတ်စုတိုဖြေဆိုရာမှာလဲ မေးခွန်းမှာပါရှိတဲ့အကြောင်းအရာနဲ့ပတ်သက်တဲ့ အဓိပ္ပာယ် ဖွင့်ဆိုချက်ကို အရင်ဆုံးရေးပြီးမှ ရှင်းလင်းချက်တွေကို ဆက်ရေးရမှာဖြစ်ပါတယ်။ ဥပမာ- ရသုံးမှန်းခြေငွေစာရင်းအကြောင်း ရှင်းလင်းပါလို့မေးထားရင် ရသုံးမှန်းခြေငွေစာရင်းရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက် ဦးစွာရေးပြီးမှ ရသုံးမှန်းခြေငွေစာရင်းအကြောင်း ဆက်ရှင်းသွားရမှာ ဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၆) အကြောင်းကိုတော့ အထူးမှာကြားလိုပါတယ်။ ဒီမေးခွန်းကတော့ တွက်ချက်ပြီး သုံးသပ်ဝေဖန် ဖြေဆိုရမယ့်မေးခွန်းဖြစ်လို့ ပုံသေနည်းတွေကို သိထားဖို့လိုတဲ့အပြင် ရလာတဲ့အဖြေကိုလဲ မှန်မှန်ကန်ကန် သုံးသပ်ဝေဖန်ရမှာဖြစ်ပါတယ်။ အထူးမှာကြားလိုတဲ့ အချက်ကတော့ ဒီမေးခွန်းကို ပိုင်ပိုင်နိုင်နိုင်ရှိတယ်ဆိုမှ ဖြေဆိုသင့်ပါတယ်။ ပိုင်ပိုင်နိုင်နိုင် တတ်ကျွမ်းလို့ဖြေတယ်ဆိုရင် အမှတ်ပြည့်ရနိုင်ပါတယ်။ မပိုင်ဘဲနဲ့ ဒီမေးခွန်းကိုဖြေရင် ရရှိနိုင်တဲ့အမှတ်တွေ နစ်နာသွားနိုင်ပါတယ်။ **စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

စာမျက်နှာ ၁၅ မှအဆက်

မေးခွန်းနံပါတ်(၆)နဲ့ပတ်သက်ပြီးတော့ မေးလေ့မေးထရှိတဲ့ ပုံစံတွေကို ဆက်ပြီးတင်ပြပါမယ်။ အခန်း(၁) အင်အားစုခွဲဝေမှု ပြဿနာနှင့် ဈေးကွက်စီးပွားရေးစနစ်ထဲမှာ အခွင့်အလမ်းစရိတ်နဲ့ ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးအကြောင်း မေးနိုင်ပါတယ်။ ထုတ်လုပ်မှုဇယားပေးထားပြီး ဇယားမှာပါတဲ့ အချက်အလက်တွေအရ ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေး ရေးဆွဲခိုင်းနိုင်ပါတယ်။ နောက် အခွင့်အလမ်းစရိတ် တွက်ခိုင်းနိုင်ပါတယ်။ အခွင့်အလမ်းစရိတ် တွက်ချက်ပြီးရင် ဒီစရိတ်တွေကို သုံးသပ်ပြီး ကောက်ချက်ချခိုင်းနိုင်ပါတယ်။

ပြဋ္ဌာန်းစာအုပ်ထဲမှာ ဆန်နဲ့အဝတ်အထည် ကုန်စည်(၂)မျိုး ထုတ်လုပ်နိုင်တဲ့ ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးအကြောင်း ရှင်းပြထားပါတယ်။ ထုတ်လုပ်နိုင်မှုအခြေပြမျဉ်းကွေးပေါ်မှာ (က၊ခ၊ဃ၊င) ဆိုပြီး အမှတ်တွေရှိပါတယ်။ (က)အမှတ်က ဆန်တစ်မျိုးထဲကိုသာ ထုတ်လုပ်မယ်ဆိုတာကို ဖော်ပြပါတယ်။ ဆန်ကို တဖြည်းဖြည်းလျှော့ထုတ်ပြီး အဝတ်အထည်ကို တိုးထုတ်တဲ့အခြေအနေကို အမှတ် (ခ၊ဂ၊ဃ) တွေနဲ့ ဖော်ပြထားပါတယ်။ (င)အမှတ်ကတော့ အဝတ်အထည်တစ်မျိုးတည်း ထုတ်လုပ်တဲ့ အမှတ်ဖြစ်ပါတယ်။ ဒါကြောင့် ထုတ်လုပ် နိုင်မှုအခြေပြမျဉ်းကွေးဟာ ကုန်စည်တစ်မျိုးကို တိုးထုတ်ရင် နောက်တစ်မျိုးကို လျှော့ထုတ်ရတယ်ဆိုတဲ့ ဘောဂဗေဒဘာသာရပ်ရဲ့ သဘောတရားကို ဖော်ပြပါတယ်။ ကုန်စည်တစ်ခုကို တိုးထုတ်ဖို့ လျှော့လိုက်ရတဲ့ အခြားကုန်စည်တစ်ခုရဲ့ အရေအတွက်ပမာဏကို အခွင့်အလမ်းစရိတ်လို့ ခေါ်ပါတယ်။ ဆန်ကို လျှော့ထုတ်ပြီး အဝတ်အထည်ကို တိုးထုတ်လုပ်တဲ့ အခြေအနေမှာ အဝတ်အထည်ရဲ့ အခွင့်အလမ်းစရိတ်တွေကို တွက်ပြထားပါတယ်။

အပြန်အလှန်အားဖြင့် အဝတ်အထည် တစ်မျိုးတည်းထုတ်လုပ်တဲ့ (င) အမှတ် အခြေအနေကနေ အဝတ်အထည်ကို လျှော့ထုတ်ပြီး ဆန်ကို တိုးထုတ်လုပ်တဲ့ အခြေအနေကို အမှတ်(ဃ၊ဂ၊ခ) အမှတ်တွေနဲ့ လေ့လာနိုင်ပါတယ်။ ဒီလိုအခြေအနေမှာ ဆန်ရဲ့အခွင့်အလမ်း စရိတ်တွေကို တွက်ချက်နိုင်တယ် ဆိုတာကို သတိပေးပြောကြားလိုပါတယ်။ ကောက်ချက်ချတယ်၊ သုံးသပ်တယ် ဆိုတာက အခွင့်အလမ်းစရိတ်တွေ တက်လာသလား၊ ကျသွားသလားဆိုတာကို ဖော်ပြဖို့ ဖြစ်ပါတယ်။

အခန်း(၂) ဝယ်လိုအားနဲ့ ရောင်းလိုအား ဆန်းစစ်မှုအခန်းမှာတော့ တွက်ချက်ပြီး သုံးသပ်ဝေဖန်ဖြေဆိုရမယ့်မေးခွန်း အတော်များများ မေးနိုင်ပါတယ်။ ဥပမာ–ဝယ်လိုအားနဲ့ ရောင်းလိုအား ဇယားပေးထားပြီး ဝယ်လိုအား၊ ရောင်းလိုအား မျဉ်းကွေးရေးဆွဲခြင်း၊ အလျှော့အတင်းတွက်ခြင်း၊ အားမျှခြေဈေးနှုန်းနဲ့ အားမျှခြေအရေအတွက်ရှာခြင်းတို့ကို မေးနိုင်ပါတယ်။ အားမျှခြေမဖြစ်တဲ့ ဈေးကွက်တွင်း အခြေအနေတွေကိုလဲ ဖော်ပြခိုင်းနိုင်ပါတယ်။ ဖြစ်ရပ်အမျိုးမျိုးကို ဖော်ပြပြီး ဒီဖြစ်ရပ်တွေဟာ အားမျှခြေ အခြေအနေအပေါ် ဘယ်လိုအကျိုးသက်ရောက်တယ် ဆိုတာတွေကိုလဲ မေးနိုင်ပါတယ်။

ဒီလိုမေးခွန်းမျိုးကို ဖြေတဲ့အခါ ပထမမူလအားမျှခြေ အခြေအနေကို ဖော်ပြရမှာ ဖြစ်ပါတယ်။ နောက်ပေးထားတဲ့ ဖြစ်ရပ်ဟာ ဝယ်လိုအားကို ပြောင်းစေသလား၊ ရောင်းလိုအားကို ပြောင်းစေသလားဆိုတာကို ဆုံးဖြတ်ရမှာ ဖြစ်ပါတယ်။ မေးထားတဲ့ဖြစ်ရပ်ကြောင့် ဝယ်လိုအား၊ သို့မဟုတ် ရောင်းလိုအား၊ သို့မဟုတ် နှစ်မျိုးစလုံး ပြောင်းလဲသွားတယ်ဆိုရင် ပြောင်းလဲသွားတဲ့အတိုင်း မျဉ်းကွေးအသစ်တွေ ဆွဲပေးရပါမယ်။ မျဉ်းကွေးအသစ်တွေကြောင့် အားမျှခြေ အခြေအနေ ပြောင်းလဲသွားမှာဖြစ်ပါတယ်။ မူလ အားမျှခြေဈေးနှုန်းနဲ့ အားမျှခြေအရေအတွက်ကို အားမျှခြေအသစ်ရဲ့ဈေးနှုန်းနဲ့ အားမျှခြေ အရေအတွက်နဲ့ နှိုင်းယှဉ်ပြရမှာဖြစ်ပါတယ်။ ဈေးနှုန်း တက်သလား၊ ကျသလား၊ အရေအတွက်တိုးသလား၊ လျော့သလားဆိုတာတွေကို သုံးသပ်ရမှာ ဖြစ်ပါတယ်။

နောက်ထပ်မေးနိုင်တဲ့ မေးခွန်းပုံစံကတော့ ကုန်စည်နှစ်မျိုးရဲ့ ဈေးနှုန်းနဲ့အရေအတွက်ကို ပေးထားပြီး အဲဒီကုန်စည်နှစ်ခုအကြား ဝယ်လိုအား၏ အပြန်အလှန် အလျှော့အတင်းကို တွက်ပြခိုင်းခြင်း ဖြစ်ပါတယ်။ သုံးသပ်ချက်ကို ရလာတဲ့ အဖြေပေါ်ကြည့်ပြီး ကောက်ချက်ချရမှာ ဖြစ်ပါတယ်။ အပေါင်းလက္ခဏာနဲ့ အဖြေထွက်ရင် ပေးထားတဲ့ ကုန်စည်နှစ်မျိုးဟာ တွဲဖက်ကုန်စည် ဖြစ်ပါတယ်။ အနုတ်လက္ခဏာနဲ့ အဖြေထွက်ရင် အစားထိုးကုန်စည် ဖြစ်ပါတယ်။ အဖြေ သုညဆိုရင် ဒီကုန်စည်နှစ်မျိုးဟာ တစ်ခုနဲ့တစ်ခု ဆက်စပ်မှုမရှိတဲ့ ကုန်စည်တွေဖြစ်ကြောင်း သုံးသပ်ချက်ကို ရေးပေးရပါမယ်။

နောက်တစ်မျိုးကတော့ ဝင်ငွေနဲ့ ဝယ်ယူမယ့်အရေအတွက်ကို ဖော်ပြထားပြီး ဝယ်လိုအား၏ ဝင်ငွေအလျှော့အတင်းကို မေးနိုင်ပါတယ်။ ဝင်ငွေအလျှော့အတင်းကိန်း အနုတ်လက္ခဏာဆောင်ရင် ဝင်ငွေနဲ့ဝယ်ယူမယ့် အရေအတွက် ပြောင်းပြန်ဆက်စပ်နေလို့ ဒီကုန်စည်ဟာ ကုန်ညံ့ဖြစ်ပါတယ်။ ဝင်ငွေအလျှော့အတင်းကိန်း အပေါင်းလက္ခဏာဆောင်ရင် ဝင်ငွေနဲ့ဝယ်ယူမယ့် အရေအတွက် တိုက်ရိုက်ဆက်စပ်နေလို့ ဒီကုန်စည်ဟာ သာမန်ကုန်စည် ဖြစ်တယ်ဆိုတာကို သုံးသပ်ချက်ပေးဖို့ လိုပါတယ်။ ကုန်စည်ဝယ်လိုအား၊ ရောင်းလိုအား အလျှော့အတင်းနဲ့ပတ်သက်ပြီးတော့ အလျှော့အတင်းကိန်း (၁)ထက်ကြီးရင် အလျှော့အတင်းများတယ်၊ အလျှော့အတင်းကိန်း (၁)ထက်နည်းရင် အလျှော့အတင်းနည်းတယ်ဆိုပြီး သုံးသပ်ပေးဖို့ လိုပါတယ်။

အခန်း(၃) တိုင်းပြည်ဝင်ငွေမှာ တိုင်းပြည်ဝင်ငွေဆိုင်ရာ ကိန်းဂဏန်းတွေ ပေးထားပြီး GDP,GNPနဲ့ NNP တို့ကို တွက်ခိုင်းနိုင်ပါတယ်။ အခန်း(၄) ငွေကြေးနဲ့ ဘဏ်လုပ်ငန်းမှာလဲ နှစ်အလိုက် ဈေးဆနှုန်းကိန်းတွေပေးထားပြီး နှစ်တစ်နှစ်မှတစ်နှစ် ငွေကြေးတန်ဖိုး ဘယ်လိုပြောင်းသလဲဆိုတာကို တွက် ခိုင်းနိုင်ပါတယ်။ အခန်း(၅) ပြည်သူ့ဘဏ္ဍာရေးကတော့ အခွန်စည်းကြပ်မှုနှုန်းတွေကို တွက်ခိုင်းပြီး ဝေဖန်သုံးသပ်ခိုင်းနိုင်ပါတယ်။ နှုန်းတိုးခွန်၊ နှုန်းလျှော့ခွန်၊ အချိုးတူခွန် စသည်ဖြင့် သုံးသပ်ရမှာဖြစ်ပါတယ်။ အခန်း(၆) အပြည်ပြည်ဆိုင်ရာ စီးပွားရေးဆက်သွယ်မှုနဲ့ ပတ်သက်ပြီးတော့ ကုန်ဖလှယ်မှုအချိုးကို တွက်ချက် သုံးသပ်ခိုင်းနိုင်ပါတယ်။ သုံးသပ်ချက်အနေနဲ့ အခွင့်သာတဲ့ကုန်ဖလှယ်မှု အချိုးလား၊ အခွင့်မသာတဲ့ ကုန်ဖလှယ်မှုအချိုးလားဆိုတာကို သုံးသပ်ရမှာ ဖြစ်ပါတယ်။

ဘောဂဗေဒမေးခွန်းပုံစံနဲ့ အမှတ်ကောင်းရဖို့ ဘယ်လိုဖြေရမယ်ဆိုတာကို ရှင်းပြခဲ့ပြီးပါပြီ။ ကျောင်းသူကျောင်းသားတွေကို အထူးသိစေလိုတဲ့ အချက်ကတော့ ဘောဂဗေဒဘာသာရပ်မှာပါဝင်တဲ့ သဘောတရားတွေကို နားလည်သဘောပေါက်ထားရင် ဒီဘာသာရပ်ကို အခက်အခဲမရှိ ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။ ဘောဂဗေဒဘာသာရပ်ရဲ့ သဘောတရားတွေကို သဘောပေါက်ဖို့အတွက် ပြဋ္ဌာန်းထားတဲ့ စာအုပ်ထဲက အခန်းအသီးသီးကို ကျေညက်နားလည် သဘောပေါက်အောင် လေ့လာထားဖို့လိုကြောင်း ပြောကြားရင်း ပို့ချချက်ကို ရပ်နားလိုက်ပါတယ်။ ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့
ရက်စွဲ၊ ၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၁၇ရက်
ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် လမ်းခင်းကတ္တရာတန်(၁၀၀၀)ကို ပုံးဖြင့်ဖြစ်စေ၊ 3-Ply Poly bagဖြင့်ဖြစ်စေ ကော်မတီ၏ သိုလှောင်ရုံများအရောက် ကျပ်ငွေဖြင့် ဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်ပါသည်။

ဈေးနှုန်းလွှာပိတ်ရက်မှာ ၄-၃-၂၀၀၄နေ့ (၁၆:၀၀)နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာပုံစံတစ်စုံလျှင် ကျပ် ၅၀၀/-(ကျပ်ငါးရာတိတိ)နှုန်းဖြင့် ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။

အသေးစိတ် အချက်အလက်များကို ဖုန်းအမှတ်-၂၈၂၅၃၄၊ ၂၄၈၁၁၂ လိုင်းခွဲ(၂၃၅) တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။





နွေပန်းချီ

Sunflower Gallery မှ စီစဉ်သော
ဦးမောင်မောင်သိမ်း၊ ဆရာမ ချောအိသိမ်း
နွေရာသီ (၃)လ ပန်းချီသင်တန်း
သင်တန်းတည်ရာ–Sunflower Gallery
အမှတ်(၇၂)၊ အောင်မင်းခေါင်(၁)လမ်း၊ သံလွင်လမ်း၊
ဖုန်း–၅၃၄၂၇၁၊ Res:၆၆၀၃၇၅ Y.M.C.A၊ သိမ်ဖြူလမ်း။

ဖခင်အမည်မှန်

အလက(၃)ဒေါပုံ အဋ္ဌမတန်း(A)မှ မောင်မင်းမင်းဦး၊ ပဉ္စမတန်းမှ မောင်ဝင်းဗိုလ်၊ စတုတ္ထတန်းမှ မောင်မြမင်း၊ ဒုတိယတန်းမှ မခင်ခင်ထွေးနှင့် မခင်မာထွေးတို့၏ ဖခင်အမည်မှန်မှာ ဦးကြည်လွင်ဖြစ်ပါကြောင်း။

(၂၅)နှစ်မြောက် ငွေရတုမင်္ဂလာ

ချစ်ဖေဖေ **ဦးစိန်မောင်** ဒု-အင်ဂျင်နီယာမှူးကြီး တံတားဦးစီး(ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)နှင့် ချစ်မေမေ **ဒေါ်ခင်စောဝင်း** ဒု-စီမံကိန်းမှူး(ငြိမ်း) တို့၏ ၂၅-၂-၂၀၀၄နေ့တွင် ကျရောက်သော ငွေရတုမင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင် ချစ်သော သားသမီးတို့နှင့်အတူ ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်း တောင်းလျက်. . .။

ချစ်သား: – **အောင်မျိုးသန့်**
SR Engineering Cadet,
(KCL Shipping Co., Ltd.)

ချစ်သမီး: – **သီသီထွန်း: Dip in Accounting (LCCI, UK) စကြာရွှေစင်ရတနာ ဗိုလ်ချုပ်အောင်ဆန်းဈေး**။

(၇)နှစ်မြောက်မင်္ဂလာ

ဒေါက်တာသန့်ဇင် (ကမမောင်းမြို့နယ်ခွဲ၊ ဖာပွန်မြို့)နှင့် **မသင်းသင်းမာ**တို့၏ ပြည်ထောင်စုနေ့တွင် ကျရောက်ခဲ့သော (၇)နှစ်မြောက်မင်္ဂလာမှ နောင်နှစ် (၁၀၀)တိုင်အောင် သမီးလေးများနဲ့ အတူ သာယာချမ်းမြေ့သော ဘဝခရီးလမ်းကို ကြည်နူးခြင်းများစွာနှင့် လျှောက်လှမ်းနိုင်ပါစေ---။

နှစ်ဖက်မိဘများ

သမီးကြီး – မေစနိုး
သမီးငယ် – မေသဲသဲ။

— — — — — —

မသင်းသင်းမာ (ခ) ဆုလေးနွယ်အတွက် မွေးနေ့ဆုတောင်း

ဖေဖော်ဝါရီလတွင် ကျရောက်သည့် ဇနီးဖြစ်သူ **သင်းသင်းမာ(ခ)ဆုလေးနွယ်** ၏ မွေးနေ့မှသည် မိသားစုနှင့်အတူ နောင်နှစ်ပေါင်း(၁၀၀)တိုင်အောင် ပျော်ရွှင်သော မွေးနေ့များ ဖြတ်သန်းနိုင်ပါစေ---။

ချစ်ခင်ပွန်း: – **ဒေါက်တာသန့်ဇင် (ကမမောင်းမြို့နယ်ခွဲ၊ ဖာပွန်မြို့)**
သမီးကြီး: – **မေစနိုး**
သမီးငယ် – **မေသဲသဲ**။

အဧည့်ာ၏အထူးပူဇနီယအနုပညာ

VCD Karaoke

မြတ်ဆုမွန်
မန္တလေးသိန်းဇော်
VCD Karaoke

VCD Karaoke	လက်လီ	၁၂၀၀ကျပ်
တစ်ချပ်တွဲ	လက်ကား	၁၁၀၀ကျပ်

TNT

Feb 27, March 4
March 5, 26 Aircon Express
March 20, 27 Hotel, Restaurant

FOREVER GROUP

Graphic Designer နှင့် Animator 1400

Professional Digital Graphic Design
- Adobe Photoshop CS
- Adobe Illustrator CS
- Adobe Indesign CS
- Scanner Handling with a color Management
- Adobe Creative Suite Design Guide

Stunning Visual Effects for Digital Video
- Premiere 6.5
- Inferno-D 4.5
- After Effects 6.0
- Poser 4.0
- Elastic Reality 3.0
- Cinema 4D XL 7.0

မင်္ဂလာညည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း၊ အမှတ်(၆၈/ခ)နေ ဦးမင်းသန်း(လက်ထောက်ညွှန်မှူး၊ငြိမ်း)-(ဒေါ်မြင့်မြင့်ကြည်) တို့၏သား၊
ဒေါ်ခင်ခင်သိန်း၏တူသား

မောင်ကောင်းရဲမင်း (1 st Year- English) (Myanma Five Star Line) နှင့်

ရန်ကုန်မြို့ ကျောက်ကုန်း၊ ဘိုးရာဇာလမ်း အမှတ်(၂၇)နေ ဦးမောင်မောင်အုန်းမြင့်-ဒေါ်ပြုံးပြုံးမြင့် (ချမ်းမြေ့ပါစေအဆောက်အအုံလုပ်ငန်း)တို့၏သမီး

မအိရွှေဝါမြင့် A.G.T.I(IT), (2nd Year-Physics)

တို့၏ ၂၂-၂-၂၀၀၄ရက်တွင် Summit Park View Hotel ၌ ကျင်းပသော မင်္ဂလာညည့်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ဆင်မြန်းပေးပါသော လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်စိန်ထွားနှင့်ဇနီးဒေါ်ခင်အေးအားလည်းကောင်း၊ ၃၁-၁-၂၀၀၄နေ့တွင် နေအိမ်၌ မော်ကွန်းတင်လက်မှတ်ရေးထိုးပေးသောရန်ကုန်တိုင်းတွဲဖက်တရားသူကြီးဦးဉာဏ်ဝင်းအားလည်းကောင်း၊ အသိ သက်သေအဖြစ်လက်မှတ်ရေးထိုးပေးပါသော သန်လျင်နည်းပညာ ကောလိပ် ကျောင်းအုပ်ကြီး ဦးအောင်ဝင်းနှင့်ဇနီး မြို့တော်စည်ပင် ဆောက်/အုံ အင်ယာဌာန ဌာနခွဲမှူး ဒေါ်သန်းသန်းဌေး တို့အားလည်းကောင်း၊ မေတ္တာဖြင့်ကူညီဆောင်ရွက်ပေးသော ဦးကျော်စမ်းမောင်နှင့်ဇနီး ဗဟိုတရားရုံးရှေ့နေ ဒေါ်အေးအေးအောင်တို့အားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ကြသော ပုဂ္ဂိုလ်များအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးသောဦးလှမြင့်ဝင်း၊ မင်္ဂလာအခါတော်တေးသီချင်းသီဆိုပေးသော တေးသံရှင်ဒေါ်တင်တင်မြနှင့် A-1 ဦးစိုးမြင့် တေးဂီတအဖွဲ့၊ မိတ်ကပ်ဆံပင်နှင့် မင်္ဂလာဝတ်စုံဆင်မြန်းပေးသော မိတ်ကပ်ခင်စန်းဝင်းနှင့်အဖွဲ့၊ ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့၊ သတို့သားအရံ မောင်တာရာလင်းထက်အောင်၊ သတို့သမီးအရံ မမြတ်မဥ္ဇူမောင်မောင်၊ မင်္ဂလာပန်းကြဲပေးသော မအိမိုးမိုး၊ မင်္ဂလာပွဲဖြစ်မြောက်အောင်မြင်ရန် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော မိတ်ဆွေသင်္ဂဟအပေါင်းနှင့် Summit Park View Hotelမှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူး ဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကောင်းရဲမင်း-မအိရွှေဝါမြင့်။

FIRST BABY

Pre School

VIP

ရှမ်းရိုးမနဂါးကုမ္ပဏီလီမိတက်(ရန်ကုန်ရုံးချုပ်)ကို

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ရှိုင်ခွဲ ပြည်လမ်း အမှတ် ၁၉(က)မှ

အမှတ်(၁၉) ရွှေဥမင်ညက်ရိပ်မွန်၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့

ပြောင်းရွှေ့ဖွင့်လှစ်ပြီဖြစ်ပါကြောင်း

ဖုန်းနံပါတ်များ 01-501859 / 501860 / 501863 Fax - 01-501864

E-mail - symng@myanmar.com.mm

ဒေါ်ငိုင်ခန့်ကျိန်[၅/ တမန(နိုင်)၀၀၈၉၇၂]နှင့် အများသိစေရန် ကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော ဒေါ်ကိမ်းလမ်းညောင်[၅/တမန(နိုင်) ၀၃၇၇၇၀]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ကိမ်းလမ်းညောင်သည် ညီအစ်မများဖြစ်ကြသော ဒေါ်ညင်ဟောက်မန်[၅/တမန(နိုင်)၀၀၈၉၇၃]၊ ဒေါ်ညောင်အိုက်လွန်[၅/တမန(နိုင်)၀၁၇၁၄၃]၊ ဒေါ်မန်လျင့်နွမ်တို့၏ ငွေများဖြင့် စုပေါင်း၍ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ကျွန်းရွှေဝါလမ်း၊ အမှတ်(၉၅၄) မြေအကျယ် ၄၀ပေ x၆၀ပေပေါ်ရှိ အုပ်ညှပ်နှစ်ထပ်တိုက် အဆောက်အအုံအား မူလပိုင်ရှင်ဖြစ်သော ဦးညွန့်အောင်ထံမှငွေကျပ်(၃၄)သိန်း(ကျပ်သုံးဆယ့်လေးသိန်း) တိတိဖြင့် ဝယ်ယူခဲ့ပါသည်။ ယင်းသို့ဝယ်ယူရာတွင် မိမိတို့၏မိခင် ဒေါ်ငိုင်ခန့်ကျိန်အား အမည်ငှား(ဘီနာမီ)အဖြစ်ဖြင့် စာချုပ်ချုပ်ဆိုစေ၍ ဝယ်ယူစေခဲ့ပါသည်။ အဆိုပါမြေနှင့်အိမ်မှာ ကျွန်ုပ်တို့၏ မိတ်ဆွေနှင့်ညီအစ်မများ၏ ငွေများဖြင့် ဝယ်ယူထားသော မြေနှင့်အိမ်များဖြစ်ပါသဖြင့် ကျွန်ုပ်တို့မိတ်ဆွေများသာလျှင် တရားဝင်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းပေးကမ်းလှူဒါန်းစွန့်လွှတ်ခြင်းတို့ကို ပြုလုပ်နိုင်သူများဖြစ်ပြီး ဒေါ်ငိုင်ခန့်ကျိန်မှာ အမည်ငှားစာချုပ် ချုပ်သူသာဖြစ်ကြောင်းနှင့် တရားဝင်လွှဲပြောင်းရောင်းချနိုင်သူမဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေနှင့်ညီအစ်မများ သဘောတူခွင့်ပြုချက် မရရှိဘဲ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းပါက ဖြစ်ပေါ်လာသော ကိစ္စအဝဝသည် ပြုလုပ်သူတို့၏ တာဝန်ဖြစ်ကြောင်း ဒေါ်ငိုင်ခန့်ကျိန်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသိန်းမြင့်	**ဦးစိုးဝင်း**
B.A, H.G.P, R.L.(II)	**B.Sc, R.L, D.B.L**
အထက်တန်းရှေ့နေ-၃၆၇၄	**အထက်တန်းရှေ့နေ-၁၉၈၇၇**

ဦးထိန်လင်း
B.Sc, H.G.P, R.L
တရားရုံးချုပ်ရှေ့နေ-၃၃၈၀

အမှတ်(၁)၊ ပန်းဆိုးတန်းလမ်း၊ (ပန်းဆိုးတန်းလမ်းနှင့် ဘဏ်လမ်းထောင့်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အများသိစေရန်ကြေညာချက်

အခန်းအမှတ်(၄၂)၊ (၇)လွှာ၊ တိုက်အမှတ်(၁၀)၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ညက်ခန့်ဒိမ်း[၄/ဟခန(နိုင်)၀၀၈၂၈၃] ဘ- ဦးအွန်ဝုန်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(၁၀)၊ အခန်းအမှတ်(၄၂)၊ (၇)လွှာမှာ ကျွန်ုပ်အား လွှဲအပ်သူ ဒေါ်ညက်ခန့်ဒိမ်းမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသော အိမ်ဖြစ်ပါသည်။

အဆိုပါအိမ်ခန်းနှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းပေးအပ်ထားခြင်းများမရှိပါ။

ယင်းအိမ်ခန်းနှင့်ပတ်သက်၍ ဒေါ်ညက်ခန့်ဒိမ်း၏ ခွင့်ပြုချက်မရဘဲ လှူဒါန်း၊ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်း၊ စွန့်လွှတ်လွှဲပြောင်းခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူတို့၏ တာဝန်သာဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဒေါ်ညက်ခန့်ဒိမ်း၏ လွှဲအပ်ချက်အရ-
ဒေါ်အေးအေးစိန် (LL.B,D.B.L,D.M.L, D.A Psy)
တရားရုံးချုပ်ရှေ့နေ(စဉ်-၂၇၅၇)
အမှတ်(၅၅)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ရွှေဝယ်ရှင်

တိတ်စိန်ရွှေဆိုင်



RGD

0503 YR 394

ကြွမ်းရွှေကော်ပို

MPEC

Web Application Development (Level-1)

* HTML 4, JavaScript, Graphic, Dream Weaver

Date : 28th February, 2004

Time : Sat & Sun (4 to 7pm)

(25% Discount)

Ph : 502801, 505278, 539151, 668779, 668259

MPEC

Java Programming

Web-Based Java Programming ++

- Web Technology
- Java Programming

Time : 7:30 to 9:30 am (Tues, Thurs)

Opening Date : 2.3.2004

50% OFF

OS Independent Application

Phone : 505278, 502801, 539151, 668779, 668259

positive CD, Count

ငြင်းချက်ထုတ်ရန်သမ္မန်စာ

[တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်း-၂၀(၁)]

မြောင်းမြခရိုင်တရားရုံး

၂၀၀၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၄

ဒေါ်အေးအေးနိုင် နှင့် ဦးကြည်ရှိန်

တရားလို **တရားပြိုင်**

မြောင်းမြမြို့၊ အမှတ်(ဘီ)၊ (၁၀)ပြည်ခိုင်ဖြိုးလမ်းသွယ်(၂) ဘုရားချောင်းနေ (ယခုလိပ်စာမသိ)ဦးကြည်ရှိန်သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်အေးအေးနိုင်က အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုမှု ဒီကရီရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါဖြစ်စေ ၂၀၀၄ခုနှစ် မတ်လ(၉)ရက်(၁၃၆၅ခုနှစ် တပေါင်းလပြည့်ကျော်(၄)ရက်နေ့) နံနက်(၁၀)နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ(၁၀)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **ဒေါ်ခင်ခင်ဝင်း (LL.B)**

ဒုတိယခရိုင်တရားသူကြီး၊ မြောင်းမြခရိုင်တရားရုံး။

သက်ဆိုင်သူများနှင့်အများသိစေရန်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်ဈေးတန်းလမ်း၊ တိုက်အမှတ်-၃၀၃/၃၁၃၊ အခန်း(၄၄)နေ ဦးပီမနေဘ်ဟာရ်[၁၂/တမန(နိုင်)၀၇၇၃၀၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

မောင်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်၊ မင်းကြီးတံတားလမ်း(အောက်လမ်းမကြီး)၊ အမှတ်-၂၇၈/ဘီဟုခေါ်တွင်သော မြေနှင့်ယင်းမြေပေါ်ရှိ မောရဝတီရုပ်ရှင်ရုံ(ယခင် Excelsior)ကို ပြည်သူပိုင်သိမ်းဆည်းခဲ့ပြီးနောက် ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်က ပုဂ္ဂလိကသို့ ပြန်လည်ရောင်းချရာတွင် အများပေးသည့်ဈေးနှုန်းတူညီပါက မူလပိုင်ရှင်အား ဦးစားပေးဝယ်ယူခွင့်ပြုခဲ့ပါသည်။

မူလပိုင်ရှင်ဖြစ်သည့် ကျွန်ုပ်၏မိတ်ဆွေ ဦးပီမနေဘ်ဟာရ်၏မိခင် ဒေါ်ပီအာဒမား(ခ)ဒေါ်ပီအာဒီလက်ချ်မီးနှင့်ကျန်သားသမီးများ၏ ၁၀-၇-၉၉ရက်စွဲပါ သဘောတူဝန်ခံကတိစာချုပ်အရလည်းကောင်း၊ ၂၂-၉-၉၉ရက်စွဲပါ ကျွန်ုပ်၏မိတ်ဆွေ ဦးပီမနေဘ်ဟာရ်၏ ကန့်ကွက်နိုင်ကြောင်း သတင်းစာကြော်ငြာစာအရလည်းကောင်း၊ မူလရုပ်ရှင်ရုံပိုင်ရှင်၏မိသားစုဝင်ဖြစ်သော ကျွန်ုပ်၏မိတ်ဆွေ ဦးပီမနေဘ်ဟာရ်က နိုင်ငံတော်သို့ ပေးသွင်းရမည့် တန်ဖိုးငွေများကို မိမိပိုင်ငွေဖြင့် အကျေပေးသွင်းဝယ်ယူခဲ့ပြီးဖြစ်ပါသည်။

မြန်မာ့ရုပ်ရှင်လုပ်ငန်းက ၁-၄-၂၀၀၃ရက်စွဲပါ လွှဲပြောင်းခြင်းကတိစာချုပ်အရ မြေနှင့်မောရဝတီရုပ်ရှင်ရုံကို ကျွန်ုပ်၏မိတ်ဆွေ ဦးပီမနေဘ်ဟာရ်အား တရားဝင်အပြီးအပိုင် လွှဲပြောင်းပေးအပ်ပြီးဖြစ်သဖြင့် ကျွန်ုပ်၏မိတ်ဆွေသည်သာ မြေနှင့်ယင်းမြေပေါ်ရှိ မောရဝတီရုပ်ရှင်ရုံအပါအဝင် အဆောက်အအုံအားလုံးတို့၏ တစ်ဦးတည်းပိုင်ရှင်ဖြစ်ပါသည်။ မြို့မြေစာရင်းတွင်လည်း ကျွန်ုပ်၏မိတ်ဆွေဦးပီမနေဘ်ဟာရ်၏ အမည်ပေါက်ပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။

သက်ဆိုင်ရာ၏ခွင့်ပြုချက်အရ ကျွန်ုပ်၏မိတ်ဆွေ ဦးပီမနေဘ်ဟာရ်က အဆိုပါမြေပေါ်တွင် အဆောက်အအုံဆောက်လုပ်ခြင်း၊ တိုက်ခန်းများ တရားဝင်လွှဲပြောင်းရောင်းချခြင်း၊ ရုပ်ရှင်ရုံအဆောက်အအုံပြင်ဆင်ခြင်းများကို တရားဝင်ဆောက်ရွက်လျက်ရှိပါသည်။ မောရဝတီရုပ်ရှင်ရုံနှင့်ပတ်သက်ပြီး မည်သူတစ်ဦးတစ်ယောက်ကမျှ ပိုင်ရေးပိုင်ဆိုင်ခွင့်မရှိပါ။ နောက်နောင်တွင် မောရဝတီရုပ်ရှင်ရုံနှင့်စပ်လျဉ်း၍ ပိုင်ရှင်အဖြစ်သော်လည်းကောင်း၊ ပိုင်ရှင်အဖြစ်ထင်ယောင်ထင်မှားဖြစ်စေမည့်အသုံးအနှုန်းသော်လည်းကောင်း ပြုမူပြောဆိုရေးသားခြင်းမပြုကြပါရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူတို့၏တာဝန်သာဖြစ်ကြောင်း သက်ဆိုင်သူများနှင့်အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ကျော့ကျော့လှိုင် (LL.B,LL.M)

စဉ်-၇၀၉၉

တရားရုံးချုပ်ရှေ့နေ၊

အမှတ်-၃၁/၃၃(စတုတ္ထထပ်)၊ ၃၅လမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ရွှေထိပ်တန်း TV,VIDEO,AIRCON,EXPRESS

ရွှေထူးလွှင် ဘုရားပုံဆောင်ရေး

ကြာပန်းဖြူ

အမျိုးသမီးကိုယ်ကာယအလှသင်တန်း

နံနက်(၇း၀၀)နာရီမှည(၇း၀၀)နာရီ

အမှတ်(၁၁၁)၊ လမ်း၅၀(အလယ်)

ပုဇွန်တောင်မြို့နယ်။ °**Tel: 292185**

အိမ်ခြံရောင်းမည်

ပေ ၄၀' X၆၀' မြေပေါ်ရှိ RC နှစ်ထပ်တိုက်၊ ရေ၊ မီးစုံ၊ ဒဂုံမြို့သစ် အရှေ့ပိုင်း၊ (၉)ရပ်ကွက်။

ဖုန်း-၅၀၀၈၇၄။

Honey Moon Car Rental

မြို့တွင်း/ပြင်၊ လချုပ် Saloon, Van, Wagon, Pickup, Minibus ကားမျိုးစုံငှားသည် ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။

Ph: 240832, 287129, °095018867

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ လိပ်ကန်လမ်း၊ ပုဇွန်တောင်ဥယျာဉ်အိမ်ရာ၊ အခန်း(၁၀၅)၊ တိုက်(၂)နေ ဒေါ်ဥမ္မာသန်း[၁၂/ကတတ(နိုင်)၀၂၂၂၄၃]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဒေါ်ဥမ္မာသန်းနှင့်ဦးဇော်ထွဋ်အောင်(ခ)ဦးကျင့်အောင်[၁၂/ဗတထ(နိုင်)၀၂၃၃၈၆]တို့သည် ရန်ကုန်တိုင်း၊ တရားရုံးတရားမကြီးမှုအမှတ်(၅၄၃/၂၀၀၂)တွင် ၁၈-၁၂-၂၀၀၂နေ့ ချမှတ်သော အမိန့်အရ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ဒေါ်ဥမ္မာသန်း၏ လျှောက်ထားချက်အရ ရန်ကုန်တိုင်း တရားရုံး တရားမကြီးမှုအမှတ်(၂၀၅/၂၀၀၃)တွင် ၁၇-၁၀-၂၀၀၃ရက်စွဲပါ အမိန့်အရ သားဖြစ်သူ မင်းသန့်ကိုကို(ခ)မောင်ကျော်စိုးဟန်အတွက် ဦးဇော်ထွဋ်အောင်မှ ကလေးစားစရိတ်တစ်လလျှင် ၂၅၀၀၀/-(နှစ်သောင်းငါးထောင်)ကျပ် လစဉ်ထောက်ပံ့နေသည်မှအပ ဒေါ်ဥမ္မာသန်းနှင့် ဦးဇော်ထွဋ်အောင်တို့သည် လုံးဝသက်ဆိုင်ပတ်သက်ခြင်း မရှိတော့ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-ဒေါ်ခင်စောဝင်း (LL.B)၊တရားရုံးချုပ်ရှေ့နေ (၇၀၆၀)

တိုက်(၂၇၄/၁၅)၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း(၇၂၀၁၉၃)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇-ဘီ-၁)၊ လူနေရပ်ကွက်အမှတ်/ မြေကွက်အမှတ်(၂၇+၂၈+၂၉) ပန်းလှိုင်အိမ်ရာစီမံကိန်းရှိ မြေကွက်အမှတ်(1(9)B)၊ ဧရိယာစတုရန်းပေ(၃၇၄၁)ဧကရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပန်းလှိုင်အဆင့်မြင့်အိမ်ရာ၊ စပယ်လမ်း၊ အမှတ်(1(9)B)၊ စမ်းချောင်းမြို့နယ်ဟုခေါ်တွင်သည့် မြေနှင့်သုံးထပ်တိုက်အိမ်ကို သက်ဆိုင်ရာဌာနမှ ဝယ်ယူထားသူ ဦးစိုးညွန့်ပါ(၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါဂရန်မြေကွက်နှင့် တိုက်အိမ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်အထောက်အထားဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကို အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးခင်ညွန့်(၁၇၀၁)၊ ဒေါ်ရီရီတင်(၁၉၉၅)

တရားရုံးချုပ်ရှေ့နေများ

အမှတ်-၅၅၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်တိုင်း။

ရုံးဖုန်း-၃၇၁၇၁၇၊ ၃၇၁၇၅၅၊ အိမ်ဖုန်း-၅၄၁၉၀၁၊

လက်ကိုင်ဖုန်း-၀၉-၅၀၁၁၅၇၁၊ ၀၉- ၅၀၁၈၃၄၅။

E:mail-khinyunt @ baganmail.net.mm

REAL JOY TRAVELS & TOURS CO., LTD.

Yan Aung

THAM COMPUTER
Sales & Services Centre

D-29, 3rd Floor Yuzana Plaza မှ H-1, 3rd Floor Yuzana Plaza သို့ ပြောင်းရွှေ့ဖွင့်လှစ်လိုက်ပါသည်။ ဝယ်ယူအားပေးကြသော မိတ်ဟောင်း၊ မိတ်သစ်များအား ကျေးဇူးတင်ရှိပါသည်။

Ph:200747, Ext, 4550. Hp:09 500 7896.

RUBY CarRental 725317, 650823

24. hr

Queen's Rose

အမျိုးသမီးကိုယ်ကာယလေ့ကျင့်ရေးခန်းမ

အမှတ်-၂၂၇၊ (ဒုတိယထပ်)၊ ကျိုက္ကဆံလမ်း၊

(ကျောက်မြောင်းဈေးကားမှတ်တိုင်အနီး)၊ ရန်ကုန်မြို့။

Ph: 542613

Ph: 7 2 3 1 0 2

တွေ့ရှိကအကြောင်းကြားပါ

မောင်သက်နိုင်ဝင်း(၆)နှစ်သည် အမှတ်(၅၈) ဗိုလ်ဆွန်ပက်လမ်း၊ ဒေါပုံမှ၈-၂-၂၀၀၄နေ့တွင်ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါ။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၅၄၁၂၇၉

ဒေါ်ကျင်မွေး

(၅၈)၊ ဗိုလ်ဆွန်ပက်လမ်း၊ ဒေါပုံ။

Vacancy Announcement

(For Local Service Only)

We are looking for open, happy, productive, highly energetic, initiative persons who can also be a team player. We invite those who enjoy working in a challenging and self-improving working environment to join us and to grow together.

1. **Merchandising Manager** **Male/Female** **(5) Posts**
   Age under 40. Must be a University graduate. DMA/ MBA degree would be an advantage. Must have strategic thinking for the future of respective business unit.
2. **Sales & Marketing Manager** **Male/Female** **(1) Post**
   Age under 35. Must be a University graduate. DMA/ MBA degree would be an advantage. Must have experience in consumer products.
3. **Business Development Manager** **Male/Female** **(1) Post**
   Age under 35. Must be a University graduate. DMA/ MBA degree would be an advantage. Must be able to perform project by project.
4. **Customer Service Manager** **Male/Female** **(1) Post**
   Age under 35. Must be a University graduate. DMA/ MBA degree would be an advantage. Must have experience for CRM activities.
5. **H R Manager (For Mandalay)** **Male/Female** **(1) Post**
   Age under 40. Must be a University graduate. DMA/ MBA degree would be an advantage. Must have managerial experience.
6. **Floor Manager** **Male/Female** **(2) Post**
   Age under 35. Must be a University graduate. Must have managerial experience.
7. **Auditor** **Female** **(2) Posts**
   Age under 35. Must be a University graduate. B.Com/ B.Com.CPA degree would be an advantage. Must have minimum 3 years work experience in related field.
8. **Customer Service Executive** **Male/Female** **(1) Post**
   Age under 30. Must have basic knowledge about the Customer Relationship Management. Must be fluent in English and must be able to manage customer database.
9. **Accountant** **Female** **(2) Posts**
   Age under 30. B.Com, LCCI Level III, prefer. Must have minimum 3 years work experience in related field.
10. **Warehouse Supervisor** **Male** **(1) Post**
    Age under 30. Must have min 1year experience in related field.
11. **Management Trainees** **Male/Female** **(7) Posts**
    Age under 25. Must be a University Graduate. B.Com/B.Econ/B.A(BM)/B.A(BS) would be an advantage. Must have Basic computer knowledge & must be good at English. Must be active & willing to learn.
12. **Professional Sales** **Male/Female** **(4) Posts**
    Age under 23. Must be a Graduate. Must have good looking. Must be fluent in English.
13. **IT Assistant** **Male** **(1) Post**
    Age under 25. Must have experience in Network Engineering & Security. Must have knowledge about the hardware maintenance.
14. **Interior Designer** **Male** **(1) Post**
    Age under 25. Must pass 10th Standard. Must be able to use Auto-cad skillfully. Must be creative.
15. **Warehouse Keeper** **Male/Female** **(3) Posts**
    Age under 25. Must pass 10th Standard. Must have experience in warehousing.
16. **Maintenance Worker** **Male** **(2) Posts**
    Age under 23. Must have experience in electronic wiring.

All the candidates must have pleasant personality & good communication skills. Interested candidates can submit your CV together with labor registration card to **Blazon Departmental Store,** No.72, Corner of U Wisara Rd & Chin Twin Rd, Kamayut T/S or send mail to hr@creation.com.mm within 2 weeks.

ကျေးဇူးတင်ရှိခြင်း

ဒေါ်မြကြည် (၆၈)နှစ်

(ရွှေဘိုမင်းသမီးသနပ်ခါး)

၁၈-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားသော ဒေါ်မြကြည်(ရွှေဘိုမင်းသမီးသနပ်ခါး) မကွယ်လွန်မီက စေတနာထား ပြုစုစောင့်ရှောက်ပေးခဲ့သော အာရှတော်ဝင်နှလုံးအထူးကုဆေးခန်းမှ တာဝန်ရှိဆရာဝန်၊ ဆရာမများ၊ ၂၀-၂-၂၀၀၄ရက် ဈာပနအခမ်းအနားတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ကိုယ်တိုင်လာရောက်အားပေး နှစ်သိမ့်ခဲ့သော သမဝါယမဝန်ကြီးနှင့် ဇနီး၊ သာသနာရေးဝန်ကြီး၊ မြန်မာ့သစ်လုပ်ငန်းမှ မိတ်ဆွေများ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ မိတ်ဆွေများ၊ ကုမ္ပဏီများ၊ ရွှေဘိုမင်းသမီးကုမ္ပဏီလီမိတက်နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော မိတ်ဆွေသင်္ဂဟများ၊ အနယ်နယ်အရပ်ရပ်ရှိ မာလာမြိုင်အင်တာပရိုက်(စ်)လီမိတက်နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးသုံးပစ္စည်းဆိုင်များမှ မိတ်ဆွေသင်္ဂဟများ၊ ၇၄စိန်ဂျွန်း (အထက-၁၊ လမ်းမတော်) ကျောင်းသားဟောင်းများ၊ ရပ်ဝေးရပ်နီးမှ တယ်လီဖုန်းဖြင့် သော်လည်းကောင်း၊ သတင်းစာမှသော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ဝမ်းနည်းကြောင်းပြောကြားသူများနှင့် နှစ်သိမ့်အားပေးကြသူများ၊ လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းပေးပို့ကြသူများ၊ ဈာပနကိစ္စနှင့် ရက်လည်ဆွမ်းကျွေးကိစ္စများတွင် အဘက်ဘက်မှ လိုလေသေး မရှိအောင် အစစအရာရာ ကူညီလုပ်ဆောင်အားပေးကြသူများအား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးသာဇံလှ (၅၄)နှစ်

B.V.S (YGN)1974

ဒုတိယညွှန်ကြားရေးမှူး

စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ရန်ကုန်မြို့၊ နည်းပညာတက္ကသိုလ်ဝင်းအတွင်း၊ (၁၅/B)၊ ဆရာများရိပ်သာနေ (ဦးမြထွန်းကျော်)-ဒေါ်စံသာဖြူတို့၏သား၊ ဒေါ်အောင်စိန်မြ၏မောင်၊ ဒေါ်သန်းသန်းဝင်း(ပါမောက္ခ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အင်ဂျင်နီယာဌာန၊ ရန်ကုန်နည်းပညာတက္ကသိုလ်)၏ခင်ပွန်း၊ မောင်ရွှေဇံအောင်-မစန္ဒာဥာဏ်ဝင်း၊ မောင်ဇံအောင်လင်းတို့၏ ဖခင်၊ မောင်ခန့်၏အဘိုး ဦးသာဇံလှသည်၂၄-၂-၂၀၀၄ရက် (အင်္ဂါနေ့) ည ၇:၁၀နာရီတွင် ကွယ်လွန်သွားပါကြောင်း။

(သင်္ဂြိုဟ်မည့် ရက်နှင့် အချိန်ကို ထပ်မံကြေညာပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးသာဇံလှ (၅၄)နှစ်

ဒုတိယညွှန်ကြားရေးမှူး၊ စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ရန်ကုန်စီးပွားရေးတက္ကသိုလ် E.MPA(2[nd] Bach) ပထမနှစ်သင်တန်းသား ဦးသာဇံလှသည် ၂၄-၂-၂၀၀၄(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပါမောက္ခချုပ်၊ သင်တန်းမှူး၊ ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်သိန်းသိန်းတင်

လယ်ဝေးမြို့၊ အမှတ်(၂)၊ အောင်ဇေယျဆန်စက်

(လယ်ဝေး)

အန်ကယ်ဦးမိုးကျော်၏ ဇနီး၊ ဒေါက်တာထွန်းလင်းမိုး၊ အောင်နိုင်မိုး-စိုးစိုးအေး၊ ဒေါက်တာမျိုးမြင့်ဦး-ဝေနွယ်မိုး၊ အောင်ဇော်မိုး၊ မေသွယ်မိုး၊ မြေးသုံးယောက်တို့၏အဘွား အန်တီသိန်းသည် ၁၂-၂-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲမိပါကြောင်း။

ဒေါက်တာသိန်းညွန့်အောင်၊ ဒေါက်တာခင်ဆွေတင့်၊ ဦးမျိုးမြင့်-ဒေါ်မေစီ၊ ဦးသက်နိုင်-ဒေါ်သောဘီ မောင်နှမတစ်စု ရန်ကုန်။

ဒေါ်အေးမြင့် (၆၆)နှစ်

ရန်ကုန်မြို့၊ အမှတ်(၉/က)၊ နှင်းပန်းလမ်း၊ (၉)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နေ (ဦးဒလစီ-ဒေါ်အေးစိန်)တို့၏ သမီး၊ ဦးကျော်စိန်-(ဒေါ်ရင်ညွန့်)တို့၏ သမီးချွေးမ၊ ဦးစိုးဝင်း၏ ဇနီး၊ မောင်မျိုးဇော်(B.A O.S Final Year, B.Sc. Engg 3[rd] Year Ec)၏ မိခင်၊ ဦးစံအေး၏ ညီမ၊ ဒေါ်လှလှ၊ ဦးအုံးဖေ၊ ဦးစိန်လွင်၊ ဦးမောင်မြင့်၊ ဦးဝင်းဇော်တို့၏ အစ်မသည် ၂၄-၂-၂၀၀၄ (အင်္ဂါနေ့) နံနက် ၇:၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၂-၂၀၀၄(ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၄၅နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမိုးသူရ(ခ)ဦးမောင်မောင်(ခ)

Charly

Neptune. Co. Ltd.

Stema Bulk

Lizstar Enterprise Co. Ltd.

EYE. Co., Ltd.

အသက်(၄၀)

(ရန်ကင်း၊ ဒေးဒရဲ)

ချောင်းဆုံမြို့၊ မရမ်းရွာနေ (ဦးဘတင်-ဒေါ်ညိုမြ)၊ဒေးဒရဲမြို့နေ (ဆရာကြီးဦးငွေဇင်-ဆရာမကြီးဒေါ်စိန်တင့်)တို့၏ မြေး၊တိုက်(၃၅၇)၊အခန်း(၁၂)၊အနော်ရန်ကင်းနေ (ဦးသိန်းတင်၊ ဌာနစိတ်မှူး၊ ငြိမ်း)-ဒေါ်ကြည်ကြည်(လ/ထကထိက၊ ငြိမ်း၊ YTTC)တို့၏ တစ်ဦးတည်းသောသား၊ ချောင်းဆုံမြို့၊ မရမ်းရွာနေ ဦးဘိုးသောင်း-ဒေါ်သန်းတို့၏ သားသမက်၊ မသော်တာလွင်(ခ)ဘုတ်ဘုတ်၏ ခင်ပွန်း၊ ဒေါ်မိုးစန္ဒာB.Sc.(Bot)-ဦးကျော်သူရ MOT 2nd Class Part A (F.G) တို့၏ မောင်၊ မမိုးပွင့်ဖြူ AGTI(E.P) (2[nd] Year Phy)၊ မောင်လင်းသူရ (နဝမတန်း)တို့၏ ဦးလေးသည် ၂၂-၂-၂၀၀၄(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၂-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း၊ သိမ်၊ ဇရပ်၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန်၊ နတ်လမ်း ဒါယိကာမကြီး

ဒေါ်ရင်ရင် (၇၈)နှစ်

(ပွဲွန်တန်ဆာ၊ ဆိပ်ပြန့်ကြီး)

(ကမ်းနားဈေး)

ရန်ကုန်မြို့၊အမှတ်(၂-ဂျီ)၊ (လေးလွှာ)၊ သံတံတားရပ်ကွက်၊ တရုတ်ကျောင်းလမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးဖိုးအောင်-ဒေါ်သင်းလှိုင်)၏ ဒုတိယသမီး၊ ဒေါ်စိန်တင်၏ညီမ၊ ဒေါ်ခင်ခင်၊ ဒေါ်စန်းစန်းနု၊ ဦးစိန်ဝင်း၏ အစ်မ၊ (ဦးစိန်ပေါ)၏ ဇနီး၊ ဦးထင်အောင်၊ ဦးသန်းထွဋ်၊ ဒေါ်ဥမ္မာ(အလက-၂၊ လှိုင်သာယာ)၏ ချစ်လှစွာသောမိခင်ကြီးသည် ၂၃-၂-၂၀၀၄(တနင်္လာနေ့) နံနက် ၅:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၀၄(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးတင်ထွန်း (၇၁)နှစ်

ဌာနစုမှူး (ငြိမ်း)

ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

ရန်ကုန်တိုင်း၊ ဗိုလ်တထောင်မြို့နယ်၊ (၅၁)လမ်းအိမ်ရာစခန်း၊ တိုက်(၇)၊ အခန်း(၇)နေ (ဦးမောင်မောင်-ဒေါ်ညွန့်ညွန့်)တို့၏သားကြီး၊ (ဒေါ်တင်တင်ဦး)၏ ခင်ပွန်း၊ ဦးလှကြည်-ဒေါ်ခင်မြမြ၊ ဒေါ်ခင်လှဲ့လှဲ့ဝင်းတို့၏ အစ်ကိုကြီး၊ ကိုတူး(Harry)၊ မမြတ်ဆုကြည်၊ ကိုနေဦးကြည်-မတင်မာလာ၊ ကိုကျော်စိုးနိုင်-မချောဆုကြည်၊ကိုအောင်အောင်ဖြူလေး၊ မအေးအေးဖြူလေး-ကိုမျိုးဝေတို့၏ ဘကြီး၊ ဦးဉာဏ်လင်း(ခ) Richrd, (SM, Lines Co., Ltd) -(မလွင်မာဇော်)၊ Daw Nan Theresa၏ဖခင်၊ မောင်ရှိန်းလင်းထွန်းမင်း၏ အဘိုးသည် ၂၄-၂-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၁၀နာရီတွင် ကွယ်လွန်ပါ၍ ၂၆-၂-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးသာလှိုင် (၈၃)နှစ်

(ရွာမွန်ရွာ၊ နတ်မောက်)

ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ ဆပ်သွားတော၊ ပေတရာပိုင်း၊ အမှတ်(၄)နေ ဦးမြဒင်-ဒေါ်လှိုတို့၏ သား၊ ဒေါ်လေးမူ၏ ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးမြင့်ကြည်-ဒေါ်ခင်မြင့်ဝေ၊ ရဲတပ်ကြပ်မြင့်သိန်း-ဒေါ်အေးအေးကြွယ်၊ (ဦးမြင့်ရွှေ)-ဒေါ်အေးအေးသန်း၊ ဦးမြင့်နိုင်-ဒေါ်လုံး၊ ဦးငွေမြင့်(ကညနရုံးချုပ်)-ဒေါ်ခင်ငွေလွင်တို့၏ ဖခင်၊ မြေး ၁၀ယောက်တို့၏ အဘိုးသည် ၂၄-၂-၂၀၀၄ရက် မွန်းလွဲ ၁:၃၇နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၆-၂-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ဆပ်သွားတောသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာ

ဒါရိုက်တာ အေဝမ်းဦးလှမျိုး

အသက်(၆၈)နှစ်

ဒုတိယဥက္ကဋ္ဌ

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

ရန်ကုန်မြို့၊ အမှတ်(၃၁)၊ အေဝမ်းခြံ၊ မဟာမြိုင်လမ်း၊ စမ်းချောင်းနေ (အေဝမ်းဦးတင်နွယ်-ဒေါ်မိမိကြီး)တို့၏ သားထွေး၊ ဒေါ်နီလင်း၏ ခင်ပွန်း၊ (အေဝမ်းဦးညီပု)၊ (ဒေါ်ခင်ခင်)၊ (ဦးမောင်မောင်စိုး)၊ (ဒေါ်ခင်ညွန့်)၊ (အေဝမ်းဦးတင်မောင်)၊ (ဒေါ်ခင်ရီ)၊ (ဒေါ်ခင်ထွေး)တို့၏ တူ၊ (အေဝမ်းဦးလှဘူး)-ဒေါ်ခင်လဲ့၊ (ဦးသက်-ဒေါ်သန်းနွယ်)၊ ဦးမြင့်စိုး(မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ အငြိမ်းစား၊ ညွှန်ကြားရေးမှူး)-ဒေါ်လှလှမြ၊ (ဦးလှမောင်)-ဒေါ်သောင်းရီ၊ (ဦးဝေဇင်)-ဒေါ်တီတီအောင်၊ (ဦးစံတင့်၊ အငြိမ်းစားသမဝါယမ ဒုတိယဝန်ကြီး)-ဒေါ်နုနုနွယ်၊ ဦးခင်မောင်မြင့်-ဒေါ်စန်းစန်းနွယ်၊ ဒုတိယဗိုလ်မှူးကြီးသီဟန်(ငြိမ်း)-ဒေါ်စိုးစိုးနွယ်တို့၏ မောင် ဒါရိုက်တာ အေဝမ်းဦးလှမျိုးသည် ၂၄-၂-၂၀၀၄ရက် ညနေ ၆နာရီတွင် အသည်းရောဂါအထူးကုဌာန၊ ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၆-၂-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာ

ဒါရိုက်တာ အေဝမ်းဦးလှမျိုး

အသက်(၆၈)နှစ်

ဒုတိယဥက္ကဋ္ဌ

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

ရန်ကုန်မြို့၊ အမှတ်(၃၁)၊ အေဝမ်းခြံ၊ မဟာမြိုင်လမ်း၊ စမ်းချောင်းနေ (အေဝမ်းဦးတင်နွယ်-ဒေါ်မိမိကြီး)တို့၏ သားထွေး၊ ဒေါ်နီလင်း၏ ချစ်လှစွာသော ခင်ပွန်း၊ (ဒေါက်တာဦးဇော်ဝင်း)-ဒေါ်လှလှမြင့်(စာရင်းစစ်ချုပ်ရုံး၊ ငြိမ်း)၊ ဒါရိုက်တာ ဦးခင်စောမျိုး-မစန္ဒာတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်အေးထွဋ်ဝင်း Second Year B.Sc Engg (Electronics and Computing) Second Year Law၊ မခိုင်မွန်စောမျိုး(IX-B၊ အထက-၂၊ စမ်းချောင်း)၊ မခိုင်ဇင်စောမျိုး(IV-A၊ အထက-၂၊ စမ်းချောင်း)တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၂၄-၂-၂၀၀၄ရက် ညနေ ၆နာရီတွင် အသည်းရောဂါအထူးကုဌာန၊ ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၆-၂-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်မြင့်သိန်း (၄၃)နှစ်

မြောင်းမြမြို့၊ (၂)ရပ်ကွက်၊ အမှတ်(၁၄၀)၊ အောင်ဆန်းလမ်းနှင့် (၄)လမ်းထိပ်နေ (ဦးဉာဏ-ဒေါ်ခင်လှ) နိဗ္ဗာန်ကုန်နှင့်သင်္ကန်းပရိက္ခရာဆိုင်တို့၏ သားထွေး၊ ကိုလှထွန်း၊ (ဒေါ်ပြုံး)၊ ကိုသန်းငွေ-မမူ၊ ကိုငွေဝင်း-မတင်တင်မြင့်(သ/မမြောင်းမြ)၊ ကိုမြင့်သွေး-မတင်တင်ဝင်း(၂)လမ်းစားသောက်ဆိုင်တို့၏ ချစ်လှစွာသော ညီ မောင်မြင့်သိန်းသည် ၁၉-၂-၂၀၀၄ရက် ည ၇:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၂-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် မြောင်းမြမြို့ မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးမျိုးဦး (၄၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ (၇၀)ရပ်ကွက်၊ ညီညွတ်ရေးလမ်း၊ အမှတ်(၆၉၀)နေ ဦးထွန်းတင်(ဦးသောဘန)၊ ဒေါ်တင်မြတို့၏ သားငယ်၊ ဦးလှမြင့်-ဒေါ်စန်းငွေ၊ ဒေါ်လှငွေကြည်-ဦးတင်ညွန့်၊ ဦးမြင့်ဆွေ-ဒေါ်ချိုမာဝင်း၊ ဦးသန်းဝင်း(စည်ပင်၊ တ/ဥက္ကလာ)-ဒေါ်တင်တင်အေး(စည်ပင်၊ မြို့တော်ခန်းမ)၊ ဒေါ်စန်း-ဦးကြင်လှ(တပ်မတော်သဘောဆေးစက်ရုံ)၊ ဒေါ်ချိုချိုဝင်း-ဦးရဲလင်း(ကုန်သွယ်/လယ်ယာ)၊ မတင်တင်မော်၊ မနွယ်နွယ်ငွေ-ဦးဉာဏ်ထွန်းတို့၏ ညီ/အစ်ကို၊ ဒေါ်မြင့်မြင့်ရီ၏ ခင်ပွန်း၊ မောင်နောင်လတ်(GEWIN)၊ မောင်မျိုးသူရ(ဆဋ္ဌမတန်း-ခ၊ အလက-၁၊ ဒဂုံ)တို့၏ဖခင်ဦးမျိုးဦးသည် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ကိုစိုးမင်း (၃၅)နှစ်

B.Sc. (Maths)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ လှည်းတန်းလမ်း၊ အမှတ်(၇၂)၊ မြေညီထပ်နေ ဦးသောင်း-ဒေါ်သောင်းရင်တို့၏ သား၊ ဒေါ်မာမာသောင်း(လ/ထကထိက၊ သချာဌာန၊ ရန်ကုန်တက္ကသိုလ်)၊ ဒေါ်သောင်းသောင်းနု(ကျောင်းအုပ်ကြီး၊ ကွန်ပျူတာကောလိပ်၊ ပင်လုံ)၊ ဒေါ်တင်တင်ရီ(စံရှားပွဲရုံ၊ ဘုရင့်နောင်)တို့၏ မောင်၊ မမိမိသောင်း၏ အစ်ကိုသည် ၂၄-၂-၂၀၀၄ (အင်္ဂါနေ့) နံနက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၆-၂-၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကျောင်း၊ ရဟန်းဒါယကာကြီး

ဦးကြီးငွေ(၇၈)နှစ်

ခါတော်မှီဆန်စက်

(ဖျာပုံ)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၅)၊ (၁၄)လမ်းနေ ခါတော်မှီဆန်စက်ပိုင်ရှင်(ဦးခိုင်စိုး-ဒေါ်သန်း)တို့၏ သား၊ ဒေါက်တာမြမြဦး ဒု-ပါမောက္ခချုပ် (Y.T.U)၊ ဒေါက်တာသန်းထွန်းဝေ-ဒေါ်နုနုစိန်၊ ဒေါက်တာခင်ညို- ဒေါက်တာမိမိစိန်၊ ဦးအေးလွင်-ဒေါ်သူသူစိုး၊ ဦးဖုန်းမြင့်-ဒေါ်တင်တင်စိန်၊ ဒေါ်အေးအေးစိန်၊ ဦးငွေလွင်-ဒေါ်မြင့်မြင့်စန်း၊ ဒေါ်ရင်ရင်မြင့်(စာရင်းစစ်မှူး)၊ ဦးဇော်ဝင်း၊ ဒေါ်လှလှမြင့်(အထက-၃၊ ဖျာပုံ)၊ ဒေါ်ဝင်းဝင်းမြင့်၊ ဦးဇော်မင်း၊ ဦးခင်မောင်အေး၊ ဒေါ်မူမူမြင့်၊ ဒေါ်သန်းသန်းဝင်း၊ဦးချိုအေး-ဒေါက်တာခင်လှဝင်းတို့၏ ဦးလေး၊ ဒေါ်နှင်းနှင်းအေး(အမက-၆၊လမ်းမတော်)၊ဒေါက်တာဥမ္မာအေး(ဆေး-၂)၊ဦးဝင်းမောင်-ဒေါ်အိသီတာဆွေ၊ ဦးဝင်းဇော်ဦး-ဒေါ်ဇာနည်မိုးတို့၏ ဘကြီးသည် ၂၃-၂-၂၀၀၄ရက် နံနက်၂:၃၀နာရီတွင် Green Cross အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၅-၂-၂၀၀၄ရက် မွန်းလွဲ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် ပါမည်။(နေအိမ်မှကားများနံနက်၁၁:၃၀နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

မမြင့်မြင့်တင် (၃၆)နှစ်

ရန်ကုန်မြို့တော်စည်ပင်သာယာ ဗဟိုကုန်ရုံ(ငြိမ်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ (၂၄)ရပ်ကွက်၊ ကန်သာယာလမ်း၊ အမှတ်(၈၁၅)နေ ဦးတင်ဦး(ဌာနခွဲမှူး၊ ငြိမ်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာ)၊ (ဒေါ်သန်းမြင့်)၊ဒေါ်မေမေထွန်း(မီးအာမခံဌာန)တို့၏ သမီး၊ ဒေါ်မြင့်မြင့်ဦး(ကထိက၊သတ္တဗေဒဌာန၊ဒဂုံတက္ကသိုလ်)၊ ဗိုလ်မှူးတင်မောင်သန်း-ဒေါ်ပြုံးပြုံးထွန်းတို့၏ညီမ၊ ကိုတင်မောင်မြင့်၊ ကိုတင်မြင့်ထွေးတို့၏ အစ်မ၊ (ကိုအောင်နိုင်)၏ဇနီး၊ မအိသဥ္ဇာဦး (စတုတ္ထတန်း-B၊ အထက-၂၊ဒဂုံ)၏ မိခင်၊ တူ၊ တူမနှစ်ယောက်တို့၏ အဒေါ်သည် ၂၃-၂-၂၀၀၄ရက် (တနင်္လာနေ့)နံနက်တွင် ကွယ်လွန်ပါ၍ ၂၅-၂-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဆွာကျင်းဝေ(ခ)ဦးမောင်ချစ်

အသက်(၉၀)

(ကျောက်တန်း)

ကျောက်တန်းမြို့၊ အလယ်ပိုင်းရပ်ကွက်နေ (ဒေါ်ကျင်မွေး)၏ ခင်ပွန်း၊ [ဦးကြည်ခင်(ခ) ဦးမွန်ဝုက်]-ဒေါ်စွမ်တီ၊ ဦးဟန်စိန်(စိန်နဂါးဆေးဆိုင်)-ဒေါ်မြရီ၊ ဦးဉာဏ်ထွန်း-ဒေါ်ကြူကြူ၊ ဒေါ်စန်းစန်းထွေး(ခ)ဒေါ်ရှု၏ ကျေးသဖခင်သည် ၂၄-၂-၂၀၀၄(အင်္ဂါနေ့) ညနေ ၅:၁၀နာရီတွင် ကျောက်တန်းမြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၆-၂-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် အနောက်ပိုင်းတရုတ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (ကျောက်တန်းမြို့နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ညွှန့်ရီ (၈၃)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေး(မြောက်)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၁၈၃/က)နေ ဦးထွန်းဖေ၊ ဒေါ်စိန်ညွန့်တို့၏ သမီး၊ ဦးလှဖေ-ဒေါ်တင်ဦးတို့၏အစ်မ၊ တရားရုံးချုပ်ရှေ့နေ ဦးတင်မင်း-(ဒေါ်အေးအေး၊ အိုးအိမ်)၊ ဒေါ်ခင်ခင်မြ၊ ဦးမြင့်လွင်ဦး(ကလေးဆေးရုံကြီး၊ သွေးဘဏ်)-ဒေါ်ခင်လှလှ၊ ဦးတင်ဝင်း-ဒေါ်ထွေးထွေးမာ(လဝက)၊ဒေါ်ခင်ခင်စိန်(MEPE)၊ ဒေါ်နုနုယဉ်(MEPE)၊ ဦးတင်အေး-ဒေါ်လွင်လွင်အေး(ပြည်ပဆက်သွယ်ရေး)တို့၏ အဒေါ်၊ ဗိုလ်လောင်းရွှေသွေး(နောက်ဆုံးနှစ်၊ တပ်မတော်နည်းပညာတက္ကသိုလ်)၏ အဘွားသည် ၂၄-၂-၂၀၀၄ရက် နံနက် ၆နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၂-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးအေးမောင်ကြည်

အသက်(၈၀)

(ကျောက်ပန်းတောင်း)

ကျောက်ပန်းတောင်းမြို့၊ လွတ်လပ်ရေးရပ်၊ စာပေမဏ္ဍိုင်လမ်းနေ (ဝတ်လုံတော်ရဦးနီ-ဒေါ်ခင်လတ်)တို့၏ သား၊ အထည်ကုန်သည် (ဦးဘရွှေ-ဒေါ်စော)တို့၏ သားသမက်၊ (ဒေါ်ခင်စိန်)၏ ခင်ပွန်း၊ (ဦးစိုးဝင်းမောင်)-ဒေါ်တင်မေစီ၊ ဒေါ်ခင်နှင်းဝေ(စာရင်းစစ်မှူး)၊ (ဦးစိုင်းနေဝင်း)-ဒေါ်ခင်ယုမေ၊ ဦးရဲထွဋ်(2[nd] Engineer)-ဒေါ်ဆွေဆွေ(တရားရုံးချုပ်ရှေ့နေ)၊ ဦးမောင်မောင်သွင်-ဒေါ်ရွှေညိုတို့၏ မွေးသဖခင်၊ မြေး ၁၁ယောက်တို့၏ အဘိုးသည် ၂၄-၂-၂၀၀၄ (အင်္ဂါနေ့) နံနက် ၈နာရီတွင် အမှတ်(၁၀၄)၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်တွင် ကွယ်လွန်သွားပါ၍ ၂၆-၂-၂၀၀၄ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကျုံမငေးအသင်း

ဦးလှထွန်း (၅၇)နှစ်

အတွင်းရေးမှူးဟောင်း

အသင်းသားမှတ်-၇

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ဗညားဒလလမ်း၊ ကျောက်မြောင်း၊ အမှတ်(၄၀၂/A)နေ (ဦးလှမောင်)-ဒေါ်ခင်ညွန့်တို့၏ သား၊ ဒေါ်ခင်မေစီ၏ ခင်ပွန်း ဦးလှထွန်းသည် ၂၃-၂-၂၀၀၄(တနင်္လာနေ့) နံနက် ၆ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်ပါ၍ ၂၅-၂-၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ အသင်းသားများလိုက်ပါ ပို့ဆောင်ကြပါရန်။(အသင်းမှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။)အမှုဆောင်အဖွဲ့။

ဦးမျိုးဦး (၄၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ (၁၆၆)လမ်း၊ အမှတ်(၁၆)နေ (ဦးလှထွန်း)-ဒေါ်သန်းမြတို့၏ သားသမက်၊ ဒေါ်စန်းစန်းရီ-ဗိုလ်မှူးချိုဝင်း(တွဲဖက်အတွင်းရေးမှူး၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဧရာဝတီတိုင်း)၊ဦးစိန်ဝင်းအောင်(M.T.M)-ဒေါ်မာရီနွဲ့၊ ဦးစိန်ဝင်းမောင်(GEWIN)-ဒေါ်တင်တင်ဝင်း၊ ဒေါ်စီစီမာ-ဦးတင်မောင်မြင့်(Monsoon)၊ ဒေါ်အေးအေးမာ-ဦးဝင်းမော်(GEWIN)၊ ဒေါ်ရီရီမာ၊ ဦးမိုးသန်းထွန်း(Eastwind)- ဒေါ်သီသီလှိုင်တို့၏ ညီ/အစ်ကို၊ ဒေါ်မြင့်မြင့်ရီ၏ခင်ပွန်း၊မောင်နောင်လတ်(GEWIN)၊ မောင်မျိုးသူရ(ဆဋ္ဌမတန်း-ခ၊ အလက-၁၊ ဒဂုံ)တို့၏ ဖခင် ဦးမျိုးဦးသည် ကွယ်လွန်သွားပါသည်။ ကွယ်လွန်သူအားရည်စူး၍ တာမွေမြို့နယ်၊ (၁၆၆)လမ်း၊ အမှတ်(၁၆)နေအိမ်၌ ၂၉-၂-၂၀၀၄ရက်တွင် ရက်လည်ဆွမ်းကျွေး တရားနာမည်ဖြစ်ကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ဘဒ္ဒန္တ ပဏ္ဍာဝံသမဟာထေရ်

သိက္ခာတော်(၇၂)ဝါ၊ သက်တော်(၉၁)နှစ်

ပဲခူးတိုင်း၊ ပဲခူးမြို့နယ်၊ ကျောက်တန်းကျေးရွာ သီရိမင်္ဂလာမဟာဗောဓိရွှေကျင်တိုက်၏ ပဓာနနာယက၊ သီရိမင်္ဂလာမဟာဗောဓိရွှေကျင်ဂိုဏ်း၏ ဂိုဏ်းချုပ်၊ ရဋ္ဌာဘိုမဟာဂုဏ လင်္ကာရပေသလ သိက္ခာကာမ ဖြစ်တော်မူသော ဘဒ္ဒန္တ ပဏ္ဍာဝံသအရှင်သူမြတ်သည် တပေါင်းလဆန်း ၄ရက်၊ ၂၃-၂-၂၀၀၄ (တနင်္လာနေ့)တွင် ပျံလွန်တော်မူရာ၊ တပေါင်းလဆန်း ၁၂ရက်၊ ၂-၃-၂၀၀၄(အင်္ဂါနေ့)တွင် သီရိမင်္ဂလာမဟာဗောဓိရွှေကျင်တိုက်၌ အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာတော်များနှင့် ဒါယကာ ဒါယိကာမအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ။

ခရစ်တော်၌အိပ်ပျော်ခြင်း

ပါမောက္ခDr.အောင်သူ(ခ)

Michael လှအေး (၆၄)နှစ်

ပါမောက္ခ/ဌာနမှူး(အငြိမ်းစား)၊ ခန္ဓာဗေဒဌာန ဆေးတက္ကသိုလ်(မန္တလေး)

ရန်ကုန်မြို့နေ [ဝဏ္ဏကျော်ထင်ဦး Bလိုင်နန်-ဒေါ်အေးကြည်(ခ)Ivy]တို့၏ တစ်ဦးတည်းသော သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အေးရိပ်သာ(၁)လမ်း၊ အမှတ်(၅၄)နေ ဒေါက်တာRenee မြင့်မြင့်ခင်၏ ခင်ပွန်း၊ ကိုကျော်ဝင်း(ခ)Marshall-မမင်းမင်းသူ၊ ကိုထွန်းထွန်းလှိုင်-ဒေါက်တာဇင်ဇင်သူ(သုတေသနအရာရှိ၊ ဆေးသုတေသန၊ အောက်မြန်မာပြည်)၊ မောင်မြတ်အောင်သူ(IT Dept,Traders Hotel)၊ မောင်ထွန်းအောင်သူတို့၏ မွေးသဖခင်၊ မောင်ရှင်းသန့်ထွန်းအောင်၊ မောင်ကျော်သူတို့၏ အဘိုးသည် ၂၃-၂-၂၀၀၄ရက် ည ၉:၁၅နာရီတွင် အထက်ပါနေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၅-၂-၂၀၀၄ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစန်းလွင်(ခ)ဦးနီတွတ်

အသက်(၆၃)နှစ်

အကောက်ခွန်(ငြိမ်း)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း၊ အမှတ်(၃၈) ခြောက်လွှာနေ (သီရိပျံချီဦးညီညီ သမဝါယမမင်းကြီး၊ ငြိမ်း၊ ကုလသမဂ္ဂအကြံပေးပါရဂူ၊ ငြိမ်း-ဒေါ်ကျော့တင်)တို့၏ ဒုတိယသား၊ (ဦးထွန်းစိန်-ဒေါ်ခင်ဝင်း)တို့၏ သားသမက်၊ ဦးအောင်ဆန်း-ဒေါ်ခင်စန်းမြင့်တို့၏ ညီ၊ ဒေါ်ညွန့်ညွန့်၊ ဦးရှိန်းလွင်-ဒေါ်ခင်ဖြူဖြူ၊ (ဦးသန်းလွင်)-ဒေါ်တင်တင်ပြုံး၊ (ဦးညွန့်လွင်)-ဒေါ်ငွေငွေရီတို့၏ အစ်ကို၊ ဒေါ်ဝါဝါလွင်(ခ) ဘက်တီလင်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးညီညီဝင်း၊ ဦးဝင်းလွင်ဦး(Sunrise Co.)-ဒေါ်ဆွေဆွေတင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊မောင်ရဲရင့်နိုင်(အမက-၇၊ တာမွေ)၊ မောင်မင်းသန့်နိုင်တို့၏အဘိုးသည် ၂၄-၂-၂၀၀၄ (အင်္ဂါနေ့) နံနက် ၈:၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၂-၂၀၀၄ (ကြာသပတေးနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးလှထွန်း (၅၇)နှစ်

အလက-၃၊ တာမွေ၊

အထက-၅၊ မင်္ဂလာတောင်ညွန့်

(စိန့်မိုက်ကယ်ကျောင်းသားဟောင်း)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ဗညားဒလလမ်း၊ အမှတ်(၄၀၂/A)နေဦးလှထွန်း အတွင်းရေးမှူး၊ (အလက-၃၊တာမွေ၊ အထက-၅၊ မင်္ဂလာတောင်ညွန့်၊ စိန့်မိုက်ကယ်ကျောင်းသားဟောင်း)သည် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ၂၃-၂-၂၀၀၄ရက်နံနက် ၆နာရီတွင် ကွယ်လွန်ပါ၍ ၂၅-၂-၂၀၀၄ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ကျောင်းသား၊ ကျောင်းသူဟောင်းများ လိုက်ပါပို့ဆောင်ကြပါရန်။ (ဗညားဒလလမ်းနေအိမ်မှ ကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ပါမည်။)

စိန့်မိုက်ကယ်ကျောင်းသားဟောင်းများ။

ကိုနိုင်လင်း (၃၅)နှစ်

ထိပ်တန်းအောင်ဆန်ဆိုင်ပုဇွန်တောင်ဈေး

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျိုက်တော်ရပ်ကွက်၊ အမှတ်(၄၀)၊ ကျိုက်တော်လမ်းနေ (ဦးကြင်)-ဒေါ်သန်းမြင့်တို့၏သား၊ ခရမ်းမြို့နယ်၊ ကမာချိုက်ကျေးရွာနေ ဦးမြသန်း-ဒေါ်လှကြည်တို့၏ သားသမက်၊ ကိုမျိုးမင်း-မသီဇင်မွေး၊ ကိုစိုးထွဋ်-မသီတာခင်၊ ကိုစိုးနိုင်-မခင်ခင်ဖြူတို့၏ ညီ/မောင်၊ မခင်ခင်မြင့်၏ ခင်ပွန်း၊ မသူဇာဖြူ၊ မနှင်းဝတ်ရည်တို့၏ ဖခင်သည် ၂၃-၂-၂၀၀၄ရက် ၁၀:၄၅နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၇-၂-၂၀၀၄ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [အမှတ်(၁၀၄)၊ ငါးလွှာ၊ မြောင်းကြီးလမ်း၊ (၉)ရပ်ကွက်၊ပုဇွန်တောင်နေအိမ်နှင့် ပုဇွန်တောင်ဈေးမှကားများ မွန်းလွဲ၁၂:၄၅နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း

ဦးအီစမာအီလ်(ခ)

ဦးကြည် (၈၆)နှစ်

(မြင်းမူ၊ ဗန်းမော်)

ငါန်းဖွန်းမြို့နေ(ဦးမေဒင်-ဒေါ်စိမ်းညို)တို့၏ သား၊ ဗန်းမော်မြို့၊ အလယ်ရပ်၊ [ဒေါ်ဂျမီလာ(ခ)ဒေါ်မြဝင်း]၏ခင်ပွန်း၊ မန္တလေးမြို့၊ မဟာမြိုင်(၁)ရပ်ကွက်နေ ရှေ့နေ ဦးခင်မောင်ငွေ-ဒေါ်ငွေငွေ(ဗစ်တိုရီးယားအလှငါး)၊ မြင်းမူမြို့နေ ဦးခင်မောင်အေး-ဒေါ်ခင်မြရီ(ဓေတ်လိုက်ပရိဘောဂတိုက်)၊ ဗန်းမော်မြို့နေ ဒေါ်ခင်မြအေး၊ ဒေါ်မိုးမိုးအေး(ဆိုင်ကယ်ပြုပြင်ရောင်းဝယ်ရေး)တို့၏ ဖခင်၊ မြေး ၁၇ယောက်၊မြစ်လေးယောက်တို့၏အဘိုးသည် ၅-၂-၂၀၀၄(သောကြာနေ့) ညနေ ၄:၁၀နာရီတွင် အလ္လာသျှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် ၆-၂-၂၀၀၄ ရက်တွင် မန္တလေးမြို့၊ကြာနီကန်အင်္ကြင်း ဥယျာဉ်တော်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးလှထွန်း(၅၇)နှစ်

ဇေယျာကျော်ရုပ်ရှင်ဖြန့်ချိရေး

(အတွင်းရေးမှူး)

မုံလယ်တောရမွေရိပ်သာ

(၁၀)မိုင်ကုန်း၊ပဲခူး

စိန့်မိုက်ကယ်ကျောင်းသားဟောင်း

ရွှေတောင်တန်း၊ ကျုံမငေးမြို့

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ဗညားဒလလမ်း၊ ကျောက်မြောင်း၊ အမှတ်(၄၀၂-A)နေ (ဦးလှအောင်)-ဒေါ်ခင်ညွန့်တို့၏ သား၊(ဦးလေးမောင်-ဒေါ်သောင်းသောင်း)တို့၏သားသမက်၊ ဒေါ်ခင်မေစီ၏ခင်ပွန်း၊ မအိဖြူထွန်း (Yoma Bank)၊ မောင်ကျော်ဇေယျာထွန်း၊ မောင်စိုးငြိမ်းကျော်တို့၏ဖခင်သည် ၂၃-၂-၂၀၀၄ရက် နံနက်၆နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးတွင် ကွယ်လွန်ပါ၍ ၂၅-၂-၂၀၀၄ရက် ညနေ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်လှလှထွေး (၃၄)နှစ်

ချစ်ကောင်းကဖီး(သန်လျင်မြို့)

ရန်ကုန်တိုင်း၊သန်လျင်မြို့နယ်၊မြို့ဟောင်း အနောက်ရပ်ကွက်နေ (ဦးမောင်မောင်ညွန့်-ဒေါ်ထွေးကျင်)တို့၏ သမီး၊ သန်လျင်မြို့၊အမှုထမ်းရပ်ကွက်၊ သုခလမ်း၊ အမှတ်(၇)နေ ဦးလှရွှေ-ဒေါ်ခင်စိန်တို့၏သမီးချွေးမ၊ ဦးခင်အောင်ဝင်း၊ မလှလှသဇင်၊ ဦးစိန်ဝင်းနိုင်၊ မမိုးမိုးစပယ်၊ ဦးစည်သူ၊ ဦးထွန်းထွန်းဝင်းတို့၏ အစ်မ/ညီမ၊ သန်လျင်မြို့၊ မြို့ဟောင်းအနောက်ရပ်ကွက်နေ ဒေါ်အေးစိ၊ ဒေါ်သန်းအေး၊ ဦးဉာဏ်ဝင်း၊ ဦးကျင်စိ-ဒေါ်မိတို့၏ ညီမ၊ မြို့ဟောင်းအလယ်ရပ်ကွက်နေ ဦးလှမင်းနိုင်၏ ချစ်လှစွာသောဇနီး၊ မခင်စန္ဒာနိုင်၊ မသဲဖြူနိုင်တို့၏ မွေးသမိခင်သည် ၂၃-၂-၂၀၀၄ရက် နံနက်တွင် သန်လျင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၅-၂-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

လားရှိုးမြို့ မဟာမြတ်မုနိရုပ်ရှင်တော်နှင့် တိလောကဝိဇယ ဆုတောင်းပြည့်စေတီတော် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း ဖူးမြော်ကြည်ညို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း ရေကန်တောင်တော်ရှိ တိလောကဝိဇယ ဆုတောင်းပြည့်စေတီတော်အား ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့သည် အဖွဲ့ဝင်များနှင့်အတူ ဖေဖော်ဝါရီ ၂၂ရက် နံနက် ၈နာရီ ၄၅မိနစ်တွင် လားရှိုးမြို့ ဇေယျာဟေမကုန်းတော်ရှိ မဟာမြတ်မုနိရုပ်ရှင်တော်ကို ဖူးမြော်ကြည်ညိုကြသည်။

ရွှေသင်္ကန်းဆက်ကပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဂေါပကအဖွဲ့သို့ အလှူငွေများကို ပေးအပ်လှူဒါန်းပြီး မဟာမြတ်မုနိရုပ်ရှင်တော်အား ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြသည်။

ဆုတောင်းပြည့်စေတီ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ ဇနီး ဒေါ်မြမြစန်းနှင့် အဖွဲ့ဝင်များသည် ရေကန်တောင်တော်ရှိ တိလောကဝိဇယ ဆုတောင်းပြည့်စေတီတော်သို့ ရောက်ရှိကြပြီး စေတီတော်အား ဖူးမြော်ကြည်ညိုကြသည်။

စာမျက်နှာ ၉ ကော်လံ ၄ သို့ ▲

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ကူဝိတ်နိုင်ငံဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

ရန်ကုန် ဖေဖော်ဝါရီ ၂၅

၂၀၀၄ခုနှစ် ဖေဖော်ဝါရီလ ၂၅ရက်၌ ကျရောက်သော ကူဝိတ်နိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံမှ ကူဝိတ်နိုင်ငံ ဝန်ကြီးချုပ် ရှိတ် ဆာဘား အယ်လ်အာမက် အယ်လ်ဂျာဘား အယ်လ်ဆားဘားထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

ကျေးလက်ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်အောင် စေတနာအပြည့်အဝထား အားထုတ်ကြိုးပမ်း မှန်မြတ်သော လုပ်ငန်းတာဝန်အပေါ် ဂုဏ်ယူပီတိစိတ်မွေးမြူပြီး ပြည်သူ၏ တုံ့ပြန်မေတ္တာကို ထိုက်တန်စွာခံယူ ပြည်သူများ ကျန်းမာကြံ့ခိုင်သန်စွမ်းပြီး လက်ရုံးရည်၊ နှလုံးရည် ပြည့်ဝစေအောင် နွေးထွေးကြင်နာစွာ ပြုစုစောင့်ရှောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၄

မြန်မာနိုင်ငံ သူနာပြုအသင်း (၄၉)ကြိမ်မြောက် သူနာပြုညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်ခန်းမ၌ ကျင်းပရာ အမျိုးသား ကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားကျန်းမာရေးကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✪

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ မြန်မာနိုင်ငံ သူနာပြုအသင်း(ဗဟို)က ဆောင်ရွက်လျက်ရှိသော လူထုအခြေပြုအိမ်တွင်းပြုစုမှု လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ သူနာပြုအသင်းများ၏ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ဆောင်ချက် မှတ်တမ်းဓာတ်ပုံပြခန်းကို ကြည့်ရှုကြစဉ်။

(သတင်းစဉ်)